# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် | ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၅ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၅)၊ အမှတ်(၀၃၆)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ရက်ကန်းအဖွဲ့ ၁၅ ဖွဲ့မှ ရက်လုပ်စပ်ချုပ်သီလွှမ်းထားသည့် မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို ဆက်ကပ်လှူဒါန်းစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မသိုးရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၄

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ၂၀၂၅ ခုနှစ် တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် မင်္ဂလာအချိန်တွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ မသိုးရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❖



ယနေ့ *ဖတ်စရာ*

**တောင်ကြီးတန်ဆောင်တိုင်ပွဲတော် မီးပုံးပျံပြိုင်ပွဲများ ရက်တိုးမြှင့် ဆက်လက်ယှဉ်ပြိုင်မည်**

ပြည်တွင်းသတင်း စာ ၁၁



**အင်ဒိုနီးရှားနိုင်ငံသို့ နိုင်ငံတကာခရီးသွား ၁၁ ဒသမ ၄၃ သန်း ဝင်ရောက်**

နိုင်ငံတကာသတင်း စာ ၁၄



# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်



ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

❖ ရွှေဖုံးမှ



သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ရှိပုဂ္ဂိုလ်များက မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံ၍ ရေပန်းရင်ပြင်တော်မှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရင်ပြင်တော်သို့ ပင့်ဆောင်စဉ်။

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ ဖွင့်လှစ်ကြပြီး "ဗုဒ္ဓံသရဏံ ဂစ္ဆာမိ" အစချီသည့် အရိယာသာဝိတ္ထိ ဂါထာတော်ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆို ပူဇော်ကြသည်။ ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ရှိပုဂ္ဂိုလ်များက မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံ၍ ရေပန်းရင်ပြင်တော်မှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်သို့ ပင့်ဆောင်ကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ကာ ဆက်ကပ်ပူဇော်မည့်နေရာသို့ ပင့်ဆောင်ကြသည်။ ထိုသို့ပင့်ဆောင်နေချိန်၌ ဝတ်အသင်းအဖွဲ့များက ဘုရားဂုဏ်တော်ကိုးပါး ပါဠိကို ရွတ်ဆိုပူဇော်ကြသည်။

ယင်းနောက် မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို လေးခေါက်ခေါက်ခြင်း၊ ထပ်၍ စုစည်းခြင်းများကိုဆောင်ရွက်ကြပြီး ရွှေကြာကလပ်တော်ပေါ်သို့ ပင့်ဆောင်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ သစ်သီးပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးများကပ်လှူပူဇော်ပြီး နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ရက်ကန်းအဖွဲ့ ၁၅ ဖွဲ့မှ ရက်လုပ်စပ်ချုပ်သီလွှမ်းထားသည့် မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မသိုးရွှေကြာသင်္ကန်းတော်များအား ဥပါသကာများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏လက်တော်ပေါ်သို့ဆက်လက် ဆက်ကပ်ပူဇော်သည်။

ထိုသို့ ဆက်ကပ်ပူဇော်နေချိန်တွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး ဦးဆောင်သော ဘုရားဒါယကာ၊ ဒါယိကာမများက ဘုရားဂုဏ်တော်၊ ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိ၊ ပရိတ်၊ မေတ္တာပို့လင်္ကာများကို ရွတ်ဆိုပွားများ ပူဇော်ကြသည်။

ယင်းနောက် သမ္မာဒေဝနတ်ကောင်းနတ်မြတ်များနှင့် သုံးဆယ့်တစ်ဘုံသားတို့အား မေတ္တာပို့၍ ကုသိုလ်အမျှပေးဝေကြကာ အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။



သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ရှိပုဂ္ဂိုလ်များက မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံ၍ ရေပန်းရင်ပြင်တော်မှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရင်ပြင်တော်သို့ ပင့်ဆောင်စဉ်။

ဗုဒ္ဓဘာသာမြန်မာလူမျိုးများ၏ ထုံးတမ်းစဉ်လာတွင် မသိုးသင်္ကန်း ရက်လုပ်ဆက်ကပ်လှူဒါန်းခြင်းများကို တန်ဆောင်မုန်းလအခါသမယတွင် ကျင်းပပြုလုပ်လေ့ရှိပြီး လပြည့်နေ့မတိုင်မီ အဖိတ်နေ့ညနေပိုင်းတွင် သင်္ကန်းတော်များကို စတင်ရက်လုပ်၍ လပြည့်နေ့ အရုဏ်မတက်မီအချိန် အပြီးချုပ်လုပ်ကာ မြတ်စွာဘုရားရှင်အားရည်မှန်း၍ ကပ်လှူပူဇော်ကြခြင်းဖြစ်ကြောင်း၊ မသိုးသင်္ကန်းရက်လုပ်ဆက်ကပ်လှူဒါန်းခြင်းများကို နှစ်စဉ် နိုင်ငံအဝန်း အမြို့မြို့အနယ်နယ်၌ စည်ကားသိုက်မြိုက်စွာကျင်းပလေ့ရှိကြပြီး ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌လည်း နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး ဦးဆောင်သော ခုနစ်ရက်သားသမီးများက မသိုးရွှေကြာသင်္ကန်းတော်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ကြခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသမှ နိုဗိုစီဗစ် "Chaldony" State Song and Dance Ensemble အဖွဲ့မှ "မဟာရုရှားနှင့်ဆိုက်ဘေးရီးယား" အမည်ရသည့် ပဒေသာကပွဲ ဖျော်ဖြေကပြနေမှုကို ကြည့်ရှုအားပေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ် "Chaldony" State Song and Dance Ensemble အဖွဲ့မှ ဂုဏ်ပြုဖျော်ဖြေသည့် ပဒေသာကပွဲသို့ တက်ရောက်ကြည့်ရှုအားပေး



**နေပြည်တော် နိုဝင်ဘာ ၄**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသမှ နိုဗိုစီဗစ် "Chaldony" State Song and Dance Ensemble အဖွဲ့မှ "မဟာရုရှားနှင့် ဆိုက်ဘေးရီးယား" အမည်ရသည့် ပဒေသာကပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)(MICC-1)၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး နှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ "မဟာရုရှားနှင့် ဆိုက်ဘေးရီးယား" အမည်ရသည့် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားကို နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများ ဖွင့်လှစ်ကာ အလေးပြု၍ ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသမှ ထင်ရှားသည့် "Chaldony" State Song and Dance Ensemble အဖွဲ့မှ တင်ဆက်မည့်ဖျော်ဖြေပွဲတွင် အားလုံးကို ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် ယနေ့ နေ့လယ်ခင်းသည် အဓိပ္ပာယ်ပြည့်ဝပြီး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် အချိန်အခါလည်း ဖြစ်ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံသည် ယဉ်ကျေးမှု၊ ပညာရေးနှင့် အနုပညာအပါအဝင် ကဏ္ဍပေါင်းစုံ၌ အပြန်အလှန်လေးစားမှု၊ နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အပေါ် အခြေခံပြီး ခိုင်မြဲသည့် သံတမန်ဆက်ဆံမှုကို တည်ထောင်ခဲ့သည်မှာ နှစ်ပေါင်း(၇၇)နှစ်ပြည့်မြောက် ကျော်လွန်လာခဲ့ပြီဖြစ်ကြောင်း။

ကာကွယ်ရေး၊ ပညာရေး၊ သိပ္ပံ၊ နည်းပညာ၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုအပါအဝင် နယ်ပယ်များစွာ၌ အပြန်အလှန်လေးစားမှု၊ နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အပေါ် အခြေခံပြီး မိမိတို့ နှစ်နိုင်ငံသည် ဆယ်စုနှစ်များစွာ ကြာရှည်ခိုင်မာသည့် ဆက်ဆံရေးကို တည်ဆောက်ထားပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း နိုဗိုစီဗစ်နှင့် မြန်မာအကြား ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

၂၀၂၅ ခုနှစ်၊ မတ်လအတွင်း မိမိအနေဖြင့် ရုရှားနိုင်ငံကို သွားရောက်ခဲ့သည့်ခရီးစဉ်၌ အဆွေတော်နှင့် တွေ့ဆုံခဲ့စဉ် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်နိုင်ရေး ဖိတ်ကြားခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ သာယာလှပမှုနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ကိုယ်တိုင်ကိုယ်ကျ ခံစားရှုမြင်ပြီးဖြစ်သည်ဟု ယုံကြည်ကြောင်း။

နိုဗိုစီဗစ်ဒေသ ကိုယ်စားလှယ်အဖွဲ့တွင် ပါဝင်လာသည့် "Chaldony" State Song and Dance Ensemble ၏ ယနေ့ဖျော်ဖြေပွဲမှတစ်ဆင့် နိုဗိုစီဗစ်ဒေသ၏ အနုပညာရသနှင့် ဆိုက်ဘေးရီးယန်းအနုပညာများကို မိမိတို့ မြန်မာများ ကြည့်ရှုခံစားနိုင်ရုံသာမက နှစ်နိုင်ငံပြည်သူများ အချင်းချင်းအကြား ခိုင်မြဲသည့်ချစ်ကြည်ရင်းနှီးမှုကိုလည်း ထပ်လောင်းအတည်ပြုနိုင်မည်ဖြစ်ကြောင်း။

> ❑ **နိုဗိုစီဗစ်ဒေသ ကိုယ်စားလှယ်အဖွဲ့တွင် ပါဝင်လာသည့် "Chaldony" State Song and Dance Ensemble ၏ ယနေ့ဖျော်ဖြေပွဲမှတစ်ဆင့် နိုဗိုစီဗစ်ဒေသ၏ အနုပညာရသနှင့် ဆိုက်ဘေးရီးယန်းအနုပညာများကို မိမိတို့ မြန်မာများ ကြည့်ရှုခံစားနိုင်ရုံသာမက နှစ်နိုင်ငံပြည်သူများအချင်းချင်းအကြား ခိုင်မြဲသည့် ချစ်ကြည်ရင်းနှီးမှုကိုလည်း ထပ်လောင်းအတည်ပြုနိုင်မည်ဖြစ်**

အနုပညာဆိုသည်မှာ လူသားတို့၏ယဉ်ကျေးမှုနှင့်စိတ်ဝိညာဉ်ကို ဖော်ပြလျက်ရှိကြောင်း၊ အနုပညာသည် အတားအဆီးအားလုံးကို ကျော်ဖြတ်ပြီး အလှတရား၊ သဟဇာတဖြစ်မှုနှင့် ငြိမ်းချမ်းမှုတို့ကို မျှဝေခံစားစေခြင်းဖြင့် လူသားအားလုံးကို ချစ်ကြည်ရင်းနှီးမှုဖြင့် ပေါင်းစည်းပေးပါကြောင်း၊ ထို့ကြောင့် ယနေ့ဖျော်ဖြေပွဲသည် ယဉ်ကျေးမှုဖလှယ်ရေး၊ ဖျော်ဖြေရေးသက်သက်သာမဟုတ်ဘဲ မိမိတို့ နှစ်နိုင်ငံအကြား နွေးထွေးရင်းနှီးသည့် ဆက်ဆံရေးကို များစွာ အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း။

ထို့ကြောင့် အားလုံးအတွက် တေးဂီတ၊ ခင်မင်မှု၊ ပျော်ရွှင်မှုများဖြင့် ပြည့်နှက်နေသည့် မင်္ဂလာအချိန်အခါဖြစ်ပါစေဟု ဆုတောင်းလိုက်ပါကြောင်း၊ ယနေ့ဖျော်ဖြေပွဲမှသည် ရှေ့ဆက်၍ မိမိတို့ဒေသများအကြား ဆက်လက်ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုအတွက် စိတ်အားထက်သန်မှုများကို ထပ်လောင်းအားဖြည့်နိုင်ပါစေကြောင်းနှင့် မြန်မာနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသတို့အကြား ကောင်းမွန်ခိုင်မာပြီး နောင်မျိုးဆက်သစ်များစွာတိုင် ဆက်လက်ရှင်သန်ထွန်းကားပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးက နှုတ်ခွန်းဆက်စကား ပြန်လည်ပြောကြားရာတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဖိတ်ကြားမှုအရ ယခုကဲ့သို့ ထူးခြားလှပသည့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခွင့်ရရှိသည့်အတွက် စိတ်ရင်းမှန်ဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ ဆိုက်ဘေးရီးယားလူမျိုးများကို ဧည့်ဝတ်ကျေပွန်စွာ ကြိုဆိုဧည့်ခံမှု၊ မိမိတို့၏ ယဉ်ကျေးမှုနှင့်အနုပညာအပေါ် စိတ်ဝင်စားမှုများအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ဘာသာရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များသည် ကြွယ်ဝမှုနှင့်နက်ရှိုင်းမှုတို့၌ ထင်ရှား ပေါ်လွင်အံ့သြဖွယ်ရာဖြစ်ပြီး ယခုကဲ့သို့ ကြွယ်ဝမှုများသည် မြန်မာနိုင်ငံသားတို့၏ ရိုးသားပွင့်လင်းမှုများကို တွေ့မြင်စေရပါ ကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ နယ်မြေပေါ်တွင် လူမျိုးပေါင်းတစ်ရာ ကျော်မျှနေထိုင်ကြသော်လည်း၊ မိမိတို့ အားလုံးသည်တူညီသော သမိုင်းကြောင်းနှင့် တူညီသောကံကြမ္မာတို့ဖြင့် စည်းလုံးညီညွတ်လျက်ရှိပါကြောင်း။

"Chaldony" ဟူသောအမည်သည် မိမိတို့နိုင်ငံ၏ သမိုင်းနှင့် နက်ရှိုင်းစွာဆက်စပ်နေပြီး ရှေးဟောင်းဆိုက်ဘေးရီးယားလူမျိုးများ၊ ရုရှားလူမျိုးများ၊

*စာမျက်နှာ ၅ သို့*

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E. Mr. Andrey Aleksandrovich Travnikov ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့က ယနေ့ နံနက်ပိုင်းတွင် လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်ဦးလွင်၊ ဦးချစ်ဆွေ၊ ဒေါက်တာ ချောချောစိန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr. Iskander Azizov နှင့် နိုဗိုစီဗစ်ဒေသအစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသတို့အကြား ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့် အစိုးရအဖွဲ့ဝင်များ အနေဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း မြန်မာနိုင်ငံ၏ သာယာလှပမှု၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာမြင့်မားပြီး ခမ်းနားထည်ဝါမှုတို့ကို လေ့လာတွေ့ရှိခဲ့ရသည့်အပြင် မြန်မာနိုင်ငံအစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများကိုလည်း ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေများ၊ နိုဗိုစီဗစ်ဒေသသို့ ပြန်လည်ရောက်ရှိပါက မြန်မာနိုင်ငံ၏ သာယာလှပမှု၊ ခမ်းနားထည်ဝါမှုများကို နိုဗိုစီဗစ်ဒေသမှတစ်ဆင့် ရုရှားနိုင်ငံသူ၊ နိုင်ငံသားများ သိရှိနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ နှစ်ဖက်ဆွေးနွေးမှု ရလဒ်များကိုလည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင် အနေဖြင့်လည်း မြန်မာနိုင်ငံနှင့် ရုရှား ဖက်ဒရေးရှင်းနိုင်ငံအကြား၊ နိုဗိုစီဗစ်ဒေသတို့အကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေး လမ်းညွှန်မှာကြားထားရှိပြီး နိုဗိုစီဗစ်ဒေသ အစိုးရအဖွဲ့အနေဖြင့်လည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ။

မြန်မာနိုင်ငံနှင့် နိုဗိုစီဗစ်ဒေသတို့အကြား စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုဖလှယ်ရေး၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး စသည်တို့အပြင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအကြား၊ နိုဗိုစီဗစ်ဒေသတို့အကြား ထုတ်ကုန်ပစ္စည်းများ အပြန်အလှန်တင်ပို့၍ ကုန်သွယ်မှု မြှင့်တင်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံနှင့် နိုဗိုစီဗစ်ဒေသအပါအဝင် ရုရှားဖက်ဒရေးရှင်း နိုင်ငံတို့အကြား ယဉ်ကျေးမှုအဖွဲ့များ အပြန်အလှန် စေလွှတ်သွားမည့် အခြေအနေများ၊ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး ဦးဆောင်သည့် ယခုခရီးစဉ်သည် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအကြား၊ နိုဗိုစီဗစ်ဒေသတို့ အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေခဲ့ပြီး အောင်မြင်သည့်ခရီးစဉ်တစ်ခုဖြစ်ခဲ့သည့် အခြေအနေများနှင့် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည့် အခြေအနေများ၊ မကြာမီကာလအတွင်း မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ရွေးကောက်ပွဲကျင်းပပြီးချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းသွားမည်ဖြစ်သည့် အခြေအနေများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် နိုဗိုစီဗစ်ဒေသတို့ အနေဖြင့်လည်း မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အားပေးထောက်ခံလျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E. Mr. Andrey Aleksandrovich Travnikov လာရောက် ဂါရဝပြုတွေ့ဆုံစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E. Mr. Andrey Aleksandrovich Travnikov တို့ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

*စာမျက်နှာ ၄ မှ*

ဆိုက်ဘေးရီးယား၏ ပထမဆုံးအောင်နိုင်သူများကို ကိုယ်စားပြုပါကြောင်း၊ အဆိုပါ အဖွဲ့ဟာ ရိုးရာဓလေ့များကို ဂရုတစိုက် ထိန်းသိမ်းပြီး ဆိုက်ဘေးရီးယား၏ သီချင်းနှင့် ဂီတအမွေအနှစ်ကို ကိုယ်စားပြုပါကြောင်း၊ ယနေ့တွင် မိမိတို့အနေဖြင့် မြန်မာနိုင်ငံ၌ ဂုဏ်ယူစွာ ဖျော်ဖြေ တင်ဆက်ပေးမည်ဖြစ်ပြီး ဆိုက်ဘေးရီးယား ယဉ်ကျေးမှု၊ အနုပညာနှင့် အပျော်ရွှင်ဆုံးရင်းနှီးမှုရရှိပါစေရန် ဆုတောင်းအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ တက်ရောက်လာကြသူများသည် နိုဗိုစီဗစ် Chaldony State Song and Dance Ensemble အဖွဲ့မှ အနုပညာရှင်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်ကြရာတွင် နိုဗိုစီဗစ် Chaldony State Song and Dance Ensemble အဖွဲ့မှ အနုပညာရှင်များက အဆိုအကနှင့် ဂီတအနုပညာများကို သဟဇာတဖြစ်စွာဖြင့် ကြွယ်ဝများပြားလှသည့် ဂန္ထဝင်ပုံစံများ၊ ရိုးရာဓလေ့ပုံစံများကို အခြေခံ၍ ရုရှားရိုးရာတေးသီချင်းများ၊ ဆိုက်ဘေးရီးယားဒေသဂီတနှင့် တေးသီချင်းများကို ရင်သပ်ရှုမောဖွယ် လှုပ်ရှားမှုများဖြင့် တင်ဆက်ခဲ့ကြသည်။ ထို့ပြင် **“ပေါင်းမုန့်သည်အရာရာ”** ဟု အမည်ရသည့် တေးသီချင်းဖြင့် ဖျော်ဖြေ တင်ဆက်မှုအပြီး၌ နိုဗိုစီဗစ် Chaldony State Song and Dance Ensemble အဖွဲ့မှ အနုပညာရှင်များက နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့ထံသို့ ဧည့်ဝတ်ကျေပွန်မှုနှင့်ခင်မင် ရင်းနှီးမှုတို့ကို ကျေးဇူးတင်ရှိပြီး နွေးထွေးမှုနှင့် ပျော်ရွှင်မှုတို့ကို မျှဝေလိုသည့်အနေဖြင့် ရုရှားရိုးရာဓလေ့ထုံးတမ်းစဉ်လာဖြစ် သည့် ပေါင်မုန့်နှင့်ဆားတို့ကို ယူဆောင်၍ တည်ခင်းဧည့်ခံ ဂါရဝပြုကြသည်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov က အနုပညာဦးစီးဌာနမှ အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်စဉ်။

ဖျော်ဖြေပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့က နိုဗိုစီဗစ် Chaldony State Song and Dance Ensemble အဖွဲ့မှ အနုပညာရှင်များအား လည်းကောင်း၊ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးက သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များအား လည်းကောင်း ဂုဏ်ပြုပန်းခြင်းများကို ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးတို့သည် ယဉ်ကျေးမှုအထိမ်းအမှတ် လက်ဆောင်များကို အပြန်အလှန် ပေးအပ်ကြသည်။

ထို့နောက် နိုဗိုစီဗစ် Chaldony State Song and Dance Ensemble အဖွဲ့မှ အနုပညာရှင်များက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွက် အထူးဖန်တီးထားသည့် “လတ်တီး” သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ဖျော်ဖြေပွဲအခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ်၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

## အကောင်းဆုံးဆုရရှိသည့်အသင်းများအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်

**နေပြည်တော် နိုဝင်ဘာ ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ၂၀၂၅ ခုနှစ်၊ တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ရေပန်းရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**စည်ကားများပြားစွာ လာရောက်ကြည့်ရှု**

အခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့် ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E. Mr. Andrey Aleksandrovich Travnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်များ တက်ရောက်ကြပြီး ဘုရားဖူးလာရဟန်းရှင်လူပြည်သူများကလည်း စည်ကားများပြားစွာ လာရောက်ကြည့်ရှုကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ညမီးကြီး(ညမီးကျည်) မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် နေပြည်တော်စည်ပင်သာယာရေးကော်မတီကိုယ်စားပြုအသင်းအား ဆုဖလားချီးမြှင့်စဉ်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်ပေါ်သို့ ရောက်ရှိကြရာ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မီးရှူးမီးပန်းများ ပစ်ဖောက်ပူဇော်ကြပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် ဆီမီးများ အတူတကွ ထွန်းညှိပူဇော်၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့က သဒ္ဓါဓိပတိခေါင်းလောင်းတော်အား ထိုးခတ်ပူဇော်ကြကာ ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် အခမ်းအနားကျင်းပမည့် ရေပန်းရင်ပြင်တော်သို့ ရောက်ရှိကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E. Mr. Andrey Aleksandrovich Travnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် စိန်နားပန် မီးပုံးပျံလွှတ်တင်မှုနှင့် ညမီးကြီး မီးပုံးပျံများ လွှတ်တင်ပူဇော်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

မီးပုံးပျံများလွှတ်တင်ရန် ပြင်ဆင်မှုများ ဆောင်ရွက်နေချိန်နှင့် လွှတ်တင်နေချိန်တွင် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရိုးရာအကအလှများ၊ ယိမ်းအကအလှများ၊ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့် ကိုယ်စားလှယ်အဖွဲ့တို့သည်

*စာမျက်နှာ ၇ သို့*





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့် တက်ရောက်လာကြသူများ ညမီးကြီးမီးပုံးပျံလွှတ်တင်ပူဇော်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြစဉ်။






ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့် တက်ရောက်လာကြသူများ ရုရှား- မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ် မီးပုံးပျံလွှတ်တင်မှုကို ကြည့်ရှုအားပေးကြစဉ်။

*စာမျက်နှာ ၆ မှ*

ကျောက်စာရုံစေတီတော်များအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား မြန်မာ့ရိုးရာဓလေ့ထုံးတမ်းစဉ်လာများ၊ ခေတ်မီနည်းပညာများ ပေါင်းစပ်၍ ဗိသုကာလက်ရာမြောက်စွာ တည်ထားကိုးကွယ်ထားရှိမှုများကို ရှင်းလင်းပြောကြားသည်။

**လှပစွာလွှတ်တင်**

၎င်းနောက် ရုရှား- မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ်မီးပုံးပျံကို လွှတ်တင်ကြပြီး အဆိုပါ မီးပုံးပျံတွင် NOVOSIBIRSK စာသားကို လှပစွာချိတ်ဆွဲထားရှိပြီး ဝေဟင်ထက်သို့ လှပစွာဖြင့် လွှတ်တင်ခဲ့ကြသည်။

**ဆုများ ပေးအပ်ချီးမြှင့်**

ယင်းနောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ ကော်မရှင်အဖွဲ့ဝင်များက ညမီးကြီး (ညမီးကျည်)၊ စိန်နားပန် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတို့တွင် စည်းကမ်းလိုက်နာမှု အကောင်းဆုံးဆုများနှင့် အဖွဲ့လိုက် စည်းကမ်းအကောင်းဆုံးဆု၊ စက္ကူပသာဒ အကောင်းဆုံးဆုများနှင့် အဖွဲ့လိုက် သင်္ကန်းအားကြည်ညိုဖွယ်ရာဖြစ်အောင် ဖန်တီးမှုအကောင်းဆုံးဆု၊ ဆန်းသစ်တီထွင်မှု အကောင်းဆုံးဆုများနှင့် အဖွဲ့လိုက်ဝတ်စားဆင်ယင်မှု အကောင်းဆုံးဆု၊ မီးပုံးပျံအတက် အကောင်းဆုံးဆုများနှင့် အဖွဲ့လိုက် ချိတ်ဆက်ယှဉ်ပြိုင်မှုအကောင်းဆုံးဆု၊ မီးပုံးပျံ

*စာမျက်နှာ ၈ သို့*



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးတို့ ရုရှား- မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ် မီးပုံးပျံများ လွှတ်တင်ကြစဉ်။



ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ညမီးကြီး(ညမီးကျည်)မီးပုံးပျံလွှတ်တင် ပူဇော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနကိုယ်စားပြုအသင်းအား ဆုဖလားချီးမြှင့်စဉ်။



ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော စိန်နားပန် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား ဆုဖလားချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိန်နားပန်မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကိုယ်စားပြုအသင်းအား ဆုဖလား ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု အမရရွှေပြည်ရက်ကန်းစင်အသင်းအား ဆုဖလား ချီးမြှင့်စဉ်။

*စာမျက်နှာ ၇ မှ*

အတက်စံချိန် အကောင်းဆုံးဆုများနှင့် အဖွဲ့လိုက် ချုပ်ရိုးချုပ်သား အကောင်းဆုံးဆုရရှိသည့် အသင်းများအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ်က ညမီးကြီး(ညမီးကျည်)၊ စိန်နားပန်မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတို့တွင် မီးပုံးပျံပုံသဏ္ဌာန် အလှပဆုံးဆုများနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတွင် အဖွဲ့လိုက် ရက်လုပ်ထားသောသင်္ကန်းအထည်သားတည်ဆောက်မှု အကောင်းဆုံးဆုရရှိသည့် အသင်းတို့အားလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင်အမှုဆောင်ချုပ်က မှိုင်းခံစံချိန်အကောင်းဆုံးဆုများနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတွင် အဖွဲ့လိုက်ရက်ကန်းစင် ကိုင်တွယ်ရက်လုပ်မှု အကောင်းဆုံးဆုရရှိသည့် အသင်းတို့အားလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်က ညမီးကြီး၊ စိန်နားပန် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတို့တွင် တတိယဆုရရှိသည့် အသင်းများအားလည်းကောင်း ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌက ညမီးကြီး(ညမီးကျည်)မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနကိုယ်စားပြုအသင်း၊ စိန်နားပန်မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ဥပဒေရေးရာဝန်ကြီးဌာနကိုယ်စားပြုအသင်းနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ် ပူဇော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်ကိုယ်စားပြု မနောမြေရက်ကန်းစင်အသင်းတို့အား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ညမီးကြီး(ညမီးကျည်)မီးပုံးပျံလွှတ်တင် ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် နေပြည်တော်စည်ပင်သာယာရေးကော်မတီကိုယ်စားပြုအသင်း၊ စိန်နားပန်မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု အမရရွှေပြည်ရက်ကန်းစင်အသင်းတို့အား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

## ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ

ဆုချီးမြှင့်ပွဲအပြီးတွင် မီးရှူးမီးပန်းများ ပစ်ဖောက်၍ လတ်တီးတေးသီချင်းဖြင့် သီဆိုကပြ နှုတ်ဆက်ဖျော်ဖြေခဲ့ကြရာ ပြိုင်ပွဲဝင်အသင်းများမှ ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသမှ ဧည့်သည်တော်များက အတူတကွ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြသည်။

## ခင်မင်ရင်းနှီးစွာ နှုတ်ဆက်

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင် မီးထွန်းပွဲတော်သို့ လာရောက်ကြသူများအား ခင်မင်ရင်းနှီးစွာဖြင့် နှုတ်ဆက်ခဲ့ကြသည်။

## စည်ကားသိုက်မြိုက်စွာ ကျင်းပ

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်ပွဲတော်အခါသမယအဖြစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၂ ရက်မှ ၄ ရက်အထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ပွဲတော်ကာလအတွင်း ရုပ်ပွားတော်မြတ်ကြီးရင်ပြင်တော်၌ ဝတ်ရွတ်အသင်းများက ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ အလှုညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်း၊ မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ခြင်း၊ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်း အရောင်းဆိုင်ခန်းများ၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းပြသရောင်းချခြင်းတို့နှင့်အတူ နိုင်ငံတော်အနုပညာရှင်များကလည်း တေးဂီတနှင့် ဇာတ်သဘင်ဖျော်ဖြေပွဲများဖြင့် တင်ဆက်ခဲ့ကြပြီး စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသမှ ဧည့်သည်တော်များ ပြိုင်ပွဲဝင်အသင်းများမှ ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူ လတ်တီးတေးသီချင်းဖြင့် အတူတကွ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြစဉ်။

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
၅၃
ရက်
သာ လိုတော့သည်။

# တန်ဆောင်မုန်းလပြည့်နေ့(သာမညဖလအခါတော်နေ့)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ ပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညို၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်များ ကျင်းပပြုလုပ်

နေပြည်တော် နိုဝင်ဘာ ၄

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်များအနက် တစ်ရက်ဖြစ်သည့် တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့ ဖြစ်သည်နှင့်အညီ တန်ဆောင်တိုင်ပွဲတော်၊ မီးထွန်းပွဲတော်တို့ကို မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းတစ်ရပ်အဖြစ် လက်ဆင့်ကမ်းထိန်းသိမ်းပြီး နှစ်စဉ်ကျင်းပပြုလုပ်ကြသည်။

အဆိုပါနေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၌ ကထိန်လျာသင်္ကန်းကပ်လှူ၍ ကထိန်အလှူတော်မင်္ဂလာ ဆင်ယင်ခြင်း၊ ဒါနသီလဘာဝနာ ကုသိုလ်ယူဆည်းပူးပွားများခြင်း စသည့်သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ဆောင်ရွက်ကြပြီး ဘုရား၊ စေတီ၊ ပုထိုးများ၌လည်း စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုခြင်းများကို ပြုလုပ်ကြသည်။

ထိုသို့ မြန်မာ့ယဉ်ကျေးမှုပွဲတော်ကို ထိန်းသိမ်းဆင်နွှဲလျက်ရှိကြရာ နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်အတွင်းရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင်လည်း ယနေ့ညပိုင်းတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင်အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက စေတီတော်မြတ်အား ဆီမီးများ၊ ရောင်စုံမီးအလှများဖြင့် ထွန်းညှိပူဇော်ခြင်း၊ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ခြင်း၊ ဆီမီး(၁၀၀၀) ထွန်းညှိပူဇော်ခြင်းများဖြင့် တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့၊ တန်ဆောင်တိုင် မီးထွန်းပွဲတော်ကို ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲခဲ့ကြသည်။


နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲကြစဉ်။

အလားတူ တန်ဆောင်တိုင်မီးထွန်းပွဲတော် အထိမ်းအမှတ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ဝင်းအတွင်း၌လည်း လမ်း၊ အဆောက်အအုံများ၊ ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများဖြင့် မီးထွန်းပွဲတော်ကို သာယာလှပစွာ ရှုမငြီးဖွယ် ပြုလုပ်ထားရှိပြီး ပျော်ပွဲရွှင်ပွဲများကိုလည်း ပြုလုပ်ထားရှိရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများက စိတ်နှလုံးအေးချမ်းစွာဖြင့် ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲခဲ့ကြသည်။


တန်ဆောင်တိုင်မီးထွန်းပွဲတော်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း၌ ရောင်စုံမီးအလှများဖြင့် သာယာလှပစွာ ထွန်းညှိထားသည်ကို တွေ့ရစဉ်။

"တန်ဆောင်"မှာ မီးရှူး၊ မီးတိုင်၊ ဆီမီးဟု အဓိပ္ပာယ်ရပြီး "မုန်း" မှာ တောက်ပသည်ဟူသော အနက်ကိုယူ၍ ဝေါဟာရပေါင်းစည်းသည့်အခါ "ဆီမီးတိုင်များ မျက်စိတစ်ဆုံး ပွားများထွန်းလင်းနေသည်" ဟု ဆိုလိုသည်ဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိဘုရား၊ စေတီ၊ ပုထိုးများ၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်များ၊ ရှင်ဥပဂုတ္တမထေရ်မြတ်ပူဇော်ပွဲနှင့် မီးမျှောပူဇော်ပွဲများကို ကျင်းပခြင်း၊ မသိုးသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ဆွမ်းဆန်တော်လောင်းလှူခြင်းများ ပြုလုပ်ကြရာ အများပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် လာရောက်ထွန်းညှိ ပူဇော်ဖူးမြော်ကြည်ညိုကြပြီး နိဗ္ဗာန်ဈေးပွဲတော်များတွင်လည်း ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိသည့်အပြင် ညပိုင်းတွင် မဲဇလီဖူးသုပ် ဒါနပြုကြသူများ၊ ပုံ့သကူအလှူပြုကြသူများ၊ ပုံ့သကူအလှူကောက်ကြသူများဖြင့် အေးချမ်းပျော်ရွှင်လျက်ရှိသည်ကို တွေ့ရသည်။

အလားတူ တန်ဆောင်တိုင်ရုံးပိတ်ရက်ကာလဖြစ်သည်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အပန်းဖြေစခန်းများ၊ ကမ်းခြေများ၊ အများပြည်သူနှင့် သက်ဆိုင်သည့် ပန်းခြံများ၌ လာရောက်အပန်းဖြေကြသူများနှင့် အထူးစည်ကားလျက်ရှိကာ တန်ဆောင်မုန်းလပြည့်နေ့ အခါသမယကို အများပြည်သူများအနေဖြင့် ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဒီမိုကရေစီယဉ်ကျေးမှုထွန်းကား မုဒိတာပွားနိုင်ကြစေ...

ကိုရေချမ်း

**၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို စတင်ကျင်းပတော့မှာဖြစ်ပါတယ်။ ရွေးကောက်ပွဲဆိုတာ ဘယ်နိုင်ငံမှာမဆို အလွန်အရေးပါတဲ့ ဒီမိုကရေစီလုပ်ငန်းစဉ်ဖြစ်ပါတယ်။ ရွေးကောက်ပွဲဆိုတာ ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ်မှာ အရေးပါတဲ့ နိုင်ငံရဲ့အရွေ့တစ်ခုကို ဖြစ်စေနိုင်သလို အနှောင့်အယှက်တွေ၊ အဟန့်အတားတွေ၊ အတိုက်အခိုက်တွေရှိနိုင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ရွေးကောက်ပွဲဆိုတာ နိုင်ငံရဲ့ အရွေ့တစ်ခုဖြစ်တာမို့လို့ ရွေးကောက်ပွဲအောင်မြင်စေဖို့ လူထုလူတန်းစား အလွှာမရွေး နိုင်ငံသူ၊ နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။**

မြန်မာနိုင်ငံမှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ်မှာတစ်ကြိမ်၊ ၂၀၁၅ ခုနှစ်မှာ တစ်ကြိမ်နဲ့ ၂၀၂၀ ပြည့်နှစ်မှာတစ်ကြိမ် သုံးကြိမ်ကျင်းပခဲ့ပြီးနောက် ယခု ၂၀၂၅ ခုနှစ်ဟာ စတုတ္ထအကြိမ် ကျင်းပတာဖြစ်ပါတယ်။ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲသုံးကြိမ်မှာ အနှောင့်အယှက် အဟန့်အတားတွေ အနည်းနဲ့အများဆိုသလို ရှိခဲ့ပေမယ့် ၂၀၂၅ ခုနှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာတော့ အနှောင့်အယှက်တွေ ပိုများလာမှာကို အားလုံးခန့်မှန်းထားပြီးသား ဖြစ်ပါတယ်။ "ရွေးကောက်ပွဲ မဖြစ်မြောက်စေရေး ပြည်တွင်း၊ ပြည်ပက အဖျက်အမှောင့်တွေ၊ လုပ်ဆောင်မယ့်သူတွေ၊ အဖွဲ့အစည်းတွေ ရှိနိုင်မှာဖြစ်ကြောင်း၊ ၎င်းတို့က နည်းလမ်းပေါင်းစုံနဲ့ လုပ်ဆောင်လာနိုင်ကြောင်း၊ အလားတူ ပြည်ပနိုင်ငံတွေအနေနဲ့ ထောက်ခံအားပေးတဲ့၊ အပြုသဘောဆောင်တဲ့ နိုင်ငံတွေရှိသလို ရွေးကောက်ပွဲအပေါ် စောဒကတက်တဲ့ နိုင်ငံတွေလည်းရှိနိုင်ကြောင်း" နိုင်ငံတော်အကြီးအကဲက စောစောကတည်းက ပြောထားပါတယ်။

### ပညာပေးဇာတ်လမ်း

ခန့်မှန်းထားတဲ့အတိုင်းပါပဲ။ ယခုကျင်းပမယ့် ရွေးကောက်ပွဲနဲ့ပတ်သက်လို့ ပျက်ပြားစေဖို့ နည်းအမျိုးမျိုးနဲ့ ကျူးလွန်တဲ့သူတွေကို တွေ့ခဲ့ရပါတယ်။ အထူးသဖြင့် လူမှုကွန်ရက်ပေါ်တွေမှာ နှောင့်ယှက်တဲ့သူတွေကို "ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ" အရ အရေးယူနေရတာတွေကို တွေ့ရပါတယ်။ အောက်တိုဘာလ ၂၉ ရက်နေ့အထိ ပြည်ထောင်စုနယ်မြေအပါအဝင် ပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးမှာ ရွေးကောက်ပွဲပျက်ပြားစေဖို့ နည်းအမျိုးမျိုးနဲ့ ကျူးလွန်တဲ့အမှု ၄၀ ကျော်ကို ဖော်ထုတ်အရေးယူခဲ့တာကို တွေ့ရပါတယ်။ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့မှာ ရွေးကောက်ပွဲ အသိပညာပေးလှုံ့ဆော်မှုအနေနဲ့ "ခေတ်သမိုင်းကို ဒုန်းစိုင်းမည့်သူများ" ဇာတ်လမ်းတိုတစ်ပုဒ်ကို အများပြည်သူ အသိပညာရစေဖို့ လွှင့်ထုတ်ပေးခဲ့တာကို တွေ့ရပါတယ်။

အဲဒီရွေးကောက်ပွဲ အသိပညာပေးဇာတ်လမ်းနဲ့ ဇာတ်လမ်းမှာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ အနုပညာရှင်တွေကို ပြည်ပကို ထွက်ပြေးသွားခဲ့ကြတဲ့ အကြမ်းဖက်အဖွဲ့ အားပေးထောက်ခံသူတွေနဲ့ တရားခံပြေးတွေက လူမှုကွန်ရက် စာမျက်နှာတွေပေါ်ကတစ်ဆင့် မဟုတ်မမှန်ဝေဖန်ပြောဆိုရေးသားတိုက်ခိုက်လာကြတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ဒီလို ဝေဖန်ရေးသားနှောင့်ယှက်လာကြတာတွေကို ပြည်တွင်းက ပြည်သူအချို့နဲ့ အနုပညာရှင်အချို့က အားပေးထောက်ခံခဲ့ကြတာကို သက်ဆိုင်ရာက စိစစ်တွေ့ရှိရလို့ ၎င်းတို့ကိုလည်း အလားတူ အရေးယူခဲ့တာ တွေ့ရမှာဖြစ်ပါတယ်။

အခုလိုရွေးကောက်ပွဲကို နှောင့်ယှက်ခဲ့ကြတဲ့ အနုပညာရှင်တချို့ဟာ တည်ဆဲအစိုးရရဲ့ နိုင်ငံတော်တာဝန်ထမ်းဆောင်နေတာကို မလိုလားမနှစ်သက်တဲ့အပြင် မကြာမီကျင်းပမယ့် ရွေးကောက်ပွဲအောင်မြင်ရေးအတွက် အသိပညာပေးဇာတ်လမ်းမှာ တာဝန်သိသိပါဝင်ခဲ့ကြတဲ့ အနုပညာရှင်တွေလိုလည်း မပါဝင်ဘဲ ရှောင်ဖယ်ခဲ့ကြသူတွေ ဖြစ်ပါတယ်။

### ပြည်သူကိုဖျော်ဖြေပေးခဲ့

နိုင်ငံတော်ရဲ့ အရေးကိစ္စမှာ ကိုယ်တိုင်ကလည်း

> ❑ **ယနေ့ဖြစ်ပေါ်နေတဲ့ နိုင်ငံရေးဖြစ်စဉ်တွေကို သုံးသပ်ကြည့်မယ်ဆိုရင် ရုပ်ရှင်လောက အနုပညာသမားတွေသာမက နယ်ပယ်အသီးသီးမှာ များသောအားဖြင့် ဖြစ်နေတာက သူတို့နဲ့အရောင်မတူရင်၊ သူတို့အားထားတဲ့ ပုဂ္ဂိုလ်မဟုတ်ရင် ဘာပဲလုပ်လုပ် လက်မခံဘူး၊ ဆန့်ကျင်မယ်၊ ရပ်တည်လို့မရအောင် တွန်းလှဲမယ်ဆိုတဲ့ အာဃာတစိတ်တွေနဲ့ အလုပ်လုပ်နေကြတာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံမှာ အများပြည်သူဆန္ဒဖြစ်တဲ့ ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနေတဲ့အချိန်၊ အာဏာရှင်ကိုမလိုလား၊ ဒီမိုကရေစီကိုလိုလားတယ်ဆိုရင် ဒီမိုကရေစီစံနှုန်းတွေဖြစ်တဲ့ မတူကွဲပြားမှုတွေကို ပေါင်းစည်းပြီး အတူတွဲလုပ်ကြတဲ့ ဒီမိုကရေစီယဉ်ကျေးမှုထွန်းကားလာအောင် ပြုလုပ်ကြဖို့လိုပါတယ်။ အယူအဆသဘောထားကွဲပြားလို့ ကိုယ်ယုံကြည်ရာလမ်းကို လျှောက်မယ်ဆိုရင်လည်း တိုင်းပြည်နဲ့ လူမျိုးအကျိုးကို သယ်ပိုးပေးနေတဲ့သူတွေအပေါ်မှာတော့ မုဒိတာစိတ်ထား ထားစေချင်ပါတယ်**

မပါဝင်ဘဲ ရွေးကောက်ပွဲအောင်မြင်စေဖို့အတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နေကြတဲ့ အနုပညာရှင်တွေကို ပြည်ပမှ အကြမ်းဖက်အဖွဲ့ ထောက်ခံသူတွေနဲ့ တရားခံပြေးတွေရဲ့ လူမှုကွန်ရက် စာမျက်နှာတွေကတစ်ဆင့် နှောင့်ယှက်နေကြတာတွေအပေါ်မှာ ထောက်ခံရေးသား အားပေးခဲ့ကြလို့ ဥပဒေအရ အရေးယူခြင်းခံရတာဖြစ်ပါတယ်။ အနုပညာရှင်တွေဆိုတာဟာ နိုင်ငံတော်နဲ့ပြည်သူကို တတ်တဲ့ပညာတွေနဲ့ အလုပ်အကျွေးပြုကြတဲ့သူတွေဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ရုပ်ရှင်သမိုင်းကြောင်းတစ်လျှောက်မှာ အနုပညာစွမ်းပကားနဲ့ နိုင်ငံတော်နဲ့ ပြည်သူကို ကောင်းမွန်တဲ့ အသိပညာတွေ၊ ခံစားမှုရသတွေ ပေးဝေနိုင်ခဲ့တာဟာ ယနေ့ထိတိုင် အမှတ်တရရှိနေဆဲဖြစ်ပါတယ်။ အချစ်၊ အလွမ်း၊ အကြမ်း၊ ဘဝသရုပ်ဖော် စတဲ့ ဇာတ်လမ်းမျိုးစုံနဲ့ ပြည်သူကို ဖျော်ဖြေခဲ့ကြတာဟာ ထိမိလှပါတယ်။

အတိတ်ခေတ်ကာလ ပြည်တွင်းသောင်းကျန်းမှုဖြစ်ပေါ်နေဆဲအချိန်မှာပဲ ပုလဲမျက်ရည်၊ ဆောင်း၊ ငါးပွင့်တစ်ခိုင်၊ အချစ်တစ်ပွဲ စစ်ပွဲတစ်ရာ၊ နောက်ဆုံးကျည်ဆန်၊ နှောင်းတမြေ့မြေ့ စတဲ့ ရုပ်ရှင်ဇာတ်ကားတွေဟာ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ပေးနေတဲ့ တပ်မတော်သားတွေရဲ့ဘဝတွေကို ထင်ဟပ်ပေါ်လွင်စေခဲ့ပါတယ်။ ကြည့်ရှုခံစားရတဲ့ ပရိသတ်တွေအဖို့ တိုင်းပြည်ကိုချစ်တဲ့စိတ်၊ နိုင်ငံကိုကာကွယ်လိုစိတ်တွေ မြင့်မားစေပါတယ်။ ဒါ့အပြင် ကန္တာရဝတီ ထိပ်ထား၊ မြေပြန့်သား ဗမာအစ်ကိုရယ်၊ ချွေးနှင့်သွေးနှင့်ရင်းသည့်မြေ စတဲ့တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ရုပ်ရှင်ဇာတ်ကားတွေဟာလည်း ပြည်ထောင်စုစိတ်ဓာတ်ကို ထက်သန်မြင့်မားစေပါတယ်။ တိုင်းရင်းသားပြည်သူတွေအားလုံးကို အသိပညာပေးတဲ့အနေနဲ့ ဘယ်သူပြိုင်လို့ လှပါတော့နိုင်လို စာမတတ်သူပပျောက်ရေးဇာတ်ကား၊ သမန်းကျားရုပ်ရှင်ဇာတ်ကားလို လူငယ်စာရိတ္တပြုပြင်ရေးဇာတ်ကားတွေအပြင် နိုင်ငံတော်ရဲ့ အမျိုးသားရေးလှုပ်ရှားမှုတွေနဲ့ ကြုံဆုံတဲ့အခါတိုင်း အနုပညာရှင်တွေအားလုံးဟာ ကျရာအခန်းကဏ္ဍကနေ အနုပညာစွမ်းပကားနဲ့ တာဝန်ကျေပွန်အောင် ဆောင်ရွက်ပေးခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

### မော်ကွန်းထိုးကျန်ရစ်

ရုပ်ရှင်အနုပညာရှင်တွေသာမက သဘင်၊ ဂီတ၊ အနုသုခုမ အတတ်ပညာရှင်တွေအားလုံးဟာ ဘာအရောင်အသွေးမှမပါဘဲ တိုင်းပြည်နဲ့လူမျိုးကို အလုပ်အကျွေးပြုခဲ့ကြလို့ ပြည်သူချစ်တဲ့ အနုပညာရှင်တွေလို့ ခေါ်ဆိုခဲ့ကြတာဖြစ်ပါတယ်။ ဖျော်ဖြေမှုလည်းပါ၊ အနုပညာလည်းမြောက်ပြီး နိုင်ငံနဲ့ပြည်သူကိုလည်း အကျိုးပြုတဲ့ ရုပ်ရှင်ဇာတ်ကားတွေပေါ်ထွန်းရေးမှာ ပါဝင်စွမ်းဆောင်ကြတဲ့ ရုပ်ရှင်အနုပညာရှင်တွေနဲ့ အတတ်ပညာရှင်တွေရဲ့ လုပ်ဆောင်ချက်တွေကို ပြည်သူအားလုံးကပဲ တန်ဖိုးဖြတ်ပေးကြပါတယ်။ ပရိသတ်တွေကြားမှာ ရှင်သန်မှု၊ ကျော်ကြားမှု၊ ချီးကျူးထောမနာပြုမှုနဲ့ ဝေဖန်သုံးသပ်မှုတွေ ရှိစမြဲဖြစ်ပေမယ့် အနုပညာရှင်တွေဟာ အနုပညာရှင်တွေအဖြစ်နဲ့ပဲ သက်ဆုံးတိုင်ရှင်သန်ဖြတ်ကျော်နိုင်ခဲ့ကြပါတယ်။ လူပင်သေသော်လည်း နာမည်မသေတဲ့ အနုပညာရှင်တွေအဖြစ် မော်ကွန်းထိုးကျန်ရစ်ခဲ့ပါတယ်။

အတိတ်တစ်ချိန်က မြန်မာ့ရုပ်ရှင်လောကသားတွေရဲ့ နိုင်ငံနဲ့လူမျိုးအပေါ်မှာ အနုပညာစွမ်းပကားတွေနဲ့ ကဏ္ဍအစုံစုံ၊ နယ်ပယ်မျိုးစုံမရွေး ပညာရပ်အသွယ်သွယ်နဲ့ အလုပ်အကျွေးပြုခဲ့ကြတာတွေဟာ ဂုဏ်ယူလို့မဆုံးနိုင်အောင်ဖြစ်စေပါတယ်။ အနုပညာရှင်တွေဆိုတာဟာ ဘဝကိုပုံအပ်ပြီး အယုတ်အလတ်အမြတ်မရွေး လူတန်းစားအားလုံးကို ဖျော်ဖြေတင်ဆက်ကြရသူတွေဖြစ်တာမို့ မွန်မြတ်တဲ့ အသက်မွေးဝမ်းကျောင်းပြုသူတွေလို့ ဆိုနိုင်ပါတယ်။ မြန်မာနိုင်ငံ ရုပ်ရှင်၊ သဘင်၊ ဂီတ၊ စာပေ စတဲ့အနုပညာသမိုင်းကြောင်းတစ်လျှောက်မှာ နိုင်ငံသမိုင်းကြောင်းနဲ့အတူ တစ်သားတည်းလိုက်ပါရင်း အနုပညာနဲ့ တာဝန်ကျေပွန်ခဲ့ကြသူတွေဖြစ်လို့ အစိုးရအဆက်ဆက်၊ ပြည်သူအဆက်ဆက်ရဲ့ အသိအမှတ်ပြုခြင်း ခံကြရသူတွေဖြစ်ပါတယ်။

### ဖြူဖြူစင်စင် သယ်ပိုး

မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းတစ်လျှောက်မှာ အနုပညာလောကသားတွေအားလုံး တစ်စည်းတစ်လုံးတည်းရပ်တည်ခဲ့ကြရာမှ မျက်မှောက်ကာလမှာ သဘောထားကွဲကြတဲ့အဖြစ်ဟာ ဝမ်းနည်းစရာဖြစ်ပါတယ်။ အနုပညာလောကသားတွေတင်မကပါဘူး။ ဝန်ထမ်းလောက၊ ပြည်သူတွေအချင်းချင်းကြားမှာ စိတ်ဝမ်းကွဲပြားအောင် အမုန်းတရားတွေ ဖန်တီးခဲ့ကြတာ။ "ငါနဲ့မတူ ငါ့ရန်သူ" ဆိုတဲ့ စိတ်ဓာတ်ဟာ အစွန်းရောက်စိတ်ဓာတ်သက်သက်သာဖြစ်ပါတယ်။ ဒီလိုစိတ်ဓာတ်တွေကြောင့် တိုင်းပြည်ရဲ့ နယ်ပယ်အသီးသီးမှာ ပျက်စီးဆုံးရှုံးမှုတွေနဲ့ ကြုံခဲ့ရတာတွေကို အားလုံးသိရှိပြီးဖြစ်ပါတယ်။ အစိုးရဆိုတာ အချိန်ကာလအတိုင်းအတာတစ်ခုသာ နိုင်ငံ့တာဝန်ယူဆောင်ရွက်ရတာဖြစ်ပါတယ်။ နိုင်ငံနဲ့ပြည်သူဟာ ထာဝရဖြစ်လို့ နိုင်ငံနဲ့ပြည်သူအကျိုးကို သူ - ငါ မခွဲခြားဘဲ ဖြူဖြူစင်စင် သယ်ပိုးကြဖို့လိုပါတယ်။

### တိုင်းပြည်ဖျက်ဆီးသူ

ပြည်သူတွေမျှော်လင့်ချက်ဆန္ဒဖြစ်တဲ့၊ နိုင်ငံအတွက် အပြောင်းအလဲအရွေ့တစ်ခုဖြစ်တဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်ဖို့အတွက် ရွေးကောက်ပွဲအသိပညာပေးဇာတ်လမ်းတစ်ပုဒ် လွှင့်ထုတ်လိုက်တဲ့အခါမှာ အနုပညာစွမ်းပကားနဲ့ ကျရာအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်ပေးခဲ့ကြတဲ့ အနုပညာရှင်တွေကို မှိုချိုး မျှစ်ချိုး ပြောဆိုဝေဖန်အပုပ်ချတာဟာ အလွန်စက်ဆုပ်စရာကောင်းပါတယ်။ ပြည်သူတွေ အထင်အမြင်လွဲမှားအောင်၊ အနုပညာရှင်တွေ ဂုဏ်သိက္ခာကျအောင်၊ မီဒီယာအမည်ခံ အကြမ်းဖက်အားပေး ပြည်ပသြဇာခံအဖွဲ့တွေနဲ့ ရွေးကောက်ပွဲအပေါ် ပြည်သူလူထု အထင်အမြင်လွဲမှားအောင် လှုံ့ဆော်ရေးသားထုတ်လွှင့်ကြတဲ့သူတွေနဲ့ ထောက်ခံအားပေးကြတဲ့သူတွေဟာ ဇာတ်တူသားစားတဲ့ တိုင်းပြည်ဖျက်ဆီးတဲ့သူတွေပါပဲ။

အနုပညာရှင်တွေဆိုတာဟာ နိုင်ငံနဲ့ပြည်သူတွေက မွေးဖွားပေးလိုက်တဲ့သူတွေပါပဲ။ လက်ရှိနိုင်ငံရေးအခြေအနေအပေါ် ဘက်ပေါင်းစုံက လေ့လာသုံးသပ်ကြည့်ပြီး နိုင်ငံနဲ့ပြည်သူအားလုံး မျှော်လင့်တဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ဖို့အတွက် တတ်နိုင်တဲ့ဘက်က အားပေးကူညီဖို့လိုပါတယ်။ နိုင်ငံတော်က ဒီမိုကရေစီလမ်းကြောင်း ဖြောင့်ဖြူးအောင်၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင်၊ ယိမ်းယိုင်ခဲ့တဲ့ စီးပွားရေး ပြန်လည်နာလန်ထူလာအောင် ကြိုးပမ်းနေချိန်မှာ အနုပညာစွမ်းပကားနဲ့ တစ်တပ်တစ်အား ပါဝင်ကြဖို့လိုပါတယ်။ နိုင်ငံရေးနဲ့ပတ်သက်လာရင် လူတိုင်းဟာ အယူအဆ၊ သဘောထား ထပ်တူမကျနိုင်တာဟာ သဘာဝပါပဲ။ ဒါပေမယ့် ယုံကြည်ချက်၊ ရပ်တည်ချက် ထပ်တူမကျတဲ့အပေါ် နာကြည်းမုန်းတီးမှုတွေ၊ ရန်လိုတိုက်ခိုက်မှုတွေ အထူးသဖြင့် အနုပညာလောကသားချင်းချင်းအပေါ် မကျေနပ်မှုတွေ၊ ရန်လိုမှုတွေ ပြုလုပ်တာဟာ သဘောထားကျဉ်းမြောင်းတဲ့ မပြုလုပ်သင့်တဲ့ အလုပ်ကို လုပ်ကြတာ ဖြစ်ပါတယ်။

### မုဒိတာစိတ်ထား

ယနေ့ဖြစ်ပေါ်နေတဲ့ နိုင်ငံရေးဖြစ်စဉ်တွေကို သုံးသပ်ကြည့်မယ်ဆိုရင် ရုပ်ရှင်လောက အနုပညာသမားတွေသာမက နယ်ပယ်အသီးသီးမှာ များသောအားဖြင့် ဖြစ်နေတာက သူတို့နဲ့အရောင်မတူရင်၊ သူတို့အားထားတဲ့ ပုဂ္ဂိုလ်မဟုတ်ရင် ဘာပဲလုပ်လုပ် လက်မခံဘူး၊ ဆန့်ကျင်မယ်၊ ရပ်တည်လို့မရအောင် တွန်းလှဲမယ်ဆိုတဲ့ အာဃာတစိတ်တွေနဲ့ အလုပ်လုပ်နေကြတာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံမှာ အများပြည်သူဆန္ဒဖြစ်တဲ့ ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနေတဲ့အချိန်၊ အာဏာရှင်ကိုမလိုလား၊ ဒီမိုကရေစီကိုလိုလားတယ်ဆိုရင် ဒီမိုကရေစီစံနှုန်းတွေဖြစ်တဲ့ မတူကွဲပြားမှုတွေကို ပေါင်းစည်းပြီး အတူတွဲလုပ်ကြတဲ့ ဒီမိုကရေစီယဉ်ကျေးမှုထွန်းကားလာအောင် ပြုလုပ်ကြဖို့လိုပါတယ်။ အယူအဆသဘောထားကွဲပြားလို့ ကိုယ်ယုံကြည်ရာလမ်းကို လျှောက်မယ်ဆိုရင်လည်း တိုင်းပြည်နဲ့ လူမျိုးအကျိုးကို သယ်ပိုးပေးနေတဲ့သူတွေအပေါ်မှာတော့ မုဒိတာစိတ်ထား ထားစေချင်ပါတယ်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrei Travnikov နှင့်တွေ့ဆုံ

## နှစ်နိုင်ငံ ဆေးဘက်ဆိုင်ရာဆရာဝန်များ၊ အထူးကုဆရာဝန်များပူးပေါင်း၍ Online မှတစ်ဆင့် တိုင်ပင်ဆွေးနွေးဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးကိစ္စရပ်များဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၄**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrei Travnikov နှင့် ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ ညနေပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနနှင့် နိုဗိုစီဗစ်ဒေသတို့ကြား ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များ၊ နှစ်ဦးနှစ်ဖက်ရှိ ဆေးရုံများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေးနှင့် ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဆရာဝန်များ၊ သူနာပြုများနှင့် ဆေးဘက်ဆိုင်ရာပညာရှင်များ အပြန်အလှန်အတွေ့အကြုံ ဖလှယ်ခြင်းလုပ်ငန်းများအတွက် နှစ်ဦးနှစ်ဖက်နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးရေး အဆိုပြုကိစ္စရပ်များ၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် နှစ်နိုင်ငံ အပြန်အလှန် ဆေးဘက်ဆိုင်ရာဆရာဝန်များ၊ ပညာရှင်များအတွက် Internship training များ ပြုလုပ်နိုင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံဆရာဝန်များ၊ အထူးကုဆရာဝန်များ၏ ဆေးကုသမှုလိုင်စင်များ အပြန်အလှန် အသိအမှတ်ပြုနိုင်ရေးကိစ္စရပ်များ၊ အရေးပေါ်ဆေးကုသမှုလုပ်ငန်းများနှင့် အရေးပေါ်လူနာလွှဲပြောင်းဆေးကုသမှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် နှစ်နိုင်ငံဆေးဘက်ဆိုင်ရာဆရာဝန်များ၊ အထူးကုဆရာဝန်များပူးပေါင်း၍ Online မှတစ်ဆင့် တိုင်ပင်ဆွေးနွေး ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးနှင့် သံရုံးမှ တာဝန်ရှိသူများ၊ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ထို့ပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Novosibirsk Hospital မှ Dr. Anatoly Yudakov, Chief doctor of Novosibirsk Hospital and Chief Surgeon of Novosibirsk Region နှင့် Dr. Irina Grinberg , Chief Paediatrician, Neonatologist နှင့် ရုရှားနိုင်ငံမှကိုယ်စားလှယ်များသည် ယမန်နေ့ နံနက်ပိုင်းတွင် ကလေးရောဂါအထူးကုဆေးရုံကြီး နေပြည်တော်သို့ လာရောက်ပြီး ကလေးကုသဆောင်နှင့် မွေးကင်းစကလေးကုသဆောင်များသို့ လှည့်လည်ကြည့်ရှု၍ မွေးကင်းစ ကလေးငယ်များ ကြည့်ရှုကုသမှုပေးခြင်းဆိုင်ရာလုပ်ငန်းများအပေါ် ကုထုံးများနှင့်ပတ်သက်၍ လိုအပ်သည်များ ဖြည့်စွက်အကြံပြုခြင်းနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် မွေးကင်းစကလေး အထူးကြပ်မတ်ကုသမှုပေးနိုင်မည့် လုပ်ငန်းများကို ဆွေးနွေးတိုင်ပင်ကြသည်။

ဦးစွာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Novosibirsk Hospital မှ ပါမောက္ခ ဦးဆောင်သောအဖွဲ့သည် ကလေးရောဂါအထူးကုဆေးရုံကြီး နေပြည်တော်တွင် တာဝန်ထမ်းဆောင်နေကြသော ဆေးရုံအုပ်ကြီး၊ ပါမောက္ခများ၊ မွေးကင်းစကလေးအထူးကုဆရာဝန်ကြီးများ၊ ကလေးအထူးကုဆရာဝန်ကြီးများနှင့် တွေ့ဆုံ၍ ဆေးရုံလုပ်ငန်းဆောင်ရွက်မှု၊ လူနာပြုစုကုသပေးနိုင်သော ရရှိနိုင်သော ဝန်ဆောင်မှုများ၊ ဆေးဘက်ဆိုင်ရာပညာရှင်များ သင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုတို့ကို အမြင်ချင်းဖလှယ်၍ အပြန်အလှန်ဆွေးနွေးကြသည်။

ဆေးပညာဆိုင်ရာနှင့် ဆေးရုံစီမံခန့်ခွဲမှုဆိုင်ရာ အကြောင်းအရာများအပေါ် ဗဟုသုတများစွာရရှိခဲ့ပြီး မွေးကင်းစကလေးငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အသေးစိတ်ဆွေးနွေးခဲ့ကြသဖြင့် ရုရှားနှင့်မြန်မာနိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာဖြင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်စေခြင်းအပြင် ရုရှားနိုင်ငံ၏ ဆေးရုံလုပ်ငန်းဝန်ဆောင်မှုများကို လေ့လာနိုင်ရေးအတွက် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ဆက်လက်၍ အဆိုပါအဖွဲ့သည် ကလေးရောဂါအထူးကုဆေးရုံကြီး နေပြည်တော်၏ ကလေးကုသဆောင်နှင့် မွေးကင်းစကလေးကုသဆောင်ရှိ အထူးကြပ်မတ်ကုသခန်းများသို့ လှည့်လည်ကြည့်ရှု၍ လူနာများကို အားပေးစကားပြောကြားခြင်း၊ လူနာများအတွက် ပိုမိုကောင်းမွန်သော ကုထုံးများ ရရှိနိုင်ရေး အကြံပြုပြောကြားခြင်းနှင့် ရုရှားနိုင်ငံ၏ မွေးကင်းစကလေး ကုသမှုဆိုင်ရာလုပ်ငန်း ဆောင်ရွက်မှု အတွေ့အကြုံများကို ရင်းနှီးပွင့်လင်းစွာ ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ဦးရဲတင့် China-ASEAN Artificial Intelligence Collaborative Innovation Center နှင့် မိုင်းယွဲ့နည်းပညာကုမ္ပဏီလီမိတက်သို့ သွားရောက်လေ့လာ

**နန့်နင်း နိုဝင်ဘာ ၄**

China Media Group (CMG) နှင့် ကွမ်ရှီးကျွမ့်လူမျိုး ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အစိုးရတို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် အာဆီယံမိတ်ဖက်မီဒီယာပူးပေါင်းဆောင်ရွက်မှု သီတင်းပတ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၃ ရက် ညနေပိုင်းတွင် ကွမ်ရှီး ရှမ်းဟိုင် ရှင်းချန်ယဉ်ကျေးမှုမီဒီယာ ကုမ္ပဏီလီမိတက်၊ China–ASEAN Artificial Intelligence Collaborative Innovation Center နှင့် မိုင်းယွဲ့နည်းပညာကုမ္ပဏီလီမိတက်သို့ သွားရောက်လေ့လာခဲ့ကြသည်။

ယနေ့ နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တရုတ်–မြန်မာ ချစ်ကြည်ရင်းနှီးမှုကို ဆက်လက်မြှင့်တင်ပြီး မီဒီယာကဏ္ဍ တိုးမြှင့်ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ကွမ်ရှီးရုပ်မြင်သံကြားဌာနသို့ သွားရောက်ကာ ရုပ်သံထုတ်လွှင့်ခြင်းလုပ်ငန်းများကို ကြည့်ရှုလေ့လာသည်။

ထို့မှတစ်ဆင့် ချင်းရှုတောင်တန်းသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် နိုဝင်ဘာ ၄**

ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# တောင်ကြီးတန်ဆောင်တိုင်ပွဲတော် မီးပုံးပျံပြိုင်ပွဲများ ရက်တိုးမြှင့် ဆက်လက်ယှဉ်ပြိုင်မည်

**တောင်ကြီး နိုဝင်ဘာ ၄**

ရှမ်းပြည်နယ်၏ အထင်ကရ ပွဲတော်တစ်ခုဖြစ်သည့် တောင်ကြီး တန်ဆောင်တိုင် ပွဲတော်ကို အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ ကျင်းပမည် ဖြစ်ကြောင်း ပြည်သူများအား အသိပေးကြေညာထားခဲ့ပြီး လက်ရှိ မိုးလေဝသ အခြေအနေများအရ ညမီးကြီး၊ စိန်နားပန်မီးပုံးပျံများအား ပြိုင်ပွဲရက်များတွင် သတ်မှတ် မီးပုံးပျံ အရေအတွက်အတိုင်း လွှတ်တင်နိုင်ခဲ့ခြင်း မရှိသဖြင့် ပြိုင်ပွဲကို နိုဝင်ဘာ ၇ ရက်အထိ ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။



တောင်ကြီးတန်ဆောင်တိုင် ပွဲတော်၊ ပြိုင်ပွဲဝင် မီးပုံးပျံပညာရှင်များ၏ ဝါသနာ၊ စေတနာ၊ ငွေကြေးနှင့်အချိန်ယူပြီး ကြိုးစားအားထုတ်ပါဝင်ယှဉ်ပြိုင်မှုများကို လေးစားအသိအမှတ်ပြုသော အားဖြင့်လည်းကောင်း၊ မီးပုံးပျံပညာရှင်များ ကြိုးစားအားထုတ် တီထွင်ဖန်တီးထားသည့် ညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံ လက်ရာများကို ပရိသတ်ပြည်သူများ ဆက်လက်ကြည့်ရှု အားပေးနိုင်ရန်အတွက်လည်းကောင်း မီးပုံးပျံပြိုင်ပွဲကို နိုဝင်ဘာ ၅ ရက်မှ ၇ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး နိုဝင်ဘာ ၈ ရက် ညနေပိုင်းတွင် ပြိုင်ပွဲဝင်မီးပုံးပျံများအား ဆုချီးမြှင့်ခြင်း၊ တန်ဆောင်တိုင်ပွဲတော် ဂုဏ်ပြုစိန်နားပန် မီးပုံးပျံ၊ ညမီးကြီးမီးပုံးပျံများ လွှတ်တင်ခြင်း၊ မီးရှူးမီးပန်းအလှများ လွှတ်တင်ခြင်းများဖြင့် တန်ဆောင်တိုင်ပွဲတော် ပိတ်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ကျင်းပရေးဦးစီးကော်မတီမှ သိရသည်။

အဆိုပါရက်တိုးမြှင့်ထားသည့် တောင်ကြီး တန်ဆောင်တိုင်ပွဲတော်၊ မီးပုံးပျံပြိုင်ပွဲနှင့်အတူ နိုဝင်ဘာ ၅ ရက်နှင့် ၆ ရက်များတွင် ခေတ်ပေါ်တေးဂီတ၊ မြူးကြွသည့် တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်သွားမည် ဖြစ်ကြောင်း မီးပုံးပျံပွဲတော် ပရိသတ်များသိရှိနိုင်ရန် အသိပေးကြေညာထားကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး (၃၆) ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ကပ်လှူပူဇော်

**မန္တလေး နိုဝင်ဘာ ၄**

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား (၃၆) ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်ပွဲကိုတန်ဆောင်မုန်းလပြည့်နေ့၊ ယနေ့ နံနက်ပိုင်းက မဟာမုနိဘုရားကြီး၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ရက်ကန်းပညာရှင်အဖွဲ့များနှင့် စက်ချုပ်ပညာရှင်အဖွဲ့များ၊ လုပ်အားဒါနပြုကြသူများ၊ ဘုရားဖူးပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ နံနက်အရုဏ်ဦးအချိန်တွင် ရေတော်ဆရာတော်နှင့်မဟာမုနိဝေယျာဝစ္စအဖွဲ့တို့က မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား အမွှေးနံ့သာရည်များဖြင့် မျက်နှာသစ်တော်ရေသပ္ပာယ်ကာ ရောင်တော်ဖွင့်၍ ဆွမ်းခဲဖွယ်၊ ဘောဇဉ်၊ ပန်း၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ကပ်လှူပူဇော်ရန် နေ့ချင်းပြီး ရက်လုပ်ထားသော တဘက်တော်၊ မသိုးမြတ်သင်္ကန်းတော်၊ သင်းပိုင်သင်္ကန်းတော်များကို ရေတော်ဆရာတော်အမှူးပြု၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ၎င်းတို့၏ ဇနီးများ၊ ဂေါပကအဖွဲ့၊ ဝေယျာဝစ္စအဖွဲ့၊ ရက်ကန်းပညာရှင်များအဖွဲ့နှင့် စက်ချုပ်ပညာရှင်များအဖွဲ့က မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအားလှည့်လည် ပူဇော်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များက မသိုးမြတ်သင်္ကန်းတော်ကို လွှမ်းခြုံကပ်လှူပူဇော်လှူဒါန်းကြသည်။**(ယာပုံ)**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မသိုးမြတ်သင်္ကန်း ရက်လုပ်ခဲ့ကြသည့် ရေကြည်ပေါက်ကျေးရွာ၊ အနုန်းတောကျေးရွာ၊ အင်းလေးဒေသ စသည့်ရက်ကန်းပညာရှင်များ အဖွဲ့နှင့် ကိုးလုံးတကာ ရက်ကန်းပညာရှင်၊ စက်ချုပ်ပညာရှင်အဖွဲ့၊ မဟာမုနိဝေယျာဝစ္စအဖွဲ့တို့ကို ဂုဏ်ပြုငွေများနှင့် မှတ်တမ်းလွှာများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# မွန်ပြည်နယ် ၂၀၂၅ ခုနှစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် MSME ဈေးရောင်းပွဲတော်ဖွင့်ပွဲ ကျင်းပ

**မော်လမြိုင် နိုဝင်ဘာ ၄**

မွန်ပြည်နယ် ၂၀၂၅ခုနှစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် MSME ဈေးရောင်းပွဲတော် ဖွင့်ပွဲကို ယမန်နေ့က မော်လမြိုင်မြို့တောင်ရိုးတန်းရှိ မဟာမြတ်မုနိဘုရားကြီး၏ ပုရိဝုဏ်အတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ၏ ဒေသထွက် အဝတ်အစားများ အပြင်အခြားသော ဒေသထွက် ထုတ်ကုန်အမယ်များ၊ ရောင်းလိုအား မြှင့်တင်နိုင်ရေးနှင့် အရည်အသွေးပြည့်မီသော ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးကြစေလိုကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များ ဦးစားပေးကဏ္ဍအဖြစ် ရော်ဘာ၊ ရေထွက်ပစ္စည်းနှင့် ဆားထုတ်လုပ်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး MSME လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး လုပ်ငန်းများမှာလည်း တက်ကြွစွာ ပူးပေါင်းပါဝင်နိုင်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက ၂၀၂၅ ခုနှစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် MSME ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး**(ဝဲပုံ)** ပြည်နယ်အတွင်းရှိ စက်ရုံအလုပ်ရုံများမှ ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ထုတ်ကုန်များ၊ ဒေသထွက်ရိုးရာအစားအစာများရောင်းချနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် တန်ဆောင်တိုင်မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းနှင့် မီးရှူးမီးပန်းများ ပစ်ဖောက်ပူဇော်ပွဲကို ညပိုင်းတွင် မော်လမြိုင်မြို့ ကျိုက်သလ္လံစေတီတော်မြတ်ကြီးရင်ပြင်တော်၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က တန်ဆောင်တိုင်မီးထွန်းပွဲတော် အထိမ်းအမှတ်မီးပုံးပျံကို လွှတ်တင်သည်။

ထို့ပြင် ရှင်ဥပဂုတ္တမထေရ်မြတ်ပူဇော်ပွဲနှင့် ဆွမ်းအိုးမျှောပွဲကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ ဆိပ်ကမ်းသာတံတားတွင် ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က နံနက်အရုဏ်တက်ချိန်တွင်ရှင် ဥပဂုတ္တမထေရ်မြတ်ရုပ်ပွားတော်ကို ဖူးမြော်ကြည်ညိုပြီး ပန်း၊ ဆီမီးနှင့် ရေချမ်းကပ်လှူပူဇော်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆွမ်းအိုးများကို သံလွင်မြစ်ထဲသို့ မျှော၍ကုသိုလ် ယူကြသည်။

တန်ဆောင်မုန်း လပြည့်နေ့ (သာမညဖလ) အခါသမယတွင် မွန်ပြည်နယ်အတွင်း တန်ခိုးကြီးဘုရား၊ စေတီ၊ ပုထိုးများတွင် ရပ်နီးရပ်ဝေးမှ ရဟန်းရှင်လူပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်၍ ကုသိုလ်ဘာဝနာတရားပွားများ လျက်ရှိကြပြီး မြို့ရွာအလိုက် ပျော်ပွဲ၊ ရွှင်ပွဲများကျင်းပခြင်း၊ ရောင်စုံအလှမီးများ ထွန်းညှိပူဇော်ခြင်း၊ မီးပုံးပျံများ လွှတ်တင်ခြင်းနှင့် မီးရှူးမီးပန်းများ ဖောက်လွှတ်ခြင်းတို့ဖြင့် ဆင်ယင်ကျင်းပလျက်ရှိကြောင်း သိရသည်။

**ပြည်နယ်**
**(ပြန်/ဆက်)**

# ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ (၄၄)ကြိမ်မြောက် မသိုးသင်္ကန်း ရက်လုပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

**ပဲခူး နိုဝင်ဘာ ၄**

ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ (၄၄)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဘုရား ပရိဝုဏ်၌ ကျင်းပသည်။

အခမ်းအနားသို့ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ တက်ရောက်ကြသည်။

ဦးစွာ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီးအား လက်ယာရစ်ပူဇော်ကြပြီး ပြိုင်ပွဲဝင်စင်များမှ ရက်လုပ်ခဲ့သည့် မသိုးသင်္ကန်းများကို ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး မုခ်အသီးသီးရှိ ဗုဒ္ဓဘုရားဆင်းတုတော်များအား ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တန်ဆောင်မုန်းလပြည့်နေ့၌ ဒုတိယနေ့အဖြစ် လူဦးရေ ၁၅၀၀၀ ကို စတုဒိသာကျွေးမွေးနေမှု**(ယာပုံ)**နှင့် ခေတ်ပေါ်တေးဂီတဖြင့် ဖျော်ဖြေနေမှုတို့ကို ကြည့်ရှုအားပေးကြပြီး စတုဒိသာသုံးဆောင်ကြသူများအား မကြာမီ ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် အီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးနိုင်ရေး သရုပ်ပြသခဲ့သည်။ ယမန်နေ့ညပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌနှင့် အလှည့်ကျဂေါပကအဖွဲ့ဝင်တို့က ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ (၄၄)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်လှူဒါန်း ပူဇော်ပွဲကို ဖွင့်လှစ်ပေးပြီး မသိုးသင်္ကန်းယှဉ်ပြိုင်ရက်လုပ်နေမှုကို ကြည့်ရှုအားပေးကြကာ လာရောက်ဖျော်ဖြေကြသည့် ဆင်အကအဖွဲ့ကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၄**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲအောင်မြင်စွာကျင်းပပြီးစီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ တစ်ခဲနက်ပါဝင်ဆင်နွှဲခဲ့ကြ



နေပြည်တော် နိုဝင်ဘာ ၄
ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော်ကို ယနေ့နောက်ဆုံးနေ့အဖြစ်စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ ကြိတ်ကြိတ်တိုး တစ်ခဲနက် ပါဝင်ဆင်နွှဲကြသည်။

ယနေ့သည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ၏ နေ့ထူးနေ့မြတ် တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့) နှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်ကြီး၏ နောက်ဆုံးရက် ဖြစ်သည်နှင့်အညီ ဘုရားကြီးသို့ လာရာလမ်းတစ်လျှောက်တွင် ဘုရားဖူးခရီးသည်တင်ယာဉ်ကြီးများ၊ ကိုယ်ပိုင်ယာဉ်ငယ်များဖြင့် တိုးမပေါက်အောင် စည်ကားလျက်ရှိပြီး ဘုရားမုခ်ဦးအပြင် ကားရပ်နားဝင်းနေရာများ၌လည်း နေပြည်တော်ဒေသခံများအပြင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးကားများ အများအပြား စုဝေးရောက်ရှိလာကြသည့်အတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ဘုရားအဝင်အထွက် လမ်းကြောင်းများ ပိတ်ဆို့မှု မရှိစေရေးအတွက် စနစ်တကျ ဆောင်ရွက်ပေးကာ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း၌လည်း မီးထွန်းပွဲတော်ကြီး တပျော်တပါး ပါဝင်ဆင်နွှဲရန် ရောက်ရှိလာကြသည့် ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်မှာ မြင်တွေ့ရသူတိုင်းအဖို့ ကြည်နူးပီတိဖြစ်ဖွယ်ရာ မြင်ကွင်းတစ်ခုလည်းဖြစ်သည်။

ထို့ပြင် တာဝန်ရှိသူများက တန်ဆောင်တိုင်ပွဲတော်လာ ဘုရားဖူးပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်လက်အေးချမ်းစွာ ဘုရားဖူးမြော်ပါဝင် ဆင်နွှဲနိုင်ရေးအတွက် ဘုရားမုခ်ဦးများရှေ့တွင် လုံခြုံရေးအရလိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ပေးပြီး သံဃာတော်များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်သို့ လွယ်ကူစွာ တက်ရောက်ဖူးမြော်နိုင်ရေးအတွက် မော်တော်ယာဉ်ငယ်များဖြင့် စနစ်တကျ ပို့ဆောင်ပေးကြကာ ပွဲတော်အတွင်း ကုသိုလ်ပြု ဆီမီးထွန်းညှိနိုင်မည့်နေရာများ၊ မီးပုံးပျံလွှတ်တင်ပူဇော်မည့်နေရာများ၊ ဈေးပွဲတော် နေရာများနှင့် အခြားသွားရောက် လှေ့လာနိုင်မည့် နေရာများကိုလည်း အလွယ်တကူသွားရောက်နိုင်ရေးအတွက် ကူညီလမ်းညွှန်ပြသပေးကြသည်။

ဗုဒ္ဓဘာသာမြန်မာလူမျိုးများ၏ ထုံးတမ်းစဉ်လာတွင် မသိုးသင်္ကန်းရက်လုပ် ဆက်ကပ်လှူဒါန်းခြင်းကို တန်ဆောင်မုန်းလ အခါသမယတွင် ကျင်းပပြုလုပ်လေ့ရှိပြီး လပြည့်နေ့မတိုင်မီ အဖိတ်နေ့ ညနေပိုင်းတွင် သင်္ကန်းတော်များကို စတင်ရက်လုပ်၍ လပြည့်နေ့အရုဏ်မတက်မီ အပြီးချုပ်လုပ်ကာ မြတ်စွာဘုရားရှင်အားရည်မှန်း၍ ကပ်လှူပူဇော်ခြင်းများကို နှစ်စဉ် အမြို့မြို့အနယ်နယ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည်။

ထို့ကြောင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တန်ဆောင်မုန်းလပြည့်နေ့တွင် မသိုးရွှေကြာသင်္ကန်းတော် ဆက်ကပ်လှူဒါန်းနိုင်ရန်အတွက် ယမန်နေ့ ညနေပိုင်းမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရက်ကန်းပညာရှင် အဖွဲ့များက ရက်ကန်းစင် ၁၅ စင်ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ရက်လုပ်ကြပြီး ယနေ့ကျရောက်သည့် လပြည့်နေ့ နံနက်မင်္ဂလာအချိန်တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မသိုးရွှေကြာသင်္ကန်းတော် ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ကြသည်။

ညပိုင်းတွင် တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာ ရဟန်းရှင်လူ၊ ပြည်သူများသည် စိတ်အေးချမ်းသာစွာဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ကြည်လင်သဒ္ဓါစိတ်တို့ဖြင့် ပန်း၊ ရေချမ်းနှင့် ဆီမီးကပ်လှူဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်အတွင်း အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းနှင့် ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြရာ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း တရားဓမ္မ အသံများဖြင့် ထုံမွှမ်းလျက်ရှိသည့်အပြင် ဘုရားဖူးများ၏ ဆီမီး ၉၀၀၀ ထွန်းညှိ ကပ်လှူပူဇော်ခြင်းနှင့် LED မီးများဖြင့် ခမ်းနားစွာ အလှဆင်ပူဇော်ထားခြင်းတို့၏ အလင်းရောင်သည် ရုပ်ပွားတော်မြတ်ကြီးနှင့်စေတီပုထိုးတို့၏ သပ္ပာယ်မှုတို့ကို ပိုမိုပေါ်လွင်စေခဲ့ပြီး တန်ဆောင်မုန်းလ၏ ညအလှကို ပိုမိုထွန်းလင်းတောက်ပစေခဲ့သည်။

ပွဲတော်ကြီး၏ အဓိကအနှစ်သာရ ဖြစ်သည့် မြတ်စွာဘုရားရှင်အား မီးပုံးပျံလွှတ်တင်ပူဇော်မည့် နေရာအသီးသီး၌လည်း ဘုရားဖူးလာပြည်သူများက ကြိုတင်စောင့်ဆိုင်း ရောက်ရှိနေကြပြီး မီးပုံးပျံ အောင်မြင်စွာ လွှတ်တင်နိုင်ရေးအတွက် တာဝန်ရှိသူများ မီးပုံးပျံအား မီးခိုးမှိုင်းသွင်းခြင်း၊ မီးကျည်၊ ယမ်းများ တပ်ဆင်ခြင်း စသည့်လုပ်ငန်းစဉ် အဆင့်ဆင့်ပြင်ဆင်နေမှုအား ပြည်သူများက အထူးစိတ်ဝင်တစား ကြည့်ရှုလေ့လာကြသည်။

ထို့နောက် မီးပုံးပျံလွှတ်တင်၍ မြတ်စွာဘုရားရှင်အား ပူဇော်မည့် အချိန်တွင် တိုင်းရင်းသားရိုးရာ အကအလှများ၊ အိုးစည်ဒိုးပတ်၊ သံချပ်တီးလုံးများဖြင့် တွဲဖက်၍ ဘုရားဝင်းအတွင်း သတ်မှတ်နေရာများအလိုက် မီးရှူး၊ မီးပန်းများ ပစ်ဖောက်ပူဇော်ခြင်းနှင့် မီးပုံးပျံအသေးများ၊ အလှညမီးကြီးနှင့် စိန်နားပန် မီးပုံးပျံကြီးများအား ကောင်းကင်ယံထက်သို့ တစ်လုံးပြီး တစ်လုံး အောင်မြင်စွာ လွှတ်တင်ပူဇော်ကြသည်။

ထိုသို့ မီးပုံးပျံကြီးများ ညအမှောင်ကို ဖြိုခွင်းလျက် အောင်မြင်စွာ လွှတ်တင်ပူဇော်ချိန်တွင် ကောင်းကင်ယံတစ်ခွင်လုံး၌ ရွှေရောင်၊ ငွေရောင်၊ မီးပန်းမိုးများဖြင့် ထိန်ထိန်ညီးလှပသွားခဲ့ပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား စေတနာတရား၊ စုပေါင်းအားတို့ ပေါင်းစု၍ အမြင့်မြတ်ဆုံးသော အလင်းရောင်ဖြင့် ခမ်းနားစွာ ပူဇော်ခဲ့ကြကာ ဘုရားဖူးလာပြည်သူများ၏ ကြည်နူးပီတိဖြစ်စွာ ဟစ်ကြွေးကြသော သာဓုခေါ်သံများနှင့် လက်ခုပ်သံများသည်လည်း နေပြည်တော် တန်ဆောင်မုန်းလ၏ ညအလှကို ပိုမိုအသက်ဝင်လာစေခဲ့သည်။

ယနေ့ညတွင် ဝန်ကြီးဌာနအလိုက် မီးပုံးပျံလွှတ်တင်မှုများအဖြစ် စိန်နားပန် မီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်မှုတွင် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဥပဒေရေးရာဝန်ကြီးဌာနတို့ကလည်းကောင်း၊ ညမီးကြီး မီးပုံးပျံလွှတ်တင် ယှဉ်ပြိုင်မှုတွင် ပြည်ထဲရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့က လည်းကောင်း၊ တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ လပြည့်ညဂုဏ်ပြုမီးပုံးပျံကိုလည်းကောင်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ကောင်းကင်ယံထက် အောင်မြင်စွာ လွှတ်တင်ပူဇော်ခဲ့ကြရာ သက်ဆိုင်ရာဝန်ကြီး ဌာနအလိုက် ဝန်ထမ်းများနှင့် ပြည်သူများကလည်း သတ်မှတ်နေရာအသီးသီး၌ မီးပုံးပျံငယ်များကို ပြိုင်တူလွှတ်တင် ဝန်းရံပူဇော်ခြင်းကြောင့် ကောင်းကင်ယံတွင် စိန်နားပန်နှင့် ညမီးကြီး မီးပုံးပျံကြီးများ၏ အလှကို ပိုမိုပေါ်လွင်စေခဲ့ပြီး အံ့သြဖွယ်ရာ ကြည့်မဆုံးအောင် လှပနေခဲ့သည်။

ထိုသို့ မီးပုံးပျံလွှတ်တင် ယှဉ်ပြိုင်နေစဉ်အတွင်း သံချပ်တီးလုံးများ၊ ဆီမီးခွက် ကိုင်ဆောင်ပူဇော်ခြင်းများနှင့်အတူ တန်ဆောင်တိုင် ပွဲတော်ကာလကို ဖော်ကျူးရေးဖွဲ့ထားသည့် တေးသံသာများကြောင့်လည်း တန်ဆောင်တိုင် ညအလှကို ပိုမိုပေါ်လွင်စေခဲ့ပြီး ဘုရားဖူးလာ ပြည်သူများအတွက် ကြည်နူးပီတိဖြစ်ဖွယ် အပြည့်စုံဆုံး ညတစ်ညဖြစ်ခဲ့သည်။

ထို့ပြင် ပွဲတော်ကြီး ကျင်းပနေစဉ်အတွင်း နိုင်ငံကျော်တေးသံရှင် ရဲထိုက်၊ မေ့ချစ်သက်၊ J Fire၊ ဆုထက်လှိုင်နှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန၊ မြဝတီ ရုပ်မြင်သံကြားတို့မှ ယိမ်းအဖွဲ့များနှင့် တေးသံရှင်များက တန်ဆောင်တိုင်ပွဲတော်ကာလကို ဖော်ကျူးရေးဖွဲ့ထားသည့် တေးသီချင်းများ တွဲဖက်၍ မြန်မာ့ရိုးရာယဉ်ကျေးမှုအကအလှများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြရာ ဘုရားဖူးပြည်သူများကလည်း ရိုးရာယဉ်ကျေးမှုနှင့်အညီ တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

ထို့ပြင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရည်မှန်းပူဇော်ခဲ့ကြသည့် တန်ဆောင်တိုင်ပွဲတော်ကြီးတွင် စေတနာ၊ ဝီရိယ၊ အနုပညာနှင့် ကုသိုလ်စိတ်များ ပေါင်းစပ်ကာ မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုများ အသီးသီးရရှိခဲ့ကြသည့် ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အဖွဲ့များကိုလည်းကောင်း၊ ညတွင်းချင်း စေတနာထက်သန်စွာဖြင့် အချိန်မီရက်လုပ်၍ အမြင့်မြတ်ဆုံးသော ပူဇော်မှုအဖြစ် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော် ပြိုင်ပွဲတို့တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရက်ကန်းပညာရှင်အဖွဲ့များကိုလည်းကောင်း ဂုဏ်ပြုဆုများထိုက်တန်စွာ ချီးမြှင့်ခဲ့ရာ ဆုရရှိကြသူများ၏ အောင်မြင်မှု ကြည်နူးပီတိအပြုံးများနှင့်အတူ ပြည်သူများ၏ အားပေးဂုဏ်ပြုသည့် လက်ခုပ်သြဘာသံများသည်လည်း ပွဲတော်ကြီးတစ်ခုလုံး ပွဲ့ထင်ထပ်သွားခဲ့သည်။

ထို့ပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း၌လည်း LED မီးများဖြင့် အလှဆင်ပူဇော်ထားရှိသည့်အတွက် ခမ်းနားထည်ဝါစွာတည်ထားပူဇော်ထားသည့် ဘုရား၊ စေတီ၊ ပုထိုးများ၏ သပ္ပာယ်မှုများနှင့် အံ့မခန်းဗိသုကာလက်ရာများကိုလည်း လာရောက်ကြသည့် ဘုရားဖူးလာပြည်သူများ တစ်နှစ်တွင် တစ်ကြိမ်သာ ကြုံတွေ့ရမည့် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် ယှဉ်တွဲ၍ ဖူးမြော်ကြည်ညိုလေ့လာခဲ့ကြသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်ကို မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော်၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲတော်များနှင့်အတူ တေးဂီတနှင့် ဇာတ်သဘင်ဖျော်ဖြေပွဲ၊ ဈေးရောင်းပွဲတော်တို့ဖြင့် နိုဝင်ဘာ ၂ ရက်မှ ၄ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပပေးခဲ့ပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများအနေဖြင့်လည်း တစ်ခဲနက်လာရောက်၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ကြည်ညိုသဒ္ဓါပွားများစွာ ဖူးမြော်ရသည့်အပြင် တန်ဆောင်တိုင်ည၏ သာယာကြည်နူးဖွယ်ရာ အလှတရားများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုရသများနှင့် ဖျော်ဖြေရေးအစီအစဉ်များကိုပါ တစ်နေရာတည်းတွင် အပြည့်အဝ ခံစားဆင်နွှဲနိုင်ခဲ့သည့်အတွက် ကုသိုလ်တရားများဖြင့် ပြည့်နှက်နေသည့် စိတ်ကြည်နူးချမ်းမြေ့ဖွယ်ရာ ပွဲတော်ကြီးတစ်ခုအဖြစ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

မျိုးဆက်သစ်၊ ဂျိုင်းလော
ဓာတ်ပုံ – ဖိုးပြည့်စုံ၊ သီဟ



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဘုရားဖူးလာပြည်သူများအား တွေ့ရစဉ်။

## တစ်နေ့လျှင် ခြေလှမ်း ၅၀၀၀ မှ ၇၅၀၀ ကြားလှမ်းခြင်းက အယ်ဇိုင်းမားရောဂါနှင့်ဆက်နွှယ်သော ဦးနှောက်ပြောင်းလဲမှုဖြစ်စဉ်များကို နှေးကွေးအောင် ကူညီပေးနိုင်ဟုဆို

**မဲလ်ဘုန်း နိုဝင်ဘာ ၄**

တစ်နေ့လျှင် ခြေလှမ်း ၅၀၀၀ မှ ၇၅၀၀ ကြားလှမ်းခြင်းသည် အယ်ဇိုင်းမားရောဂါနှင့် ဆက်နွှယ်သော ဦးနှောက်ပြောင်းလဲမှုဖြစ်စဉ်များကို နှေးကွေးအောင် ကူညီပေးနိုင်ကြောင်း သြစတြေးလျနှင့် အပြည်ပြည်ဆိုင်ရာ သုတေသီများ၏ ပြောကြားချက်အရ သိရသည်။

Nature Medicine မဂ္ဂဇင်းတွင် ဖော်ပြထားသော အဆိုပါ လေ့လာမှုတွင် အသက် ၅၀ မှ ၉၀ အတွင်း ဦးနှောက်လုပ်ဆောင်ချက်ပုံမှန်ရှိသော လူပေါင်း ၂၉၄ ဦးအား ၁၄ နှစ်အထိ လေ့လာစောင့်ကြည့်ခဲ့ကြောင်း၊ ၎င်းတို့၏ နေ့စဉ် ခြေလှမ်းအရေအတွက်၊ ဦးနှောက် လုပ်ဆောင်ချက်နှင့် အယ်ဇိုင်းမားရောဂါနှင့် ဆက်နွှယ်နေသော ပရိုတင်းခဲတက်များ ဦးနှောက်ထဲစုပုံလာမှု စသည့် အချက်များကို လေ့လာစောင့်ကြည့်ခဲ့ကြောင်း သိရသည်။

ကိုယ်လက်လှုပ်ရှားမှု ပိုမိုလုပ်ဆောင်ခြင်းက ဦးနှောက် စွမ်းဆောင်ရည် ကျဆင်းမှုကို နှေးကွေးစေခြင်းနှင့် ဆက်စပ်နေသည်ဟု ဆိုသည်။ ဦးနှောက်ထဲတွင် အယ်ဇိုင်းမားရောဂါ အစောပိုင်း လက္ခဏာပြသသူများသည် နေ့စဉ်ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် ရောဂါတိုးတက်မှုကို နှေးကွေးစေနိုင်ကြောင်း သြစတြေးလျနိုင်ငံ မဲလ်ဘုန်း တက္ကသိုလ် သုတေသီများက ပြောကြားသည်။

လေ့လာမှုတစ်ရပ်တွင် နေ့စဉ် ခြေလှမ်း ၅၀၀၀ ကျော် လှမ်းသောသူများသည် မှတ်ဉာဏ်နှင့်တွေးခေါ်မှုစွမ်းရည် ကျဆင်းနှုန်းပိုမိုနှေးကွေးကြောင်း ဖော်ပြထားသည်။ တစ်နေ့ ခြေလှမ်း ၅၀၀၀ မှ ၇၅၀၀ ကြားလှမ်းသည့် အလယ်အလတ်အဆင့် လှုပ်ရှားမှုက Tau ပရိုတင်းနှင့် သိမြင်မှုစွမ်းရည် တည်ငြိမ်စေကြောင်းလည်း သိရသည်။ ထို့အပြင် တစ်နေ့ကို ခြေလှမ်း ၃၀၀၀ မှ ၅၀၀၀ ဝန်းကျင်ကြားလှမ်းလျှင်ပင် Tau ပရိုတင်းနှင့် သိမြင်မှုစွမ်းရည် ကျဆင်းမှုကို သိသိသာသာနှေးကွေးစေကြောင်း သိရသည်။ **ဆင်ဟွာ**

■



## ဂျာမနီနိုင်ငံ၌ H5N1 ဗိုင်းရပ်စ်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် တိရစ္ဆာန်ကောင်ရေ တစ်သန်းနီးပါး ရှင်းလင်း

**ဘာလင် နိုဝင်ဘာ ၄**

ဂျာမနီနိုင်ငံ၌ အလွန်ကူးစက်မြန်သော H5N1 ဗိုင်းရပ်စ်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန် တိရစ္ဆာန်ကောင်ရေ တစ်သန်းနီးပါးကို ရှင်းလင်းခဲ့ရကြောင်း ဂျာမနီနိုင်ငံ ဖက်ဒရယ် တိရစ္ဆာန်ကျန်းမာရေး အေဂျင်စီ ဖရက်ဒရစ်လော့ဖ် လာ အင်စတီကျု(အက်ဖ်အယ်အိုင်)က နိုဝင်ဘာ ၃ ရက်တွင် ပြောကြားထားသည်။

ယခုနှစ်အတွင်း အတည်ပြုကူးစက်ဖြစ်ပွားသော အရေအတွက်မှာ ၂၀၂၁ ခုနှစ်က အလားတူအချိန်တွင် စံချိန်မှတ်တမ်းတင်ထားသည့် အရေအတွက်ကိုပင် ကျော်လွန်သွားပြီ ဖြစ်ကြောင်း အဆိုပါ အင်စတီကျုက ပြောသည်။

ယခုနှစ်တွင် ကူးစက်မှုလှိုင်း စတင်မှုမှာ မြန်ဆန်လာကြောင်း၊ သို့သော်လည်း ယမန်နှစ်များကထက် လျင်မြန်စွာ ကျဆင်းသွားမည်လားဆိုသည်ကို ဆက်လက်စောင့်ကြည့်ရမည် ဖြစ်ကြောင်း အက်ဖ်အယ်အိုင်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။ စက်တင်ဘာလ အစောပိုင်းမှစတင်ကာ ဂျာမနီနိုင်ငံတစ်ဝန်း ကြက်မွေးမြူရေးခြံ ဖ၆ ခုတွင် ရောဂါကူးစက်ဖြစ်ပွားမှုတွေ့ရှိခဲ့ကြောင်း၊ ၎င်းတို့ထဲတွင် လုပ်ငန်းကြီးများလည်း ပါဝင်ပြီး ကြိုတင်ကာကွယ်ရေးလုပ်ဆောင်မှုအဖြစ် တိရစ္ဆာန်များကို အစုလိုက် အပြုံလိုက် ရှင်းလင်းခဲ့ရကြောင်း သိရသည်။

ဂျာမနီနိုင်ငံ အနောက်မြောက်ပိုင်း လိုးရှားဆက်ဆိုနီပြည်နယ်သည် လက်ရှိအချိန်အထိ ကူးစက်ခံရသည့် မွေးမြူရေးခြံ ၃၀ နှင့်အတူ အဆိုးရွားဆုံး ကူးစက်ခံရသည့် ပြည်နယ်အဖြစ် ရှိနေသည်။ ဂျာမနီနိုင်ငံတွင် လက်ရှိကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုလှိုင်းသည် လျော့ကျသွားမည့် အရိပ်အယောင်မတွေ့ရသေးဘဲ လာမည့်သီတင်းပတ်များအတွင်း တောင်ဘက်ဒေသများသို့ ရွှေ့လျားသွားနိုင်ကြောင်း အက်ဖ်အယ်အိုင်က ပြောသည်။

၂၀၂၁ ခုနှစ်တွင် ဂျာမနီနိုင်ငံတစ်ဝန်း ကြက်မွေးမြူရေးခြံများ၊ တိရစ္ဆာန်ရုံများနှင့် ပုဂ္ဂလိကမွေးမြူရေးနေရာ ၂၈၆ ခုတွင် ကြက်ငှက်တုပ်ကွေး ကူးစက်ဖြစ်ပွားခဲ့ကြောင်း အက်ဖ်အယ်အိုင်က ပြောသည်။ ထိုအချိန်က တိရစ္ဆာန်အကောင်ရေ နှစ်သန်းကျော် သတ်၍ ရှင်းလင်းခဲ့ရကြောင်း ဂျာမနီမီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။ **ဆင်ဟွာ**



## အေအိုင်ခေတ်သစ်ကို ဖွင့်လှစ်တော့မည်ဟု တောင်ကိုရီးယားသမ္မတ ပြော

**ဆိုးလ် နိုဝင်ဘာ ၄**

တောင်ကိုရီးယားသမ္မတ လီဂျေမြောင်သည် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုတွင် သိသာထင်ရှားသောရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် အေအိုင်ခေတ်တစ်ခေတ်ကို ဖွင့်လှစ်တော့မည်ဟု နိုဝင်ဘာ ၄ ရက်က ကတိပြုပြောကြားခဲ့သည်။

အမျိုးသားညီလာခံ ဘတ်ဂျက်မိန့်ခွန်းတွင် မိမိတို့အစိုးရသည် ၂၀၂၆ ဘတ်ဂျက်တွင် ၇၂၈ ထရီလီယံဝမ် တိုးမြှင့်သုံးစွဲသွားမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ်နှိုင်းယှဉ်လျှင် ၈ ဒသမ ၁ ရာခိုင်နှုန်း တိုးလာမည်ဖြစ်ကြောင်း လီက ပြောသည်။ ကမ္ဘာ့ထိပ်တန်း အေအိုင်နိုင်ငံကြီးသုံးခုတွင် တစ်နိုင်ငံဖြစ်စေရန် အေအိုင်နည်းပညာသစ်တွင် ရင်းနှီးမြှုပ်နှံမှုသည် လာမည့်နှစ်တွင် ဝမ် ၁၀ ဒသမ ၁ ထရီလီယံအထိ တိုးမြှင့်ခွဲဝေချထားမည်ဖြစ်ကြောင်းနှင့် ၂၀၂၅ ခုနှစ်နှင့်နှိုင်းယှဉ်လျှင် သုံးဆကျော်ပိုများကြောင်း လီက ဆက်လက်ပြောကြားသည်။

သမားရိုးကျလက်နက်စနစ်များကို အေအိုင်ခေတ်နှင့်သင့်တော်သည့် ခေတ်မီလက်နက်များအဖြစ် ပြန်လည်ဖွဲ့စည်းရန်နှင့် AI နှင့် သက်ဆိုင်သော အခြေခံအဆောက်အအုံများ တည်ဆောက်ရန်နှင့် အရည်အချင်းများမွေးမြူရန် သမ္မတက ကတိပြုခဲ့သည်။ **ဆင်ဟွာ**



## တိုင်ဖွန်းမုန်တိုင်း ကယ်မဲ့ဂျီအတွက် ကြိုတင်ပြင်ဆင်ထားရန် ဗီယက်နမ်ဝန်ကြီးချုပ်တိုက်တွန်း

**ဟနွိုင်း နိုဝင်ဘာ ၄**

ဗီယက်နမ်ဝန်ကြီးချုပ် ဖမ်မင်းချင်သည် နိုဝင်ဘာ ၄ ရက်က တိုင်ဖွန်းမုန်တိုင်း ကယ်မဲ့ဂျီအတွက် ကြိုတင်ပြင်ဆင်ထားရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အေဂျင်စီများ၊ ဒေသဆိုင်ရာအာဏာပိုင်များကို တိုက်တွန်းထားသည်။

ယင်းတိုင်ဖွန်းမုန်တိုင်းသည် ဗီယက်နိုင်ငံသို့ ဝင်ရောက်နိုင်သည့် ၁၃ လုံးမြောက် မုန်တိုင်းတစ်ခုဖြစ်လာနိုင်ကြောင်း ရေအားလျှပ်စစ်–မိုးလေဝသခန့်မှန်းချက် အမျိုးသားဗဟိုဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံဖြစ်ပွားမှုကြောင့် ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းတွင် သေဆုံးသူဦးရေ ၄၀ အထိမြင့်တက်လာခဲ့ပြီး ခြောက်ဦး ပျောက်ဆုံးလျက်ရှိကာ ၇၆ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဗီယက်နမ် သဘာဝဘေးနှင့် တာတမံစီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့က နိုဝင်ဘာ ၄ ရက်တွင် အစီရင်ခံဖော်ပြခဲ့သည်။

အိမ်ခြေ ၈၀၀၀၀ နီးပါး ရေလွှမ်းမိုးနစ်မြုပ်ခဲ့သည်။ ထို့အတူ အိမ်ခြေ ၁၀၄ လုံးရေမျောပါခဲ့ပြီး ၄၅၃ လုံးပျက်စီးခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ စပါးနှင့် ကောက်ပဲသီးနှံ ဟတ်တာပေါင်း ၁၀၈၀၀ ခန့် ရေကြီးနစ်မြုပ်ခဲ့သည်။

ထို့အပြင်အိမ်ခြေ ၁၆၃၂၀၀ ကျော် လျှပ်စစ်မီးပြတ်တောက်ခဲ့ကြောင်း အစီရင်ခံစာတွင်ဖော်ပြထားသည်။ **ဆင်ဟွာ**

■

## အင်ဒိုနီးရှားနိုင်ငံသို့ နိုင်ငံတကာခရီးသွား ၁၁ ဒသမ ၄၃ သန်း ဝင်ရောက်

**ဂျကာတာ နိုဝင်ဘာ ၄**

ယခုနှစ် ပထမ ကိုးလအတွင်း အင်ဒိုနီးရှားနိုင်ငံသို့ နိုင်ငံတကာခရီးသွား ၁၁ ဒသမ ၄၃ သန်း ဝင်ရောက်မှုရှိခဲ့ပြီး ယမန်နှစ် အလားတူကာလကထက် ၁၀ ဒသမ ၂၂ ရာခိုင်နှုန်း မြင့်တက်လာကြောင်း အင်ဒိုနီးရှားစာရင်းအင်းရုံး (ဘီပီအက်စ်) က နိုဝင်ဘာ ၃ ရက်တွင် ပြောသည်။

စက်တင်ဘာလ တစ်လတည်းတွင် အင်ဒိုနီးရှားနိုင်ငံသို့လာရောက်လည်ပတ်သည့် နိုင်ငံတကာခရီးသွား အရေအတွက်မှာ ၁ ဒသမ ၃၉ သန်းရှိပြီး ယမန်နှစ်ကထက် ၉ ဒသမ ၀၄ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။ စက်တင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံသို့ လာရောက်သည့် နိုင်ငံတကာခရီးသွားအရေအတွက် အများဆုံးမှာ မလေးရှား၊ သြစတြေးလျနှင့် စင်ကာပူနိုင်ငံတို့မှ ဖြစ်ကြောင်း ဘီပီအက်စ်၏ ဖြန့်ဖြူးရေးနှင့် စာရင်းအင်း ဝန်ဆောင်မှုဌာန ဒုတိယအကြီးအကဲဖြစ်သူ ပူဂျီ အစ်မာတီနီက ပြောသည်။ **ဆင်ဟွာ**



◆ *ကျောဖုံးမှ*

ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးတို့က အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေနှင့် ကရင်ပြည်နယ်ဝန်ကြီးချုပ်တို့သည် အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြသည်။

အလားတူ နိုဝင်ဘာ ၃ ရက် ညနေပိုင်းတွင်လည်း ရှေ့တန်းစစ်မျက်နှာများတွင် ရွပ်ရွပ်ချွံချွံတိုက်ပွဲဝင်ပြီး အောင်ပွဲအလီလီ ရယူနိုင်ခဲ့သော အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အင်းတိုင်ကျေးရွာ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အနုပညာရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး ရှေ့တန်းပြန် တပ်မတော်သားများအား အောင်သပြေခက်ကမ်း၍ ပန်းကုံးစွပ်ပြီး အိုးစည်ဒိုးပတ်၊ အတီးအမှုတ် အကအခုန်များဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။**(ယာပုံ)**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



❖ *ကျောဖုံးမှ*

"ကလေး၊ လူကြီး အားလုံးအေးအေးချမ်းချမ်း ပျော်ပျော်ပါးပါးနဲ့ တော်တော်စည်ကားပါတယ်။ မာရဝိဇယရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်ရင်း မိသားစုနဲ့အတူ ဘုရားပွဲတော်လည်ရင်း၊ မီးပုံးပျံလွှတ်တာတွေ ကြည့်ရင်းလာရောက်တာပါ။ ဒီနှစ်မှ ပထမဆုံး နေပြည်တော်တန်ဆောင်တိုင်ပွဲတော် ရောက်ဖူးတာပါ။ ဈေးရောင်းပွဲတော်မှာ ဒေသထွက်ကုန်ပစ္စည်းတွေကိုလည်း လေ့လာခွင့်ရခဲ့သလို၊ နိုင်ငံကျော်အဆိုတော်တွေရဲ့ ဖျော်ဖြေရေးအစီအစဉ်တွေ၊ အနုသုခုမ ဇာတ်သဘင်ဖျော်ဖြေရေးအစီအစဉ်တွေ ကြည့်ရှုခွင့်ရတဲ့အတွက် ပွဲတော်ကို စီစဉ်ပေးတဲ့ တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးတင်ပါတယ်" ဟု ကျောက်ပန်းတောင်းမြို့မှ လာရောက်လည်ပတ်သည့် ဒေါ်စမ်းစမ်းအေးက ပြောသည်။

**ဝယ်ယူအားပေးလျက်ရှိ**

ထိုသို့ တန်ဆောင်တိုင်ပွဲတော် လာရောက်ကြသည့် ပြည်သူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပရိဝုဏ်အပြင်ဘက်ရှိ ဈေးရောင်းပွဲတော်၌ ရောင်းချလျက်ရှိသည့် ဒေသထွက်ကုန်များ၊ ဒေသအစားအစာများကိုလည်း အထူးနှစ်ခြိုက်စွာ ဝယ်ယူအားပေးလျက်ရှိသည်ကိုတွေ့ရသည်။

"မကွေးပဲဆီသန့်ဆုံဆီ လာရောက်ပါဝင်ရောင်းချတာပါ။ ပွဲတော်လာ ဧည့်ပရိသတ်တွေက ဝယ်ယူကြပါတယ်။ တချို့က ပွဲတော်ပထမရက်က ဝယ်ယူပြီး ကြိုက်နှစ်သက်လို့ ထပ်မံလာရောက် အားပေးတာတွေလည်းရှိပါတယ်။ အော်ဒါမှာတာလည်း ရှိတယ်။ တန်ဆောင်တိုင်ပွဲတော်ဆိုပေမယ့် ဒေသထုတ်ကုန်တွေ၊ ဒေသအစားအစာတွေ ပါဝင်ရောင်းချခွင့်ပေးတဲ့အတွက် ကျွန်မတို့လို MSME လုပ်ငန်းရှင်တွေအနေနဲ့ စားသုံးသူနဲ့ တိုက်ရိုက်ထိတွေ့ ရောင်းချခွင့်ရတယ်။ Marketing တစ်မျိုးလို့လည်း ပြောလို့ရပါတယ်။ ရောင်းအားလည်းကောင်းပါတယ် " ဟု Ok သင်းရန့် ပဲဆီသန့်လုပ်ငန်းမှ မအေးချမ်းဖြိုးက ပြောသည်။

ဈေးရောင်းပွဲတော်တွင် ဒေသအလိုက် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး (MSME) ထုတ်ကုန်ပြခန်းများ၊ နေပြည်တော်ကောင်စီနယ်မြေမှ MSME စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ၊ One Region One Product (OROP) ထုတ်ကုန်ပစ္စည်းများ၊ EV ကားနှင့်မော်တော်ဆိုင်ကယ် အရောင်းပြခန်း အပါအဝင် ဆိုင်ခန်းပေါင်း ၃၀၈ ခန်းဖြင့် အမျိုးအစားစုံလင်စွာ ခင်းကျင်းပြသရောင်းချပေးလျက်ရှိသည်။

ထို့အတူ ဈေးဆိုင်ခန်းများတွင် ဖျော်ရည်၊ ယိုမျိုးစုံ၊ မှျစ်ချဉ် စသည့် ဒေသထွက်ကုန်များ၊ ပယင်းလက်မှုပစ္စည်းများ၊ ကျောက်ပန်းချီနှင့် ကျောက်မျက်အချောထည်ပစ္စည်းများ၊ လက်မှုပန်းချီကားများ၊ လက်ရက်ကန်းထည်များ၊ ချည်ထည်အဝတ်အထည်များ၊ မြန်မာမှုလုပ်ငန်းများ စသည်ဖြင့် အမျိုးအစားအလိုက် ခင်းကျင်းရောင်းချလျက်ရှိရာ ပွဲတော်လာပရိသတ်များက စိတ်ကြိုက်ရွေးချယ် ဝယ်ယူလျက်ရှိကြသည့်အပြင် ရှမ်းအစားအစာ အရောင်းဆိုင်၊ ရခိုင်အစားအစာ အရောင်းဆိုင်၊ မြန်မာမုန့်မျိုးစုံ အရောင်းဆိုင်အပါအဝင် အမျိုးအစားအစုံ၊ အရသာအစုံ ရောင်းချနေမှုကို စားသုံးသူများက ကြိတ်ကြိတ်တိုး ဝယ်ယူအားပေးလျက်ရှိကြသည်။

"တကယ်ကို ပျော်စရာကောင်းတဲ့ ပွဲတော်ကြီးပါ။ ပွဲတော်သုံးရက်လုံး လာဖြစ်တယ်။ မာရဝိဇယဘုရားကြီးက သပ္ပာယ်တယ်၊ ဘုရားဖူးရင်း အေးချမ်းမှုကို ခံစားရတယ်။ ဘုရားဝင်းကလည်း ကျယ်တော့ ဘုရားဖူးတွေလည်း အေးအေးဆေးဆေး ရှိတယ်။ ပွဲတော်မှာ ရောင်းချတဲ့ ဒေသထွက်ကုန်တွေကို ဝယ်ယူဖြစ်ခဲ့ပါတယ်။ တိုင်းရင်းသား ရိုးရာအစားအစာတွေကိုလည်း မြည်းစမ်းဦးမှာပါ။ ဈေးရောင်းပွဲတော်လည်ပြီးရင် အဆိုတော်တွေ ဖျော်ဖြေမှုကို အားပေးမယ်။ အလုပ်ပိတ်ရက်ဖြစ်တဲ့အတွက် အေးအေးဆေးဆေး အပန်းဖြေခွင့်ရတဲ့ ပွဲတော်ကြီးပါ။ ဒါကြောင့် ဖျော်ဖြေရေးအစီအစဉ် အားလုံးပြီးမှပဲ ပြန်မှာပါ " ဟု ပွဲတော်လာရောက်သူတစ်ဦးက ပြောသည်။

**အနှစ်သာရပိုမိုပေါ်လွင်**

ထိုကဲ့သို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးပြည်သူအများ စိတ်အပန်းဖြေပျော်ရွှင်မှုရှိစေရေးအတွက် ရဟတ်၊ ပင်လယ်ဓားပြလှေ၊ ပျော့အိ၊ ကလေးစီး ချားဝိုင်း၊ ကလေးစီးရထားဝိုင်း၊ ကလေးစီးလှုပ်စိ၊ ကလေးစီးဒုံး စသည်ဖြင့် ကစားနည်းမျိုးစုံကို ထည့်သွင်းစီစဉ်ထားသည့်အတွက် ကလေးငယ်များက ကစားကွင်းအပြည့် ပျော်ရွှင်စွာ လာရောက်ဆော့ကစားကြပြီး ကလေးငယ်များ၏ လှုပ်ရှားမှုများသည် တန်ဆောင်တိုင်ပွဲတော်၏ အေးချမ်းသာယာမှု အနှစ်သာရကို ပိုမိုပေါ်လွင်စေသည်။

ထို့ပြင် ပွဲတော်လာပြည်သူများ အေးချမ်းပျော်ရွှင်စွာ တန်ဆောင်တိုင်ပွဲတော်ကြီး နွှဲပျော်နိုင်ရန်၊ စိတ်အပန်းဖြေစေရန်အတွက် ပွဲတော်ကျင်းပသည့် သုံးရက်စလုံး အခမဲ့ဖျော်ဖြေရေး အစီအစဉ်များကို ထည့်သွင်းကျင်းပလျက်ရှိရာ နိုင်ငံကျော် တေးသံရှင်များ၏ ခေတ်ပေါ်တေးဂီတ စတိတ်ရှိုးသည် ပွဲတော်လာ လူငယ်များ၊ ကျောင်းသား ကျောင်းသူများ၏ အားပေးမှု အထူးရရှိခဲ့သည်။

**အလှည့်ကျဖျော်ဖြေသီဆို**

စတိတ်ရှိုး ဖျော်ဖြေရေးအစီအစဉ်များတွင် Hi Bird Music Band နှင့် Runner Music Band တို့နှင့် တွဲဖက်၍ နိုင်ငံကျော် တေးသံရှင်များ ဖြစ်ကြသည့် ကိုင်ဇာ၊ ကော်နီ ၊ ရဲသွင်၊ ရတနာမိုင်၊ ဝိုင်းဆုခိုင်သိန်း၊ မိစန္ဒီ၊ နန်းခင်ဇေယျာ၊ ဆောင်းယွန်းစံ၊ မိုးပြည့်ပြည့်မောင်၊ ဟဲလေး၊ ဖြိုးကြီး၊ ဂျီလတ်၊ ဝေကြီး၊ Yong P၊ ဆုပန်ထွာ ၊ နေမင်းအိမ်၊ ဝိုင်းလေး၊ ဖော်ဝေး၊ ထက်ယံ၊ ဂျိုးလေး၊ ရော်ရွက်၊ သံသာမိုးသိမ့်၊ ဝင့်ယမုံနိုင်၊ စည်သူဝင်း၊ ဆုထက်လှိုင်၊ ဟန်ထူးဈာန်၊ ဈာန်ဈာန်ဟန်သာ၊ ထက်အဥ္စလီ၊ ယွန်းမြတ်သူ၊ ဝန၊ J Fire ၊ Ice Cold ၊ M Three ၊ မိုးအာကာဝင်း၊ ဖွဲ့ထက်၊ ခိုင်မြဲသစ္စာ ၊ A Yoon ၊ အေးငြိမ်းစံ ၊ ပိုးဖြူဖြူ နှင့် Tommy Kyaw တို့က ပွဲတော်လာ ပရိသတ်အကြိုက် ခေတ်ပေါ် တေးသီချင်းများဖြင့် အလှည့်ကျ ဖျော်ဖြေသီဆိုပေးကြသည်။

ထိုသို့ နိုင်ငံကျော်တေးသံရှင်များ၏ တေးသီချင်းများ မြူးမြူးကြွကြွ သီဆိုဖျော်ဖြေမှုများကို ပရိသတ်များက အတူလိုက်ပါ သီဆိုကခုန် စီးမြောရင်း တန်ဆောင်တိုင်ပွဲတော်ကို ကွင်းပြည့်ကွင်းလျှံ အေးချမ်းပျော်ရွှင်စွာ လာရောက်ဆင်နွှဲခဲ့ကြသည်။

ထို့အတူ နိုင်ငံကျော် ဇာတ်မင်းသား ဖိုးချစ် ဇာတ်ပွဲသဘင်၏ ခေတ်မီသည့် သဘင်စင်မြင့် အပြင်အဆင်များ၊ အသံစနစ်များ၊ ခေတ်မီနည်းပညာရပ်များ၊ ဆိုင်းဝိုင်းကြီးနှင့် အနောက်တိုင်း တူရိယာများ၏ မြူးမြူးကြွကြွ မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်မှုများကို တွဲဖက်ပံ့ပိုးပြီး ထူးခြားပြောင်မြောက်သည့် သဘင်အနုပညာဖြင့် ပေါင်းစပ်ဖျော်ဖြေတင်ဆက်မှုများက ပရိသတ်အကြိုက်တွေ့သည့်အပြင် သဘင်ချစ်ပရိသတ်များကို အပန်းဖြေစေခဲ့သည်။

**နှစ်သက်စွာခံစားကြည့်ရှု**

ယနေ့ ပွဲတော်နောက်ဆုံးည ဖျော်ဖြေတင်ဆက်မှုတွင် မြို့ရွှေမန်းသားဖိုးချစ် ဆိုင်းတီးဝိုင်းအဖွဲ့၏ ပဏာမ ဧည့်ခံတီးလုံးဖျော်ဖြေမှု၊ ဇာတ်သဘင် အကအဖွဲ့၏ ဖေဖေကျော် နတ်ယိမ်းအက ဖျော်ဖြေမှု၊ အဖွဲ့လိုက် ပဏာမတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှု၊ ပျော်စရာကပွဲ ဘုံကထိန်သီချင်းဖြင့် အကအဖွဲ့၏ ဖျော်ဖြေမှု၊ တေးဂီတပညာရှင် ထပ်ဆင့်အကယ်ဒမီ ခီရာမိုရ်၏ တေးသီချင်း တီးခတ်မှုများကို နောက်ခံပြု၍ မြို့ရွှေမန်းသား ဖိုးချစ် ဦးဆောင်တင်ဆက်ကပြသည့် တာဖ(သို့မဟုတ်)လက်ပံပွင့်ကောက် အော်ပရာ၊ နိုင်ငံကျော် ဟာသလူရွှင်တော်များ ပါဝင်သည့် ဟာသတစ်ခန်းရပ် အစီအစဉ်၊ ခေတ်ပေါ်တေး အစီအစဉ်၊ တရားရှင် ဇာတ်တော်ကြီး၊ နှစ်ပါးသွား အက စသည်တို့ကို ဇာတ်သဘင်ပညာရှင်များက သဘင်အနုပညာ အပြည့်ဖြင့် စည်းဝါးနှင့်အပြိုင် ဟန်ချက်ညီညီ သီဆိုကပြ ဖျော်ဖြေတင်ဆက်ခဲ့ကြရာ သဘင်ချစ်ပရိသတ်များက အားပေးမှု လက်ခုပ်သံများဖြင့် နှစ်သက်စွာ ခံစားကြည့်ရှုခဲ့ကြသည်။

ထိုသို့ ပွဲတော်လာ ပရိသတ်များ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲနိုင်ရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက်လည်းကောင်း၊ ကျန်းမာရေးဝန်ထမ်းများက ပွဲတော်လာပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ပါက ကုသမှုပေးနိုင်ရန် ဆေးခန်းဖွင့်လှစ်၍လည်းကောင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ပွဲတော်သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်များ သိမ်းဆည်းခြင်းကိုလည်းကောင်း ပွဲတော်ကျင်းပသည့် သုံးရက်တာအတွင်း တာဝန်ထမ်းဆောင်ပေးကြကြောင်း သိရသည်။

**သန်းမင်းအောင်၊ ဂျိုင်းလော**

**ဓာတ်ပုံ-သီဟ၊ ပြည့်စုံ**



# ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၄

**ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီဥက္ကဋ္ဌ ဦးယန်ကျင်ကန်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၄ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် မြန်မာနိုင်ငံသူ၊ နိုင်ငံသား လုပ်သားပြည်သူတစ်ရပ်လုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံနိုင်ကြပါစေလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီရဲ့ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်များကို ကိုးကန့်တိုင်းရင်းသားထုတစ်ရပ်လုံးနဲ့ တိုင်းရင်းသားမိဘပြည်သူတစ်ရပ်လုံးသို့ ဖတ်ကြားတင်ပြသွားမယ့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီဥက္ကဋ္ဌ ယန်ကျင်ကန် ဖြစ်ပါတယ်။

**ပြည်ထောင်စုဖွား တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများ ခင်ဗျား-**

ကျွန်တော်တို့ရဲ့ ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီကို ၁၉၈၉ ခုနှစ် မြန်မာ့နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုပြုခဲ့စဉ်က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ သမိုင်းအစဉ်အလာ ကြီးမားခဲ့သည့် ကိုးကန့်အမျိုးသားခေါင်းဆောင်ကြီးများ၏ ဦးဆောင်ကြိုးကြပ်မှုဖြင့် စတင်ဖွဲ့စည်းပေါ်ပေါက် တည်ထောင်လာခဲ့ရတာ ဖြစ်ပါတယ်။

ထိုမှတစ်ဆင့် နိုင်ငံရေးလိုအပ်ချက်အရ ပါတီကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ အကြိမ်ကြိမ်ပြန်လည်မှတ်ပုံတင်ပြီး နိုင်ငံရေးခရီးကို လျှောက်လှမ်းလာခဲ့တာဖြစ်တဲ့အတွက် နိုင်ငံရေးဖြတ်သန်းမှု အတွေ့အကြုံများကိုလည်း အတော်အတန်ရရှိခဲ့ပြီးဖြစ်တဲ့ တိုင်းရင်းသားပါတီတစ်ရပ်ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်မှာ ကျင်းပခဲ့တဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ လားရှိုး၊ သိန္နီ၊ ကွမ်းလုံမြို့နယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာမှာ ကွမ်းလုံမြို့နယ် ပြည်သူ့လွှတ်တော်နဲ့ ပြည်နယ်လွှတ်တော်မှာ အနိုင်ရရှိခဲ့လို့လွှတ်တော်နိုင်ငံရေးအတွေ့အကြုံများကိုလည်း အထိုက်အလျောက်ရရှိနေပြီးတဲ့ ပါတီဖြစ်ပါတယ်။

ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီရဲ့ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်၊ ရပ်တည်ချက်၊ မျှော်မှန်းချက်များကို တင်ပြရမည်ဆိုလျှင် -

ကိုးကန့်တိုင်းရင်းသားများဟာ နယ်စပ်ဒေသတောင်ပေါ်နေ တိုင်းရင်းသားများဖြစ်ကြပြီး ယခုအခါ မြန်မာနိုင်ငံအနှံ့ ပျံ့နှံ့ရောက်ရှိ နေထိုင်ကြသော်လည်း အများစုမှာ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးများမှာ နောက်ကျနိမ့်ပါးနေဆဲဖြစ်ပါတယ်။ ပြည်ထောင်စုတိုင်းရင်းသားများ ဖြစ်ကြပါသော်လည်း မိမိတို့ထမ်းရွက်ရမည့် နိုင်ငံ့တာဝန်နှင့် မိမိတို့ရရှိသင့်တဲ့ တိုင်းရင်းသားအခွင့်အရေးများကို မှန်ကန်စွာ သိမြင်နိုင်ရန် လိုအပ်နေဆဲဖြစ်ပါတယ်။

တခြားညီနောင်တိုင်းရင်းသားများနှင့်အတူ အေးအတူပူအမျှ ယှဉ်တွဲနေထိုင်သွားရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများမှာ အသိအမြင် မှန်ကန်ရေး၊ ရရှိသင့်သည့် တိုင်းရင်းသားအခွင့်အရေးများ အပြည့်အဝရရှိရေးအတွက် နိုင်ငံရေးနည်းလမ်းများဖြင့် ဆောင်ရွက်စရာ လိုအပ်ချက်များစွာ ရှိနေသေးတဲ့ ကိုးကန့်တိုင်းရင်းသားများအတွက် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ ပေါ်ပေါက်ရပ်တည်လာခဲ့ရတာဖြစ်ပါတယ်။

ကိုးကန့်တိုင်းရင်းသားများဟာ ပြည်ထောင်စုဖွား ညီနောင်တိုင်းရင်းသားတစ်ရပ်လုံးနဲ့ အတူယှဉ်တွဲနေထိုင်ကြတဲ့အတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအစရှိတဲ့ လူမှုဘဝများကို မြှင့်တင်နိုင်မှသာလျှင် နိုင်ငံတော်ကို စီမံအုပ်ချုပ်နေတဲ့ နိုင်ငံတော်အစိုးရက မျှော်မှန်းဖော်ဆောင်နေတဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် နိုင်ငံတော်ကို ချီတက်လျှောက်လှမ်းရာမှာ ဝန်ထုပ်ဝန်ပိုးသဖွယ် ဖြစ်မနေစေဘဲ အခြားညီနောင်တိုင်းရင်းသားပြည်သူများနဲ့အတူ လက်ရည်တစ်ပြင်တည်း အတူယှဉ်တွဲ ရပ်တည်လျှောက်လှမ်းပြီး နိုင်ငံအတွက် တန်ဖိုးရှိတဲ့ နိုင်ငံသားအဖြစ် ရပ်တည်သွားနိုင်မှာဖြစ်ပါတယ်။

အထူးသဖြင့် ပြောင်းလဲလာတဲ့ မြန်မာ့နိုင်ငံရေး အခင်းအကျင်းမှာ စစ်မှန်တဲ့ ပြည်ထောင်စုစိတ်ဓာတ်၊ တည့်မတ်မှန်ကန်သည့် ပြည်ထောင်စုဖွားတိုင်းရင်းသားအမြင်နဲ့ အတွေးအခေါ် အယူအဆများ ရှိကြရမှာဖြစ်ပါတယ်။

ထို့အတူ အချုပ်အခြာအာဏာပိုင်နိုင်ငံရဲ့ ဝိသေသဖြစ်တဲ့ နိုင်ငံတော်မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအပြင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် သာယာဝပြောပြီး လူမှုဘဝဖူလုံတဲ့ လူ့ဘောင်သစ်တစ်ရပ်ပေါ်ထွန်းဖို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနဲ့အတူ ထမ်းရွက်နိုင်ဖို့ ပါတီရဲ့ မူဝါဒလမ်းစဉ်၊ သဘောထားများကို လက်ခံယုံကြည်တဲ့ ကိုးကန့်တိုင်းရင်းသားထုတစ်ရပ်လုံးကို ကိုယ်စားပြုပြီး သမိုင်းပေးတာဝန်တစ်ရပ်အဖြစ် ထမ်းရွက်နိုင်ဖို့ ရပ်တည်နေပါကြောင်း အလေးအနက် ခံယူထားပါတယ်။

ထို့အတူ နိုင်ငံရေးကိုလည်း အဂတိတရားကင်းစွာ ရပ်တည်လျှောက်လှမ်းနိုင်ရေး အခြေခံအကြောင်းတရားများအပေါ် ခိုင်မာစွာ ရပ်တည်လျှောက်လှမ်းသွားရေးများသည်လည်း ပါတီရဲ့ မျှော်မှန်းချက်များဖြစ်ပါတယ်။

အထက်တင်ပြချက်များသည် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီရဲ့ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်များနှင့် မျှော်မှန်းချက်များဖြစ်ကြောင်း ရိုးသားစွာတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

ပြည်ထောင်စုဖွား ကိုးကန့်တိုင်းရင်းသားများအားလုံးနဲ့ တိုင်းရင်းသားပြည်သူညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှလုံးငြိမ်းအေးကြပါစေ။

# ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်း (Maritime Security Exercise) ဆောင်ရွက်စဉ် ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာခြင်း

၁။ ရေကြောင်းလုံခြုံရေး ပင်လယ်ပြင်လေ့ကျင့်ခန်းအား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၁၀ ရက်မှ ၁၄ ရက် အထိကာလအတွင်း ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း ရေပြင်၌ ရေပြင်၊ ဝေဟင်၊ ရေအောက် လေ့ကျင့်ခန်းများနှင့် လက်နက် လေ့ကျင့်ပစ်ခတ်ခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ လေ့ကျင့်ခန်းဧရိယာအဖြစ် Point A မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point D မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ်စသည့် Coordinates အမှတ်များ ဆက်ဆွဲထားသည့်ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီး ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်း ဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာမှ ၅ မိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်/ စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀ (တစ်သောင်းငါးထောင်) အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်




# မိုးတိမ်တောင်များ ဖြစ်ပေါ်ခြင်းကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် နိုဝင်ဘာ ၄**

ယနေ့မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲ အချိန် တိုင်းထွာချက်များအရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်း၊ မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းဒေသများတွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ အထက်ပင့်တက်လေ အားကောင်းရာမှ ဒေါင်လိုက်တိမ်ဖြစ်ထွန်းမှု အားကောင်းသည့်အတွက် မိုးတိမ်တောင်များ ဖြစ်ပေါ်ခြင်းကြောင့် လည်းကောင်း နိုဝင်ဘာ ၅ ရက်မှ နိုဝင်ဘာ ၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများ အနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/၉လ**

# ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီက

# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၄

**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ အတွင်းရေးမှူး(၂) နော်သဇင်တုပ်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် စောမင်းမင်းမြိုင်တို့က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၄ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**





မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရှင်၊ မြန်မာနိုင်ငံသူ/သားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ရှေးဦးစွာ ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်ရှင်။ ကျွန်မကတော့ ကရင်ပြည်နယ် အခြေစိုက် ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီဗဟို၏ အတွင်းရေးမှူး(၂) နော်သဇင်တုပ် ဖြစ်ပါတယ်ရှင်။ ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ၏ သဘောထား၊ မူဝါဒနှင့် ရှေ့ဆက်လုပ်ငန်းစဉ်များကို ဖတ်ကြားပေးပါ့မယ်ရှင်-

ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီသည် ကရင်ပြည်နယ်အတွင်း နေထိုင်ကြသည့် မြန်မာနိုင်ငံသား တိုင်းရင်းသားမျိုးနွယ်စုများဖြစ်ကြသော ပြည်သူများအားလုံးနှင့်အတူ ပူးပေါင်းလက်တွဲကာ ကရင်ပြည်နယ် အေးချမ်းသာယာဖွံ့ဖြိုးမှုမှတစ်ဆင့် အနာဂတ်မြန်မာနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ရန်အတွက် ရည်ရွယ်ပါသည်။

ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီသည် ကရင်ပြည်နယ်အတွင်း အတူတကွ ယှဉ်တွဲနေထိုင်ကြသော ကရင်တိုင်းရင်းသားများ၊ အခြားသော တိုင်းရင်းသားများနှင့် မျိုးနွယ်စုများအားလုံးကို ကိုယ်စားပြုသည့် နိုင်ငံရေးပါတီဖြစ်ပါသည်။

ထို့ကြောင့် ကရင်ပြည်နယ်အတွင်း နေထိုင်ကြသော ကရင်တိုင်းရင်းသားများ၊ အခြားသော တိုင်းရင်းသားများနှင့် မျိုးနွယ်စုများအားလုံး လက်ရှိကြုံတွေ့နေရသည့် လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးစိန်ခေါ်မှုများ အခက်အခဲများအားလုံးကို လက်တွဲကာ ပူးပေါင်းအဖြေရှာနိုင်ရန်အတွက် ရည်ရွယ်၍ ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရခြင်းဖြစ်ပါသည်။

ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ၏နိုင်ငံရေးမူဝါဒ (၅)ချက်ကို ဖတ်ကြားပေးပါ့မယ်ရှင်-

၁။ တိုင်းရင်းသား (၈) မျိုးနှင့် မျိုးနွယ်စုများအကြား တန်းတူညီမျှမှုကို အခြေခံ၍ အတူယှဉ် တွဲနေထိုင်နိုင်သည့် နိုင်ငံတော်အား တည်ဆောက်သွားရန်၊

၂။ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပါတီတစ်ခုခု၏ ဩဇာကိုမျှမခံယူဘဲ လွတ်လပ်စွာဖြင့် အများဆန္ဒနှင့်အညီ ဒီမိုကရေစီကျကျ ရပ်တည်သွားရန်၊

၃။ ဦးတည်ချက်နှင့် ရည်မှန်းချက်တူညီသော နိုင်ငံရေးပါတီများနှင့် မဟာမိတ်ဖွဲ့ပြီး နိုင်ငံတော်ဖွံ့ဖြိုးရေး၊ အေးချမ်းသာယာရေးဆိုင်ရာ ကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်သွားရန်၊

၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများ လုပ်ဆောင်သွားရန်၊

၅။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ဖြစ်ပေါ်ပြောင်းလဲနေသော အခြေအနေအရပ်ရပ်ကို သုံးသပ်ကာ လိုက်လျောညီထွေဖြစ်စေမည့် ဘက်မလိုက်သည့် အလယ်အလတ်လမ်းစဉ်ကို ကျင့်သုံးသွားရန်တို့ ဖြစ်ပါသည်။

ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ၏ ရှေ့လုပ်ငန်းစဉ်များကို ဖတ်ကြားပေးပါ့မယ်-

- ကရင်ပြည်နယ်အတွင်း နေထိုင်ကြသော ကရင်တိုင်းရင်းသားများနှင့် အခြားသော တိုင်းရင်းသားမျိုးနွယ်စုလူငယ်များ၏ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ရေတို၊ ရေလတ်၊ ရေရှည် မူဝါဒများကို ရေးဆွဲချမှတ်ကာ အကောင်အထည်ဖော်ဆောင်သွားရန်၊
- ရွှေ့ပြောင်းလုပ်သားများ ရင်ဆိုင်နေရသော အခက်အခဲများနှင့် ပြဿနာများကို ဖြေရှင်းပေးနိုင်သည့် မူဝါဒများကို ပြည်ထောင်စုအစိုးရနှင့်အတူ ရေးဆွဲချမှတ်ကာ အကောင်အထည်ဖော်ဆောင်သွားရန်၊
- စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာကဏ္ဍများ တိုးတက်စေရေးအတွက် နည်းပညာနှင့် အရင်းအနှီးဆိုင်ရာ မူဝါဒများကို ပြည်ထောင်စုအစိုးရနှင့် ပူးပေါင်းရေးဆွဲကာ အကောင်အထည်ဖော်ဆောင်သွားရန်၊
- သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်စေသော အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများအတွက် မူဝါဒများကို ပြည်ထောင်စုအစိုးရနှင့် ညှိနှိုင်းရေးဆွဲကာ အကောင်အထည်ဖော်ဆောင်သွားရန်၊ ကရင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအား သက်ဆိုင်ရာ လူပုဂ္ဂိုလ်များ/အဖွဲ့အစည်းများ (Stakeholder) နှင့် ညှိနှိုင်းပေါင်းစပ်ကာ မူဝါဒရေးဆွဲ အကောင်အထည်ဖော်ဆောင်သွားရန်၊
- ဥပဒေအရ အပြစ်ကျခံနေရသော အကျဉ်းသားများအားလုံးသည် နိုင်ငံတကာလူ့အခွင့်အရေး စံနှုန်းများနှင့်အညီ အကျဉ်းထောင်တွင် နေထိုင်ခွင့်ရရှိနိုင်ရန်နှင့် တရားမျှတစွာဖြင့် ထိုက်သင့်သော လွတ်ငြိမ်းချမ်းသာခွင့်ရရှိစေနိုင်ရန်အတွက် ကောင်းမွန်သော မူဝါဒများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ ရေးဆွဲချမှတ်အကောင်အထည်ဖော်ဆောင်သွားရန်၊
- ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံသားတိုင်း၏ အခွင့်အရေးအား ဖွံ့ဖြိုးတိုးတက်စေမည့် စံနှုန်းများကို အခြေခံပြီး အကောင်အထည်ဖော်ဆောင်သွားရန်၊
- နိုင်ငံတကာ သဘောတူညီချက်စာချုပ်ပါ အမျိုးသမီးများနှင့် ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာ ကတိကဝတ်များကို တိုင်းရင်းသားရေးရာဝန်ကြီးဌာနနှင့်အတူလက်တွဲကာ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊
- လက်နက်ကိုင် ပဋိပက္ခကြောင့် နေရပ်စွန့်ခွာပြည်သူများ၏ လိုအပ်ချက်များနှင့် ပြန်လည်နေရာချထားရေးဆိုင်ရာ အစီအစဉ်များကိုလည်း ပြည်ထောင်စုအစိုးရနှင့် အတူလက်တွဲကာ ဦးစားပေးဆောင်ရွက်သွားရန်၊
- တိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းမြေယာဆိုင်ရာ စီမံခန့်ခွဲမှုများကို အသိအမှတ်ပြုစေသော ဥပဒေများ/ မူဝါဒများကို ရေးဆွဲကာ အကောင်အထည်ဖော်ဆောင်သွားရန်၊
- လူသားအသိဉာဏ်၊ လူ့စွမ်းအင်အရင်းအမြစ်များကို အခြေခံသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ထွန်းလာစေရေးအတွက် လုပ်ဆောင်သွားရန် တို့ဖြစ်ပါသည်။

ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီသည် ကရင်ပြည်သူများ၏ လိုလားတောင့်တချက်အရ ကရင်ပြည်သူများအားလုံး အကျိုးစီးပွားကို ဖြည့်ဆည်းပေးရန် ရည်ရွယ်၍ ၂၀၁၇ ခုနှစ် မတိုင်မီကတည်းက တည်ထောင်ထားသော ကရင်ပြည်နယ်အခြေစိုက် ကရင်ပါတီ (၄) ပါတီကို ပြန်လည်ပူးပေါင်းပေးရာမှ ဖြစ်ပေါ်လာသော နိုင်ငံရေးပါတီတစ်ခုဖြစ်ပါသည်။

ကရင်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း နေထိုင်ကြသော မြန်မာနိုင်ငံသားများ အားလုံး၏ ပိုမိုကောင်းမွန်သော အနာဂတ်ကို ပိုင်ဆိုင်နိုင်ရန်အတွက် ကြိုးပမ်းကာ အကောင်အထည်ဖော်ဆောင်သွားမည်ဟု ကတိပြုပါသည်။

- ပဋိပက္ခများချုပ်ငြိမ်းဖို့ KNDP ကို မဲပေးစို့။
- တန်းတူညီမျှ ဖွံ့ဖြိုးဖို့ KNDP ကို မဲပေးစို့။
- ကျွဲချိုဖားစည်နေဝန်းနီ ပြည်သူ့ဘဝမြှင့်တင်မည်။

**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ(KNDP)၏ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် စောမင်းမင်းမြိုင်၏ ပိုးကရင်ဘာသာဖြင့် ဟောပြောချက် (မြန်မာဘာသာပြန်)**

ချစ်ခင်လေးစားရပါသော လူကြီးမင်းများနှင့် သွေးချင်းညီအစ်ကို မောင်နှမများအားလုံး ကျက်သရေတိုးပြီး ပြီးပြည့်စုံ၍ အေးချမ်းရွှင်သာကြပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

ကျွန်တော်ကတော့ ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ(KNDP)၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် စောမင်းမင်းမြိုင်ဖြစ်ပါတယ်။ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ကရင်ပြည်နယ် လွှတ်တော်၌ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည်ဖြစ်ပါသည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် ဒီမိုကရေစီ၏ အသက်သွေးကြောဖြစ်ပါသည်။ နိုင်ငံတော်ကြီးနှင့် ပြည်နယ်ခေတ်မီတိုးတက်ရန် အတွက် အားလုံးမှပံ့ပိုးကူညီကြရမည်ဖြစ်ပါသည်။

ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ KAREN NATIONAL DEMOCRATIC PARTY (KNDP)သည် ကရင်ပါတီ လေးပါတီ ပူးပေါင်းပြီး တစ်ပါတီအဖြစ် တည်ထောင်လာခဲ့သည်မှာ ၂၀၁၇ ခုနှစ်ကတည်းက ဖြစ်ပါသည်။ ထို့ကြောင့် တိုင်းသူပြည်သားများအတွက်ဖြစ်စေ၊ ကရင်တိုင်းရင်းသားများအတွက်ဖြစ်စေ ကြိုးစားလုပ်ဆောင်ကြရမည်။

ကရင်စာပေ ယဉ်ကျေးမှုနှင့် ရိုးရာယဉ်ကျေးမှုများ၊ ကရင်လူမျိုးတို့၏ မူလရပိုင်ခွင့်နှင့် ရှေးလူကြီးများ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ထားသည့် အမျိုးသားအမွေအနှစ်များ တည်တံ့ခိုင်မြဲအောင် ကြိုးစားဆောင်ရွက်သွားပါမည်။ ကရင်လူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သော ကရင်အမျိုးသားနှစ်သစ်ကူးနေ့၊ ကရင်ရိုးရာချည်ဖြူဖွဲ့ မင်္ဂလာပွဲနှင့် ကရင်အမျိုးသားနေ့ စသည့်နေ့ထူးနေ့မြတ်များကို ဖော်ထုတ်ထိန်းသိမ်းသွားပါမည်။

ရောင်ခြည်ကိုးသွယ်နှင့် ဖားစည်ကျွဲချို အမှတ်တံဆိပ်သည် KNDP ၏ အမှတ်တံဆိပ်ဖြစ်ပါသည်။ သေချာစွာမှတ်သားထားကြပါ။ ကရင်လူမျိုးကို ချစ်ပြီး KNDP ပါတီကို မြတ်နိုး တန်ဖိုးထားမည်ဆိုပါက ဂုဏ်ယူဝမ်းမြောက်မိပြီး ကျေးဇူးအထူးတင်ရှိပါသည်။ ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲတွင် ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ KNDP ပါတီသည် တိုင်းရင်းသားပြည်သူများနှင့် ကရင်လူမျိုးတို့၏ အားပေးကူညီမှုကို အထူးလိုအပ်ပါသည်။ ချစ်ခင်လေးစားရပါသော မဲဆန္ဒရှင်များ သေချာစဉ်းစား၍ မြင်အောင်ကြည့်ပြီး ယုံကြည်စိတ်ချစွာဖြင့် ကျွန်ုပ်တို့၏ KNDP ပါတီကို မဲပေးကြပါစို့......။

**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ(KNDP)၏**
**ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် စောမင်းမင်းမြိုင်၏**
**စကောကရင်ဘာသာဖြင့် ဟောပြောချက် (မြန်မာဘာသာပြန်)**

အေးချမ်းသာယာပြီး ကျက်သရေအပေါင်းနှင့် ပြည့်စုံပါစေ။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးသည် နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အရေးကြီးလှပါသည်။ ပြည်သူတို့၏ သဘောထားကို ထင်ဟပ်ပေါ်လွင်စေမည်ဖြစ်သကဲ့သို့ နိုင်ငံမှ ဆောင်ရွက်ရမည်များကိုလည်း သိရှိစေမည်ဖြစ်ပါသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို အလေးထားပြီး တလေးတစား ဆောင်ရွက်ရမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အမှားအယွင်းမဖြစ်စေဘဲ မှန်မှန်ကန်ကန် မဲပေးကြရမည်။ အသဲကြားက မဲတစ်ပြား၏ တန်ဖိုးကိုသိ၍ တန်ဖိုးရှိစွာ အသုံးချကြရမည်။ ကျွဲချို၊ ဖားစည်၊ နေဝန်းနီ အမှတ်တံဆိပ်နှင့် ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီ KNDP ကို မဲပေးကြပါ။ ကရင်ပြည်နယ်အတွက်၊ ကရင်ပြည်နယ်သူ/သားများအတွက် သင်၏ ဆန္ဒမဲတစ်ပြား အလဟဿ မဖြစ်ရအောင် ကျွန်ုပ်တို့၏ KNDP ကို မဲပေးကြပါ။

ကျေးဇူးပြု၍ ထပ်မံ၍ ပြောပါမည်။ ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ KNDP ကို မဲပေးကြပါစို့......။

အားလုံးကျန်းမာကြပါစေ။ အရာအားလုံးအောင်နိုင်ကြပါစေ။

**ပါတီ၏သီချင်းစာသား**

အပိုင်း(၁)

(KNDP)J [ဟေ့ ဟေ့ ဟေ့ ဟေ့ ] ၄ ဖားစည်၊ ကျွဲချို သံချိုချိုနဲ့၊
ရှေ့ဘက်ရောင်နီ ထွက်လာပြီ............. ငြိမ်းချမ်းရေးနိမိတ်၊
ငြိမ်းချမ်းခြင်း နိမိတ် မျှော်လင့်ချက် ရောင်ခြည်...
ကရင်အမျိုးသားများအားထားရာသည်၊ ဒီမိုကရက်တစ်ပါတီ...

အပိုင်း(၂)

(သွားမယ်၊ သွားမယ်၊ ဒို့မဲသွားပေးမယ် တို့ကရင် KNDP ၊ တို့ရဲ့
အမျိုးသားကို ကိုယ်စားပြုတဲ့ ယုံကြည်ရမဲ့ ဖားစည် ကျွဲချို KNDP)
J ဒို့တွေဘဝ နောက်မကျ ရအောင် ညီအစ်ကိုမောင်နှမတွေရေ
ဒါကြောင့် မဲထည့်မယ် တို့ကရင်ပါတီ၊ ဝေး...KNDP ...

အပိုင်း(၃)

ဒို့တွေဘဝ နောက်မကျရအောင် ညီအစ်ကိုမောင်နှမတွေရေ
(ဒါကြောင့်မို့မဲထည့်မယ် တို့ကရင်ပါတီ ၊ ဝေး. .KNDP ..) ၃

အပိုင်း(၄)

တို့ညီရင်းအစ်ကို (ပိုး နဲ့ စကော) တို့ရေ၊ ရွေးကောက်ပွဲမှာ
တို့ဆန္ဒရှိတဲ့အတိုင်း တို့တတွေ မဲပေးကြမယ်နော်၊
ကျွဲချိုနဲ့ ဖားစည်ကိုတွေ့ရင် KNDP ပဲနော်၊ တို့ကရင်ပါတီကို
တို့တတွေ မဲပေး ကြမယ်.. တို့ညီရင်းအစ်ကိုတွေ၊ နင်ရယ် ငါရယ်ဆိုပြီး
စိတ်ဝမ်း မကွဲကြနဲ့နော်၊ KNDP ကရင်ပါတီ ကရင်အမျိုးအတွက်ပါနော်၊
အမျိုးကိုချစ်စိတ်နဲ့ KNDP ကရင်ပါတီကို မဲပေးကြစို့နော်...

# ရှေးဆန်မှုတွေနဲ့အပြိုင် ခေတ်မီမှုတွေ ပေါင်းဆုံတည်ရှိရာ မြို့နန်ကျင်းမှာ . . .

*ခင်ခင်သက်*

**နန်ကျင်းမြို့ဟာ တရုတ်နိုင်ငံ ကျန်းစုပြည်နယ်ရဲ့ မြို့တော်ဖြစ်ပါတယ်။ ရှေးမင်းနေပြည်တော်လည်းဖြစ်ခဲ့တဲ့ နန်ကျင်းဟာ ရှေးဆန်မှုတွေနဲ့အပြိုင် ခေတ်မီမြို့ပြရဲ့ အငွေ့အသက်တွေနဲ့ ခရီးသွားတွေကို ဆွဲဆောင်နိုင်တဲ့ မြို့တစ်မြို့ပါ။ ဒီမြို့မှာ နှစ်ရက်တာ လည်ပတ်ခွင့်ရချိန်မှာ ကြည်နူးစရာ၊ အားကျစရာ၊ ဂုဏ်ယူစရာ၊ စိတ်လှုပ်ရှားစရာ စတဲ့ခံစားချက်ပေါင်းစုံပေးစွမ်းနိုင်ခဲ့ပါတယ်။**

နန်ကျင်းမြို့ကို အောက်တိုဘာလအတွင်းက လည်ပတ်ခွင့်ရခဲ့ပါတယ်။ ဒီမြို့ကို လာရောက်လည်ပတ်ဖို့ အကောင်းဆုံးအချိန်ဟာ ဆောင်းဦးရာသီ အောက်တိုဘာလ၊ နိုဝင်ဘာလနဲ့ နွေဦးကာလ မတ်လမှ ဇွန်လအစောပိုင်းကာလတွေ ဖြစ်တာကြောင့် အောက်တိုဘာလမှာ မြို့ရဲ့အလှဟာ ထင်ရှားလို့နေပါတယ်။ ခေတ်မီမြို့ပြနဲ့ လိုက်ဖက်ညီစွာ လမ်းဘေးဝဲယာတစ်လျှောက်လှပတဲ့ မြေယာရှုခင်းတွေ၊ သစ်ပင်ပန်းမန်တွေနဲ့ သဘာဝအလှကို ထပ်ဆင့်မွမ်းမံထားသလို မြင့်မားလှတဲ့ အဆောက်အအုံတွေ၊ ခေတ်မီတဲ့ ဒီဇိုင်းတွေနဲ့ အမျိုးမျိုးသော တိုက်ကြီးတွေဟာ နန်ကျင်းရဲ့ ခေတ်မီတဲ့လူနေမှုအဆင့်အတန်းကို ပုံဖော်နေပါတယ်။ ဒီလို ခေတ်ရဲ့ဟန် အပြည့်ရှိနေတဲ့ အလှတွေကြားမှာ တစ်ခေတ်တစ်ခါက မင်းနေပြည်တော်အဖြစ် မာန်ဝင့်ခဲ့တဲ့ နန်ကျင်းရဲ့ အငွေ့အသက်တွေကိုလည်း ဖျောက်ဖျက်မထားခဲ့ပါဘူး။

### နန်ကျင်းမြို့ရိုး

နန်ကျင်းမြို့မှာ တွေ့မြင်ခဲ့တဲ့ နန်ကျင်းမြို့ရိုးဟာ ခေတ်မီတဲ့အဆောက်အအုံတွေ၊ ကျယ်ပြန့်တဲ့ လမ်းမကြီးတွေနဲ့ တစ်ဆက်တစ်စပ်တည်း ခမ်းနားဝင့်ကြွားစွာ တည်ရှိနေပါတယ်။ ဟွန်ဝူဘုရင်ဟာ မင်မင်းဆက်ကို တည်ထောင်ခဲ့ပြီး ၁၃၆၈ ခုနှစ်မှာ နန်ကျင်းကို မြို့တော်အဖြစ် တည်ထောင်ခဲ့ပြီးနောက် ဒီမြို့ရိုးကို တည်ဆောက်ခဲ့တာပါ။ တည်ဆောက်ချိန်မှာ တောင်ပိုင်းက ကျူးကျော်သူတွေရဲ့ရန်ကနေ ကာကွယ်ဖို့ဖြစ်ပြီး တရုတ်နိုင်ငံသမိုင်းတစ်လျှောက် တည်ဆောက်ခဲ့တဲ့ အကြီးဆုံးမြို့ရိုးတွေအနက် တစ်ခုလည်း ဖြစ်ပါတယ်။ ဒီနေ့ခေတ်မှာတော့ မြို့ရိုးပေါ်မှာ မီးတိုင်တွေ၊ အလှဆင်မီးတွေနဲ့ မွမ်းမံထားပြီး ကောင်းစွာထိန်းသိမ်း စောင့်ရှောက်ခံထားရတဲ့ မြို့ရိုးကြီးကို ခေတ်မီမြို့ကြီးအလယ်မှာ ထည်ထည်ဝါဝါ တွေ့မြင်နေရပါတယ်။

### နန်ကျင်းပြတိုက်

နန်ကျင်းမြို့ရဲ့ လည်ပတ်စရာနေရာတွေထဲမှာ နောက်ထပ်ချန်ထားလို့မရတဲ့ နေရာတစ်ခုကတော့ နန်ကျင်းပြတိုက်ပါ။ ၁၇ ဧကခန့်ကျယ်ဝန်းတဲ့ မြေပေါ်မှာ တည်ဆောက်ထားတဲ့ နန်ကျင်းပြတိုက်ဟာ တရုတ်နိုင်ငံအတွင်း အကြီးမားဆုံးပြတိုက်တွေထဲ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ပြတိုက်ရဲ့ဝင်ပေါက်အဆောင်ကိုတော့ ခေတ်မီဒီဇိုင်းနဲ့ ဖန်တီးထားပြီး အစဦးဆုံးဝင်ရောက်ရတဲ့ ပြခန်းအဝင်ကတော့ ရှေးခေတ်လက်ရာတွေနဲ့ ပုံဖော်ထားတာကိုလည်း တွေ့ရပါတယ်။ ဒီပြတိုက်မှာ ခင်းကျင်းပြသထားတဲ့ ပစ္စည်းအရေအတွက်ဟာ လေးသိန်းခန့်ရှိတယ်လို့လည်း မှတ်သားမိပါတယ်။ ပြခန်းခန်းမအနေနဲ့ဆိုရင် စုစုပေါင်း ၁၂ ခန်းရှိပြီး ခင်းကျင်းပြသထားတဲ့ ပစ္စည်းတွေထဲမှာ ရှေးခေတ်အသုံးအဆောင်တွေ၊ ဘုရင်တွေနဲ့ တော်ဝင်မျိုးနွယ်တွေ သုံးခဲ့တဲ့ ပစ္စည်းတွေကစလို့ စစ်လက်နက်တွေ၊ ကျောက်စိမ်းအသုံးအဆောင်တွေလည်း ပါဝင်တာ တွေ့ရပါတယ်။



နန်ကျင်းပြတိုက် အဝင်ပြခန်းအဆောက်အအုံကို တွေ့ရစဉ်။

> **“ ရှေးခေတ်လက်ရာတွေနဲ့ ထည်ဝါစွာတည်ရှိနေတဲ့ ဖူးဂုန်းသာကျောင်းတော်နဲ့အပြိုင် ခေတ်မီဆန်းသစ်တဲ့ ဒီဇိုင်းနဲ့ဆောက်လုပ်ထားတဲ့ အဆောက်အအုံကတော့ သာသနာရေးပြတိုက်ကြီး ဖြစ်ပါတယ်။ ဒီပြတိုက်ရဲ့ဒီဇိုင်းဟာ အတော်လေးထူးခြားပါတယ်။ မျက်နှာပြင်မှာ အချွန်သေးသေးလေးတွေပါဝင်တဲ့ အမိုးခုံးနှစ်ခုကို ထပ်ဆင့်ထားပြီး အရောင်ကိုတော့ ဗုဒ္ဓဘာသာဝင် သံဃာတော်တွေရဲ့ သင်္ကန်းအရောင်နဲ့ ဖန်တီးထားတာပါ။ ဒီအမိုးခုံးမှာပါဝင်တဲ့ အချွန်ငယ်လေးတွေကတော့ ဗုဒ္ဓမြတ်စွာရဲ့ ဆံကျစ်တော်ကို ရည်စူးထားတာလို့ သိရှိကြည်ညိုရပါတယ်။ ဒီပြတိုက်ကိုတော့ သဘာဝကျကျလှပစေဖို့ ကျောက်သားအသွင် နံရံတွေနဲ့ ဆင်ယင်ထားတာပါ။ ဒီပြတိုက်ထဲကို ဝင်ရောက်ဖို့အတွက် ဝင်ပေါက် ၂၄ ပေါက်ရှိပြီးတော့ ဒီအရေအတွက်ဟာ မြတ်ဗုဒ္ဓဟောကြားခဲ့တဲ့ ၂၄ ပစ္စည်းတရားတော်ကို ရည်ညွှန်းပူဇော်ထားတာလို့လည်း မှတ်သားခဲ့ရပါတယ် ”**




မြန်မာမီဒီယာကိုယ်စားလှယ်အဖွဲ့ သာသနာရေးပြတိုက်ရှေ့၌ အမှတ်တရဓာတ်ပုံရိုက်စဉ်။

### နန်ကျင်းနယူးရှိုးတောင်ယဉ်ကျေးမှု ခရီးသွားဇုန်

နန်ကျင်းနယူးရှိုးတောင်ယဉ်ကျေးမှုခရီးသွားဇုန်ဟာ နန်ကျင်းမြို့ရဲ့ တောင်ဘက်မှာ တည်ရှိပြီး မြို့ထဲကနေ ၁၅ ကီလိုမီတာအကွာမှာ တည်ရှိပါတယ်။ ယဉ်ကျေးမှုဆိုင်ရာ ခရီးသွားဇုန်တစ်ခုအဖြစ် ကျော်ကြားတဲ့ ဒီစင်တာမှာ ဗုဒ္ဓဘာသာဆိုင်ရာ ရှားပါးပစ္စည်းနဲ့ အနုပညာလက်ရာတွေကို ပေါင်းစည်းသိုလှောင်ပြသထားတာကိုလည်း တွေ့ရမှာပါ။ နွားဦးချိုသဏ္ဍာန်ရှိတဲ့ ဒီတောင်ဟာ အရင်တစ်ချိန်ကတော့ မိုင်းတွင်းတွေ တည်ရှိခဲ့ပါတယ်။ နောက်ပိုင်းမှာမှ ခရီးသွားဇုန်အဖြစ် ပြန်လည်ဆန်းသစ်ဖန်တီးထားတာလည်း ဖြစ်ပါတယ်။ သဘာဝတရားရဲ့ အလှအပနဲ့ ကြည်နူးစရာခံစားမှုတွေကို ခရီးစဉ်က အသေအချာပေးစွမ်းနိုင်မှာပါ။ ဒီယဉ်ကျေးမှုဇုန်ကို သွားရောက်လည်ပတ်ရာမှာ အဝင်ကနေ တောင်ပေါ်ရောက်တဲ့အထိ လမ်းလျှောက်ပြီး တက်လို့ရသလို ကားနဲ့လည်းတက်ရောက်နိုင်ပါတယ်။ လမ်းလျှောက်ရင်ဖြင့် အစအဆုံး ၄၅ မိနစ်ခန့် ကြာမြင့်နိုင်ပေမယ့် လမ်းဘေးဝဲယာ ရှုခင်းတွေနဲ့ ပတ်ဝန်းကျင်က တောင်တွေရဲ့ အလှကိုလည်း ခံစားနိုင်မှာပါ။

ဒီခရီးသွားဇုန်ကို ၂၀၁၄ ခုနှစ်အတွင်း ခရီးသွားဆွဲဆောင်ရာ နေရာတစ်ခုအဖြစ် ဖွင့်လှစ်ခဲ့တာဖြစ်ပေမယ့် ဒီဒေသကတော့ ရှေးတန်မင်းဆက်လက်ထက်မှာကတည်းက ဘာသာရေးဆိုင်ရာ နယ်ပယ်တစ်ခုအဖြစ် တည်ရှိခဲ့တာပါ။ ဒီခရီးစဉ်မှာ သွားရောက်လည်ပတ်စရာနေရာတွေ များစွာရှိပေမယ့် အများစုကတော့ ဖူးဂုန်းသာကျောင်းတော်နဲ့ သာသနာရေးပြတိုက်ကို သွားရောက်ကြတာများပါတယ်။ ဖူးဂုန်းသာကျောင်းတော်ဟာ သမိုင်းဝင်အမွေအနှစ်နေရာတစ်ခုလည်း ဖြစ်ပါတယ်။ ဒီနေရာမှာ ဗုဒ္ဓရဲ့ဦးခေါင်းတော်ဓာတ်တော်ကို ထားရှိကိုးကွယ်ထားပြီးတော့ ဒီအချက်ကြောင့်လည်း ကျောင်းတော်ဟာ ဗုဒ္ဓဘာသာဝင်တို့ အလေးအနက်ထား လာရောက်လည်ပတ်စရာနေရာ ဖြစ်နေတာပါ။

ရှေးခေတ်လက်ရာတွေနဲ့ ထည်ဝါစွာတည်ရှိနေတဲ့ ဖူးဂုန်းသာကျောင်းတော်နဲ့အပြိုင် ခေတ်မီဆန်းသစ်တဲ့ ဒီဇိုင်းနဲ့ဆောက်လုပ်ထားတဲ့ အဆောက်အအုံကတော့ သာသနာရေးပြတိုက်ကြီး ဖြစ်ပါတယ်။ ဒီပြတိုက်ရဲ့ဒီဇိုင်းဟာ အတော်လေးထူးခြားပါတယ်။ မျက်နှာပြင်မှာ အချွန်သေးသေးလေးတွေပါဝင်တဲ့ အမိုးခုံးနှစ်ခုကို ထပ်ဆင့်ထားပြီး အရောင်ကိုတော့ ဗုဒ္ဓဘာသာဝင် သံဃာတော်တွေရဲ့ သင်္ကန်းအရောင်နဲ့ ဖန်တီးထားတာပါ။ ဒီအမိုးခုံးမှာပါဝင်တဲ့ အချွန်ငယ်လေးတွေကတော့ ဗုဒ္ဓမြတ်စွာရဲ့ ဆံကျစ်တော်ကို ရည်စူးထားတာလို့ သိရှိကြည်ညိုရပါတယ်။ ဒီပြတိုက်ကိုတော့ သဘာဝကျကျလှပစေဖို့

*စာမျက်နှာ ၁၉ သို့*

# ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့၌ မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းပွဲများ ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၄**

ကချင်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)နှင့် မြစ်ကြီးနားမြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)တို့မှ ဦးစီးကျင်းပသော (ပထမအကြိမ်) မသိုးသင်္ကန်းရက်ကန်းခတ်ပြိုင်ပွဲ (ပထမနေ့)ကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အောင်ဇေရန်အောင်တပ်ဦးကျောင်းတိုက် စေတီတော်ရင်ပြင်၌ ယမန်နေ့ညနေပိုင်းတွင် ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဒေသခံပြည်သူများ တက်ရောက်အားပေးကြသည်။

ကချင်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)နာယက မြောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ် ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယနေ့နံနက်ပိုင်းတွင် မသိုးသင်္ကန်းရက်ကန်းခတ်ပြိုင်ပွဲ (ဒုတိယနေ့)ကို အောင်ဇေရန်အောင်တပ်ဦးကျောင်းတိုက်၌ ဆက်လက်ပြုလုပ်ရာ တိုင်းမှူးက မသိုးသင်္ကန်း ရက်ကန်းခတ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့်သင်္ကန်းအား ဗုဒ္ဓမြတ်စွာဘုရားရှင်ထံ ဆက်ကပ်လှူဒါန်းခဲ့သည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေတုမာလာထံမှ ကိုးပါးသီလတရားတော်ကို ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက်တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်ဆုရအသင်းအသီးသီးတို့အား ဆုများချီးမြှင့်ပေးအပ်ကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

အလားတူ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်တွင် မသိုးသင်္ကန်းရက်လုပ် ဆက်ကပ်လှူဒါန်းပွဲကို တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာ စေတီတော်ဘုရားရင်ပြင်တော်တွင် နိုဝင်ဘာ ၃ ရက် ညနေပိုင်းက ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြကာ ဓမ္မမိန္ဒာစင်တော်၊ ဂေါတမီစင်တော်၊ သုဇာတာစင်တော်၊ သာမာဝတီစင်တော်၊ ဥပ္ပလဝဏ်စင်တော်တို့တွင် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက မသိုးသင်္ကန်းရက်လုပ်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များက ရှမ်းစာပေ ယဉ်ကျေးမှုအဖွဲ့မှ ကိန္နရီ/ကိန္နရာ တိုးနယားအကများဖြင့် ကပြဖျော်ဖြေနေမှုများကို ကြည့်ရှုအားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြသည်။

ယင်းနောက် ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာစေတီတော်၌ စူဠာမုနိလောကချမ်းသာ ရုပ်ပွားတော်မြတ်အား မသိုးသင်္ကန်းလှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မသိုးသင်္ကန်းများကို စူဠာမုနိဘုရားအား လက်ယာရစ်လှည့်လည်ပူဇော်ပြီး စေတီအတွင်းရှိ ရုပ်ပွားတော် လေးဆူအား မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းပေးကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်ပေးကြပြီး အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရား ကန်တော့၍ ဖွင့်လှစ်ပေးခဲ့ကြကာ နိုင်ငံတော်သြဝါဒါစရိယ တောင်ကြီးမြို့ စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်းတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ မဟာကမ္မဋ္ဌာနစရိယ ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်အရှင်သူမြတ်များ ပွားများအပ်သော မေတ္တာသုတ်ပရိတ်တရားတော်မြတ်ကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များအား ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပေးကြပြီး တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘန္ဒန္တ တေဇဝန္တ ထံမှ ကထိန် အနုမောဒနာတရားတော်မြတ် နာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြ၍ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွက်ဆို ဆုတောင်းကြပြီး ဆရာတော် သံဃာတော်များအား အာရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၈ မှ*

ကျောက်သားအသွင် နံရံတွေနဲ့ ဆင်ယင်ထားတာပါ။ ဒီပြတိုက်ထဲကို ဝင်ရောက်ဖို့အတွက် ဝင်ပေါက် ၂၄ ပေါက်ရှိပြီးတော့ ဒီအရေအတွက်ဟာ မြတ်ဗုဒ္ဓဟောကြားခဲ့တဲ့ ၂၄ ပစ္စည်းတရားတော်ကို ရည်ညွှန်းပူဇော်ထားတာလို့လည်း မှတ်သားခဲ့ရပါတယ်။

ဒီပြတိုက်အတွင်းမှာတော့ ခေတ်အဆက်ဆက်က လက်ရာတွေ၊ နေရာဒေသစုံက ယဉ်ကျေးမှုဟန်ပန်တွေ ရောယှက်နေတဲ့ ရှေးဟောင်းဗုဒ္ဓဆင်းတုတော်တွေကို ဖူးတွေ့ရပါတယ်။ မိုင်းတွင်းဟောင်းပေါ်မှာ တည်ဆောက်ထားတဲ့ ဒီပြတိုက်ကို လာရောက်လည်ပတ်သူတွေဟာ မြေအောက်ထဲကို တစ်ထပ်ချင်းဝင်ရောက်ရင်းနဲ့ ဘေးဝဲယာမှာ ပူဇော်ထားတဲ့ မြတ်စွာဘုရားဆင်းတုတော်တွေကို ဖူးတွေ့နိုင်ပြီး အဆုံးမှာတော့ လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတစ်ဆူကို ခန်းမကျယ်ကြီးအတွင်း သပ္ပာယ်စွာ ဖူးတွေ့ရပါတယ်။ ဘေးဘက်နံရံပေါ်မှာတော့ ဒီခရီးသွားဇုန်အတွင်းမှာရှိတဲ့ တောင်တွေ၊ ဘုရားကျောင်းတွေကို အစုံအလင် ထည့်သွင်းရေးဆွဲထားတဲ့ ပန်းချီကားချပ်ကြီးကို တွေ့မြင်ရပါတယ်။ ဒီပြတိုက်မှာ ခင်းကျင်းထားတဲ့ ဗိသုကာလက်ရာတွေဟာ ခေတ်သစ်ဒီဇိုင်းနဲ့ ရှေးရိုးဗိသုကာစပ်ကူးများကို ပေါင်းစပ်ထားတာ တွေ့ရပါတယ်။ ဘာသာရေးဆိုင်ရာ နေရာတစ်ခုဖြစ်တာနဲ့အညီ ရွှေရောင်နဲ့ အနီရောင်ကိုအဓိကထားအသုံးပြုထားတာကိုလည်း တွေ့မြင်ခဲ့ရပါတယ်။



ကွန်ဖြူးရှပ်ဘုရားကျောင်းဈေးအနီး လှေဆိပ်၏ညအလှမြင်ကွင်း။



ကွန်ဖြူးရှပ်ဘုရားကျောင်းဈေးအနီး အလှဆင်ထားသည့် ရောင်စုံမီးပုံးများ။

ညဘက်တွေမှာတော့ နန်ကျင်းဟာ ရောင်စုံမီးရောင်တွေထဲမှာ ပိုမိုလှပလို့နေပါတယ်။ ခေတ်မီဒီဇိုင်းနဲ့ ထွန်းညှိထားတဲ့ အမျိုးမျိုးသော ရောင်စုံမီးတွေထဲမှာ ရှေးခေတ်ဆန်ဆန်မီးပုံးလေးတွေ ချိတ်ဆွဲထွန်းညှိထားတဲ့ ကွန်ဖြူးရှပ်ဘုရားကျောင်းဈေးဟာ နန်ကျင်းရဲ့ညတွေထဲမှာတော့ လူအစည်ကားဆုံးနေရာတစ်ခုပါ။ ဒီဘုရားကျောင်းပတ်ဝန်းကျင်မှာ နာမည်ကျော်လှတဲ့ ရိုးရာစားသောက်ဆိုင်တွေလည်း ရှိပါတယ်။ ဒါ့အပြင် မြစ်အတွင်းမှာ လှေစီးရတဲ့ခရီးစဉ်ကတော့ ခရီးသွားတွေ အလွန်နှစ်သက်တဲ့အရာတစ်ခုလည်းဖြစ်ပါတယ်။ သစ်သားလှေလေးပေါ်မှာ ရိုးရာတေးသွားတွေကို ငြိမ့်ငြိမ့်ညောင်းညောင်းခံစားရင်း ဘေးဝဲယာက ရောင်စုံမီးအလှတွေနဲ့ ဆင်ယင်ဖန်တီးထားတဲ့ အဆောက်အအုံတွေကို တစ်မျိုးပြီးတစ်မျိုး မရိုးနိုင်အောင် တွေ့မြင်ရမှာပါ။ ရိုးရာလှေလေးပေါ်က လွမ်းဆွတ်ဖွယ်ခံစားမှုတွေ စွဲကျန်ရစ်ခဲ့ပြီးနောက်မှာတော့ နန်ကျင်းရဲ့ ခေတ်မီမှုကို မီးမောင်းထိုးပြနေတဲ့ ကျည်ဆန်ရထားကိုစီးကာ နှုတ်ဆက်ခဲ့ရပါပြီ။ နန်ကျင်း-ရှန်ဟိုင်းကျည်ဆန်ရထားပေါ်မှာ ကျည်ဆန်ရထား ပထမဆုံးစီးရတဲ့အတွေ့အကြုံကို စိတ်လှုပ်ရှားမိရင်း နှစ်ရက်တာလည်ပတ်ခဲ့ရတဲ့ နန်ကျင်းကို နောက်ထပ် တစ်ခေါက်တစ်ခါအရောက်လာပြီး ဒီထက်သာလွန်တဲ့ အတွေ့အကြုံတွေ ထပ်မံရှာဖွေချင်မိနေပါတော့တယ်။ ။

# မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ နိုင်ငံကို ချစ်တယ်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ငြိမ်းချမ်းသာယာစေချင်တယ်၊ စည်းလုံးညီညွတ်စေချင်တယ်

**ဇော်မင်းမင်းဦး**

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၄ ခုနှစ်အတွင်း ပထမအကြိမ်ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်၍ အမျိုးသားစာပေဆုများပေးအပ်ချီးမြှင့်ရန် စာရေးဆရာ ဆရာမများ၏ အမည်စာရင်းများကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ သို့ပါ၍ စာပေနယ်ပယ်အသီးသီးမှ အမျိုးသားစာပေဆု ရရှိသည့် စာပေပညာရှင်များနှင့် မေးမြန်းထားသည်များကို ရေးသားလိုက်ရပါသည်။

*တွေ့ဆုံမေးမြန်း-နဒီမင်း*


ဇော်မင်းမင်းဦး


မောင်ရိုး(ငဖဲ)


သက်ဦးခင်


ပါမောက္ခ ကိုကိုအောင်

**ကဗျာဆရာ၊ စာရေးဆရာ ဇော်မင်းမင်းဦး**
**နယ်နိမိတ်နှင့် စည်းရိုးစာအုပ်ဖြင့် အမျိုးသားစာပေကဗျာ (ဂန္ထဝင်ဆု)**

အမျိုးသားစာပေဆု ချီးမြှင့်ခံရတဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်၊ အမျိုးသားစာပေဆုဆိုတာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ နိုင်ငံတော်အဆင့် အမြင့်ဆုံး စာပေဆုတစ်ခုပါ၊ အခုနယ်နိမိတ်နှင့် စည်းရိုးစာအုပ်က တတိယအကြိမ် အမျိုးသားစာပေဆုရတာပါ၊ ၁၉၉၄ ခုနှစ်တုန်းက တေးမြွခွန်းဆက် ကဗျာများစာအုပ်နဲ့ ပထမအကြိမ် ရခဲ့ပါတယ်၊ ၂၀၀၂ ခုနှစ်မှာ ပထမဆုကဗျာများစာအုပ်နဲ့ ဒုတိယအကြိမ် ရခဲ့ပါတယ်၊ အခု ၂၂ နှစ်ကြာပြီးမှ အမျိုးသားစာပေဆုကို တတိယအကြိမ် တစ်ခါပြန်ရတော့ အထူးဝမ်းသာမိတာ အမှန်ပါပဲ၊ ဒီကြားထဲမှာ ပတ္တမြားကဗျာများ စာအုပ်ထုတ်ဖြစ်ပါတယ်။ အဲဒီစာအုပ်ကလည်း ၂၀၁၈ ခုနှစ် စိမ်းလန်းရွှေပြည်စာပေဆု (ကဗျာပေါင်းချုပ်) ရခဲ့ပါတယ်။ ကဗျာလေးအုပ်ထုတ်ဖြစ်ခဲ့ပြီး လေးအုပ်လုံး နိုင်ငံတော်အဆင့် ဆုတွေရခဲ့တာ တကယ့်ကို အမှတ်တရ ဂုဏ်ယူမဆုံးဖြစ်ရပါတယ်၊ ကျွန်တော်က မြန်မာနိုင်ငံသား တစ်ယောက်အနေနဲ့ နိုင်ငံကို ချစ်တယ်၊ နိုင်ငံဖွံ့ဖြိုးတိုးတက် ငြိမ်းချမ်းသာယာစေချင်တယ်၊ မြန်မာပြည်သူတွေကိုလည်း အမိနိုင်ငံကိုချစ်တတ်စေချင်တယ်၊ နိုင်ငံ့မျက်နှာကြည့်တတ်စေချင်တယ်၊ စည်းလုံးညီညွတ်စေချင်တယ်၊ အသိမှန် အမြင်မှန် ရစေချင်တယ်၊ လူတော်လူကောင်းတွေ ဖြစ်စေချင်တယ်၊ ဒါ့အပြင် တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အား ရှိမယ်ဆိုတာကို ထဲထဲဝင်ဝင် ရှုမြင်ခံယူစေချင်တယ်၊ နိုင်ငံနဲ့ ပြည်သူ့အတွက် အသက်နဲ့ခန္ဓာကို စတေးပြီး စွန့်လွှတ်စွန့်စား တိုက်ပွဲဝင်နေကြရတဲ့ ဘဝတွေကို နားလည်စာနာ တန်ဖိုးထားတတ်စေချင်တယ်။ ဒီဆန္ဒ ဒီအမြင်အတွေးတွေကို အခြေခံပြီး နယ်နိမိတ်နဲ့ စည်းရိုးကို ရေးဖြစ်ခဲ့ပါတယ်၊ စေတနာ၊ ဆန္ဒတွေကများတော့ ကဗျာစာအုပ်ပါအကြောင်းအရာတွေကလည်း တော်တော်စုံပါတယ်၊ ရေးဖွဲ့ရာမှာ မြန်မာကဗျာ ပီပီသသ၊ မြန်မာကဗျာ စပ်ထုံးစပ်နည်းများနှင့်အညီ ရေးဖွဲ့ထားပါတယ်၊ တကယ်တော့ မြန်မာကဗျာဆိုတာ နှစ်ပေါင်းထောင်ချီရှင်သန်တည်တံ့လျက်ရှိတဲ့ အမျိုးသားရေးလက္ခဏာတစ်ရပ်၊ ကိုယ်ပိုင်ယဉ်ကျေးမှုအမွေတစ်ရပ် ဖြစ်ပါတယ်၊ မြန်မာလူမျိုးတစ်ယောက်အတွက် မိမွေ၊ ဖမွေ မြန်မာစာပေ၊ မြန်မာကဗျာဟာ သိပ်ကို အရေးပါပါတယ်၊ မြန်မာလူမျိုးတိုင်းက မြန်မာကဗျာ စစ်စစ်တွေကို ချစ်မြတ်နိုး တန်ဖိုးထားလေးစားဖို့လိုပါတယ်၊ ဒီခံယူချက်ယုံကြည်ချက်တွေနဲ့ပဲ ကျွန်တော်က တစ်ဖက်မှာ နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်ရင်း အခြားတစ်ဖက်မှာ ဒီနေ့ခေတ် ဂန္ထဝင်ကဗျာလို့ခေါ်တဲ့ မြန်မာကဗျာစစ်စစ်တွေကို မြတ်နိုးတန်ဖိုးထားပြီး တစိုက်မတ်မတ် ရေးဖွဲ့စပ်ဆိုရင်း ထိန်းသိမ်းစောင့်ရှောက်မြေတောင်မြှောက်နေခြင်းဖြစ်ပါတယ်။

**ကိုယ်ရေးအကျဉ်း**

ကဗျာဆရာ၊ စာရေးဆရာ **ဦးဇော်မင်းမင်းဦးကို အဖ ဆေးအရာခံဗိုလ် ဟန်တင်(ငြိမ်း)၊ အမိ ဒေါ်သန်းမြင့်တို့မှ ၁၉၆၃ ခုနှစ်တွင် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မွေးဖွားခဲ့သည်။ ငယ်စဉ်ကပင် ပညာကြိုးစားခဲ့ပြီး ၁၉၇၈-၁၉၇၉ ခုနှစ်တွင် နှစ်ထပ်ကွမ်း လူရည်ချွန်တစ်ဦး ဖြစ်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ် အခြေခံပညာ အထက်တန်းစာမေးပွဲ၌မြန်မာစာ ရမှတ် ၈၄ မှတ်ဖြင့် ထိုစဉ်က မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံး စံချိန်သစ်တင်၍အောင်မြင်ခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် စစ်တက္ကသိုလ် အမှတ်စဉ် (၂၆) ဗိုလ်လောင်းသင်တန်းသို့ တက်ရောက်ခွင့်ရခဲ့ပြီး ၁၉၈၅ ခုနှစ်တွင် B.Sc(D.S.A) ဘွဲ့ရရှိကာ တပ်မတော်(ရေ)၌ ဒုတိယဗိုလ်မှူးကြီးအဆင့်ထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာနသို့ ကူးပြောင်းတာဝန်ထမ်းဆောင်ခဲ့ရပြီး ၂၀၁၁ ခုနှစ်မှစ၍ ဦးဆောင်ညွှန်ကြားရေးမှူး၊ ကျောင်းအုပ်ကြီး၊ အမြဲတမ်းအတွင်းဝန် ရာထူးတာဝန်များ အဆင့်ဆင့်ထမ်းဆောင်ခဲ့ပြီး လက်ရှိတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။** ၁၉၈၄ ခုနှစ်မှစ၍ ကလောင်အမည် ဇော်မင်းမင်းဦးဖြင့် စာနယ်ဇင်းမျိုးစုံ၌ ကဗျာ၊ ဝတ္ထုတို၊ ဆောင်းပါးများရေးသားခဲ့သည်။ ၁၉၉၄ ခုနှစ်မှ ၁၉၉၇ ခုနှစ်အတွင်း နိုင်ငံတော်အဆင့် စာပေပြိုင်ပွဲများတွင် တပ်မတော်၏ မြတ်မော်ကွန်းကဗျာဖြင့် ကဗျာရှည် ပထမဆုအပါအဝင် ပထမဆု သုံးဆု၊ ဒုတိယဆု နှစ်ဆု၊ အထူးဆု ငါးဆု ဆွတ်ခူးရရှိခဲ့သည်။ လက်ရှိအချိန်ထိ ပုံနှိပ်ဖော်ပြပြီး ကဗျာပုဒ်ရေ ၇၀၀ ကျော်နှင့် ဆောင်းပါးပုဒ်ရေ ၂၀၀ ခန့် ရေးသားခဲ့ပြီး ၁၉၉၄ ခုနှစ် အမျိုးသားစာပေဆုကဗျာပေါင်းချုပ်ကို "တေးမြွခွန်းဆက်" ကဗျာများ၊ ၂၀၀၂ ခုနှစ် အမျိုးသားစာပေဆုကဗျာပေါင်းချုပ်ကို "ပထမကဗျာဆု"များ၊ ၂၀၁၈ ခုနှစ် စိမ်းလန်းရွှေပြည် စာပေဆုကဗျာပေါင်းချုပ်ကို "ပတ္တမြားကဗျာ" များဖြင့် ဆွတ်ခူးရရှိခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် နိုင်ငံတော်က ချီးမြှင့်သည့် စီမံထူးချွန်တံဆိပ် (ပထမအဆင့်)၊ ၂၀၂၃ ခုနှစ်တွင် စာပေပညာထူးချွန်တံဆိပ် (တတိယအဆင့်)တို့ရရှိခဲ့သည်။

**စာရေးဆရာ မောင်ရိုး(ငဖဲ)**
**လွမ်းရတမ်းတပ့ါငဖဲမြေ**
**ကျွန်တော်တို့ရွာ ကျွန်တော်တို့ဓလေ့-၂ စာအုပ်ဖြင့်**
**(အမျိုးသားစာပေ-စာပဒေသာဆု)**

ကျွန်တော့် နာမည်က ဦးကျော်ကျော်စိုးပါ၊ ကလောင်အမည် မောင်ရိုး(ငဖဲ)ဖြစ်ပြီး ကလောင်ခွဲ နာမည်ကတော့ "လမ်းမတော် မောင်ရိုး" ဖြစ်ပါတယ်၊ အမျိုးသားစာပေဆု ရတဲ့အပေါ် ခံစားချက်ကတော့ "စာဖတ်သူတွေကို အမျိုးသားအကျိုးစီးပွားအတွက် ပြောပြချင်တဲ့စကားတွေ ပြောပြတာကို" နိုင်ငံတော်က အသိအမှတ်ဆုချီးမြှင့်တဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူပါတယ်။

စာအုပ်ရေးဖြစ်တဲ့ အကြောင်းကတော့ "ဓလေ့နဲ့အရွှေ့" ကြားမှာ ဘယ်ဟာကို ဘယ်လိုငြင်းပယ် လက်ခံကြရင်း အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်သင့်သလဲ ဆိုတာလေးကို ပြောပြချင်လို့ ရေးဖြစ်တာပါ။

ချစ်ခင်စည်းလုံးရိုးပင်းကြတဲ့ မြန်မာ့ဓလေ့တွေကို တိုးတက်ပြောင်းလဲနေတဲ့ ခေတ်အရွေ့တွေနဲ့ ဘယ်လိုလက်ခံ ငြင်းပယ်ပေါင်းစပ်ကြရင်း အခွင့်အလမ်းတွေ ရယူရမယ်ဆိုတာကို စဉ်းစားရင်း ရေးဖြစ်တာပါ။

**ကိုယ်ရေးအကျဉ်း**

**ဦးကျော်ကျော်စိုး (မောင်ရိုး(ငဖဲ))ကို အဖ တပ်ကြပ်ကြီး ကျော်သန်း-အမိ ဒေါ်စန်းလေးတို့က မွေးဖွားခဲ့သည်၊ အထကငဖဲတွင် သူငယ်တန်းမှ ၁၀ တန်းအထိ တက်ရောက် အောင်မြင်ခဲ့ပြီး တပ်မတော်ထဲသို့ဝင်ကာ ဗိုလ်မှူးချုပ်အဆင့်၊ ဒုတိုင်းမှူး၊ တပ်မမှူး တာဝန်များအပြင် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၀၁၇-၂၀၂၀) ထိ ဥပဒေကြမ်းကော်မတီ၊ တိုင်းရင်းသားရေးရာ ကော်မတီနှင့် ပြည်သူ့ငွေစာရင်းစိစစ်ရေးကော်မတီတို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ လက်ရှိ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး တာဝန်ထမ်းဆောင်နေပြီး လာမည့် ၂၀၂၅ ရွေးကောက်ပွဲတွင် လမ်းမတော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပညာအရည်အချင်းမှာ ဝိဇ္ဇာဘွဲ့ (စိတ်ပညာ) နှင့် မဟာဝိဇ္ဇာဘွဲ့ (ကာကွယ်ရေးပညာ) တို့ကို အောင်မြင်ခဲ့သည်။**

**စာရေးဆရာမ သက်ဦးခင်**
**မြန်မာ့ရတနာကလေးကဗျာများ စာအုပ်ဖြင့် (အမျိုးသားစာပေ (ဝတ္ထုတိုဆု))**

၂၀၂၄ ခုနှစ် အတွက် အမျိုးသားစာပေဆု (ကလေးစာပေ)ရရှိတဲ့ အတွက် အတိုင်းမသိဝမ်းသာကြည်နူးမှု ဖြစ်ရပါတယ်ရှင့်၊ ကလေးစာပေကို စိုက်လိုက်မတ်တတ် ရေးလာခဲ့တာဆိုရင် ဆယ်စုနှစ်တစ်ခု ကျော်ခဲ့ပါပြီ။ မဂ္ဂဇင်း၊ ဂျာနယ်များကိုလည်း ပေးပို့ပြီး ကိုယ့်ကဗျာစာမူလေး ဖော်ပြခံရဖို့ အမြဲကြိုးစားခဲ့ရပါတယ်။

၂၀၁၄ ခုနှစ် မတ်လထုတ် ရွှေသွေးဂျာနယ်မှာ နွားနို့သောက်ပါ မောင်ရွှေဝါဆိုတဲ့ ကဗျာလေး စတင်ဖော်ပြခံရတဲ့အခါ အားတက်လာပြီး ဆက်လက်ကြိုးစား ရေးသားခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်မှာ တောပန်းစံပယ် ကလေးကဗျာများစာအုပ်၊ ၂၀၁၈ ခုနှစ်မှာ နိုင်ငံ့ရင်သွေးကလေးကဗျာများ စာအုပ်တို့ ထုတ်ဝေခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ် စာပေဗိမာန် စာမူဆု ကလေးစာပေ ဒုတိယဆုကို ဖူးစီဝေလန်းရောင်စုံပန်း ကလေးကဗျာများစာမူနဲ့ ရရှိပါတယ်။ ၂၀၂၁ ခုနှစ် စာပေဗိမာန် စာမူဆု၊ ကလေးစာပေ ဒုတိယဆုကို မင်္ဂလာရှိသောနေ့နှင့်ကလေးဝတ္ထုတိုများ စာမူနဲ့ရရှိပါတယ်။ ၂၀၂၂ ခုနှစ် စာပေဗိမာန်စာမူဆု၊ ကလေးစာပေ ပထမဆုကိုမြန်မာ့ရတနာကလေးကဗျာများစာမူနဲ့ ရရှိခဲ့ပါတယ်။ ပထမရရှိတဲ့ မြန်မာ့ရတနာကလေးကဗျာများ စာမူဟာ ၂၀၂၄ ခုနှစ် စာပေဗိမာန်က ထုတ်ဝေပါတယ်။

ဒီစာအုပ်ဟာ အခု ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေဆု ရရှိတာဖြစ်ပါတယ်ရှင့်။ ကလေးစာပေတွေ ရေးနိုင်ဖို့အတွက် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အပေါင်းနဲ့ ဆုရွေးချယ်ပေးပါသော စာပေပညာရှင်ကြီးများကို ရိုသေလေးစားစွာ လက်အုပ်မိုးကန်တော့လိုက်ပါတယ်ရှင့်။ ကလေးစာပေ ရေးသားရတဲ့ ရည်ရွယ်ချက်ကတော့ လူရယ်လို့ ဖြစ်လာရင် ကလေးဘဝကစတင်ပြီး ကြီးပြင်းရတာပါ။ ကလေးမှာ နုနယ်ပျော့ပျောင်းတဲ့ နှလုံးသားရှိပါတယ်။ နုနယ်တဲ့ဦးနှောက်နဲ့ အမှတ်သညာရှိပါတယ်။ ကလေးအရွယ်မှာ သူ့ပတ်ဝန်းကျင်က လူတွေရဲ့အပြုအမူ၊ အနေအထိုင်၊ အပြောအဆိုကစ အတုယူတတ်ပါတယ်။ ဒီတော့နုနယ်တဲ့အရွယ်မှာ ကောင်းမွန်သော အကျင့်သီလ၊ အတွေးအခေါ်၊ အပြုအမူတွေ စွဲမြဲနေဖို့လိုပါတယ်။ မိဘ၊ ဆရာသမားတွေရဲ့အဆုံးအမတွေထဲမှာ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ ငါးပါးသီလ၊ ငါးရာ့ငါးဆယ်ဇာတ်၊ နိပါတ်တော်ကြီးတွေ၊ ဇာတကဝတ္ထုတွေ၊ ၃၈ ဖြာ မင်္ဂလာတရားတော်နဲ့ အညီ ရေးသားထားတဲ့ ပုံပြင်လေးတွေ၊ ကဗျာလေးတွေကို အမြဲကြားနာမှတ်သားနေရရင် ကလေးတွေရဲ့ နှလုံးသားက ဖြူစင်လာပါတယ်။

ကလေးတွေဟာ တိုင်းပြည်ရဲ့ ရတနာလေးတွေ ဖြစ်ပါတယ်။ တိုင်းပြည်ရဲ့ မျိုးဆက်သစ်ရတနာလေးတွေ နှလုံးသားလှနေဖို့၊ လိမ္မာယဉ်ကျေးဖို့၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးကို ချစ်တတ်တဲ့စိတ် ပေါ်ထွန်းဖို့ဆိုတာ လမ်းညွှန်ပြသပေးတဲ့စာပေကအရေးကြီးပါတယ်။ ဒီလိုစာပေတွေထဲမှာမှ ကလေးတွေ ဖတ်မှတ်သိလွယ်တဲ့ ကလေးစာပေဟာ အရေးအကြီးဆုံးဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ကိုယ်ရေးတဲ့ ကလေးစာပေဟာ အနာဂတ်နိုင်ငံတော်ကို တည်ဆောက်မယ့် မျိုးဆက်သစ်လူငယ်လေးတွေအတွက် ကြီးမားသော အထောက်အကူဖြစ်လိမ့်မယ်လို့ ယုံကြည်တဲ့အတွက် ကလေးစာပေကို မြတ်နိုးစွာ ရေးသားရခြင်းဖြစ်ပါတယ်။

**ကိုယ်ရေးအကျဉ်း**

ဆရာမ **ဒေါ်သက်ဦးခင်ကို အဖ ပန်းပုဆရာကြီး ဦးသက်ထွေး၊ အမိ ဒေါ်ခင်ညွန့်တို့က ၁၉၅၂ ခုနှစ် ဇူလိုင်လ ၁၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့ ချမ်းသာရပ်တွင် မွေးဖွားခဲ့သည်။**

*စာမျက်နှာ ၂၁ သို့*

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူများအနက် ဦးရေ သုံးသန်းပြည့်မြောက်သည့် ဘုရားဖူးလာ ဆရာတော်အား ဓမ္မလက်ဆောင်ပစ္စည်းများ ဂုဏ်ပြုဆက်ကပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိ မြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထား ပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွား တော်မြတ်ကြီးအား ရဟန်း၊ ရှင်လူ အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ၂၀၂၃ ခုနှစ် ဩဂုတ် ၈ ရက်မှစ၍ စတင်ခွင့်ပြုပေးခဲ့ရာ ပြည်တွင်း ပြည်ပမှ ဘုရားဖူးလာရောက်သူများဖြင့် နေ့စဉ်မပြတ် စည်ကားလျက်ရှိသည်။

ထိုသို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ရဟန်း၊ ရှင်လူ အများပြည်သူများ ဖူးမြော်ကြည်ညို နိုင်ရန် စတင်ဖွင့်လှစ်ပေးခဲ့သည့်နေ့မှစ၍ ဘုရားဖူး ပြည်သူအများအပြား နေ့စဉ်လာရောက်ဖူးမြော် ကြည်ညိုကြရာ ယနေ့ ၂၀၂၅ ခုနှစ် တန်ဆောင်မုန်း လပြည့်နေ့တွင် ဘုရားဖူးလာသူပြည်သူများအနက်မှ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည် မြို့နယ် မရွေးရွာဘုန်းတော်ကြီးကျောင်းတိုက်မှ သက်တော် ၃၉ နှစ်၊ ဝါတော် ၁၉ ဝါရှိ ဦးစီးပဓာန ဆရာတော် ဘဒ္ဒန္တ ကုဝေရသည် ဦးရေ သုံးသန်းပြည့် မြောက်သည့် ကံထူးသည့် ဆရာတော်တစ်ပါး ဖြစ်ကြောင်း သိရသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသူများအနက် ဦးရေ သုံးသန်း ပြည့်မြောက်သူအဖြစ် လာရောက်ဖူးမြော်သည့် ဆရာတော်နှင့် ဆွေမျိုးများအား ဘုရားကြီးဂေါပက အဖွဲ့မှ တာဝန်ရှိသူများက ဘုရားကြီးမုခ်ဦးတွင် ကြိုဆိုနှုတ်ဆက်ကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်အတွင်းရှိ ကျောက်စာရုံ စေတီတော်များ၊ အဂ္ဂါဓိပတိသာသနာ့ ဗိမာန်တော်၊ ဂန္ဓကုဋီတိုက်များ၊ မုစလိန္ဒကန်၊ နဂါးရုံ ဘုရား၊ မာရဝိဇယကျောင်းတော်၊ သုဓမ္မာဇရပ်များ အား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ယာယီရှင်းလင်းဆောင်၌ ဘုရား ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံ များ တည်ထားကိုးကွယ်မှု ဆိုင်ရာများနှင့် ဦးရေ သုံးသန်းမြောက် ဘုရားဖူးလာ ဆရာတော်ဖြစ်လာရ သည့် အကြောင်းရင်းအား ရှင်းလင်းပြောကြား သည်။ ၎င်းနောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ် မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှုအရ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဦးရေ သုံးသန်းမြောက် ဘုရားဖူးလာ ဆရာတော်အား ဉာဏ်တော် ကိုးလက်မ အမြင့်ရှိသော စကျင်ကျောက် ဖြင့် ထုဆစ်ထားသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး ပုံတော်တူဆင်းတုတော်တစ်ဆူ၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မှန်ပေါင်သွင်း ဓာတ်ပုံ တစ်ပုံ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများဆိုင်ရာ သမိုင်း ကြောင်းပါဝင်သည့် CD တစ်ချပ်နှင့် ပါဠိ၊ ရိုမန် အက္ခရာနှစ်မျိုးတို့ဖြင့် ပြုစုထားသော ဆဋ္ဌသင်္ဂါယနာ မူ ပိဋကတ်ပါဠိတော် ၅၃ ကျမ်း ၄၀ အုပ်တစ်စုံတို့ကို အမှတ်တရ ဓမ္မလက်ဆောင်အဖြစ် ဂုဏ်ပြုဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။



မာရဝိဇယရုပ်ပွားတော်မြတ်ကြီးသို့ လာရောက် ဖူးမြော်ကြသူများအနက် ဦးရေ သုံးသန်းပြည့်မြောက် သူ ဘုရားဖူးလာ ဆရာတော်၏ ကြည်နူးပီတိ စကားသံများကိုလည်း ကြားသိခဲ့ရသည်။

**ဆရာတော် ဘဒ္ဒန္တကုဝေရ**
**(သုံးသန်းမြောက် ဘုရားဖူးကံထူးရှင်)**

ဦးဇင်းက သာစည်မြို့နယ် မရွေးကျေးရွာ မရွေး ကျောင်းတိုက်က လာရောက်ဖူးမြော်ကြည်ညိုတာ ဖြစ်ပါတယ်။ မမျှော်လင့်ဘူးလေ။ ဦးဇင်းရဲ့ ဒကာ၊ ဒကာမတွေကို ဘုရားဖူးသီးသန့်ပဲ လိုက်ပို့တဲ့အချိန်မှာ အခုလိုမျိုး ဦးဇင်းက ဘုရားဖူးကုသိုလ်ရှင် သုံးသန်း မြောက် ကံထူးခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ဦးဇင်းပေးချင်တဲ့ ဓမ္မလက်ဆောင်ကတော့ “မကောင်းမှု ရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား”တဲ့။ မကောင်းမှုတွေကို ရှောင်ရမယ်၊ ကောင်းမှုတွေကို ဆောင်ရမယ်၊ စိတ်ကို ဖြူစင်အောင် ထားရပါမယ်။ နေပြည်တော်ကို အလည်လာရင်းလည်းပဲ ဦးဇင်းက ဒီဘုရားကြီးကို ရောက်ဖြစ်တယ်။ ဘာလို့လာတာလဲ ဆိုရင် ဘုရားကြီးကို ဖူးလိုက်ရတာနဲ့ အလိုလိုကို စိတ်ချမ်းသာတယ်။ ပီတိတွေ ဖြစ်တယ်။ ဒါကြောင့် မို့လို့ဦးဇင်းက နေပြည်တော်လာတိုင်းလာတိုင်းလည်း ဒီဘုရားကြီးကို ဖူးဖြစ်ပါတယ်” ဟု မိန့်ကြားခဲ့သည်။

**သတင်းစဉ်**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေ လုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

*စာမျက်နှာ ၂၀ မှ*

ချမ်းသာရပ် မူလတန်းကျောင်း၊ စလင်းကြီး အထက်တန်းကျောင်း၊ မုံရွာ အထက (၁) တို့တွင် ပညာ သင်ကြားခဲ့သည်။ ချမ်းသာရပ် မူလတန်းကျောင်းတွင် စေတနာ ဆရာမအဖြစ် လေးနှစ်တာဝန် ထမ်းဆောင်ခဲ့ပြီး ၁၉၇၂ ခုနှစ်မှ စ၍ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနတွင် စာရေးဝန်ထမ်းအဆင့် (၁) အဖြစ် တာဝန်ထမ်းဆောင်ခဲ့ သည်။ ငယ်စဉ်က ကဗျာရွတ် ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ စကား ရည်လုပြိုင်ပွဲ၊ မြို့နယ် ဝတ္ထုတို ပြိုင်ပွဲများတွင် ဆုများရရှိခဲ့သည်။

၂၀၁၄ ခုနှစ်တွင် တောပန်း စံပယ်ကလေးကဗျာများ၊ ၂၀၁၈ ခုနှစ်တွင် နိုင်ငံ့ရင်သွေးကလေး ကဗျာများ၊ ၂၀၁၉ ခုနှစ်တွင် သဲတစ်ပွင့်စီနှင့် အခြားကဗျာများ စာအုပ်တို့ကို ရေးသားထုတ်ဝေခဲ့ သည်။ စာပေဗိမာန်စာမူဆု၊ ကလေးစာပေ ဒုတိယဆု (၂၀၂၀)၊ စာပေဗိမာန်စာမူဆု၊ လူငယ် စာပေဒုတိယဆု(၂၀၂၀)နှင့် စာပေ ဗိမာန်စာမူဆု ကလေးစာပေ ဒုတိယဆု(၂၀၂၁)၊ (၇၆)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဂုဏ်ပြုစာမူပြိုင်ပွဲတွင် ဝါသနာ ရှင်အဆင့် ကဗျာပြိုင်ပွဲ၌ နှစ်သိမ့် ဆု(၂၀၂၁)၊ (၇၇) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဂုဏ်ပြုစာမူပြိုင်ပွဲတွင် ဝါသနာ ရှင်အဆင့် ကဗျာပြိုင်ပွဲ၌ ဒုတိယ ဆု (၂၀၂၂) တို့ ရရှိခဲ့သည်။ ယခု အခါ မင်္ဂလာဒုံမြို့နယ်စာရေး ဆရာအသင်း၏ အလုပ်အမှု ဆောင်အဖွဲ့ဝင် ဘဏ္ဍာရေးမှူး အဖြစ်ဆောင်ရွက်ရင်း မဂ္ဂဇင်း၊ ဂျာနယ်များတွင် စာပေများ ရေးသားလျက်ရှိသည်။

စာရေးဆရာ ပါမောက္ခ ကိုကိုအောင် (သိပ္ပံစာရေးဆရာ ကိုကိုအောင်)ခေတ်သစ်လူထု သိပ္ပံကျမ်းစာအုပ်ဖြင့် အမျိုးသား စာပေ သုတပဒေသာ (ရိုးရိုးသိပ္ပံဆု)

၂၀၂၃ နဲ့ ၂၀၂၄ နှစ်နှစ်ဆက်တိုက် အမျိုးသားစာပေဆု ရရှိတဲ့ ဘာသာရပ်ကတော့ သုတ ပဒေသာ ရိုးရိုးသိပ္ပံဖြစ်ပါတယ်၊ ၂၀၂၃ ခုနှစ်အတွက် နျူကလီးယား ရူပဗေဒဘာသာရပ်နဲ့ ရရှိခဲ့တာပါ၊ အခု ၂၀၂၄ မှာတော့ Popular Science နဲ့ ရရှိခဲ့တာဖြစ်ပါတယ်၊ ကျွန်တော်ကိုယ်တိုင်က သိပ္ပံပညာ ရှင်တစ်ဦးဖြစ်ပြီး ဧည့်ပါမောက္ခ အဖြစ်ပါ တာဝန်ထမ်းဆောင် နေသူမို့ အခုလို သိပ္ပံဘာသာရပ်နဲ့ အမျိုးသားစာပေဆုကို ဆက်တိုက် ရရှိတာ ဝမ်းသာဂုဏ်ယူမဆုံး ဖြစ်ရပါတယ်၊ ကျွန်တော်က လူထု သိပ္ပံကျမ်း၊ မြန်မာ့ရည်ညွှန်းကျမ်း နဲ့ စွယ်စုံကျမ်း ပညာရှင်လည်း ဖြစ်ပါတယ်၊ စာရေးသက်က ၅၂ နှစ်ရှိပါပြီ။

ကိုယ်ရေးအကျဉ်း

စာရေးဆရာ ပါမောက္ခ ဦးကိုကိုအောင်သည် ရန်ကုန် စက်မှုတက္ကသိုလ်မှ စက်မှုအင်ဂျင် နီယာဘွဲ့ရရှိခဲ့ပြီး အင်ဂျင်နီယာ ချုပ်အဆင့်အထိ ဆောင်ရွက်ခဲ့ သည်။ တက္ကသိုလ်၊ ကောလိပ်သိပ္ပံ နှင့် သင်တန်းကျောင်း ၃၀ ကျော်တို့ တွင်သိပ္ပံပညာရှင်နှင့်ဧည့်ပါမောက္ခ အဖြစ် မဟာဘွဲ့ယူကျမ်းများ ကြီးကြပ်ခြင်း၊ ဘာသာရပ်များ သင်ကြားခြင်း၊ ပို့ချဆွေးနွေးခြင်း များကိုနှစ်ပေါင်းများစွာ ဆောင်ရွက် နေဆဲဖြစ်ပြီး နိုင်ငံတကာမှ ပေးအပ် ချီးမြှင့်သော ပညာရှင်ဆိုင်ရာ အသိအမှတ်ပြု လက်မှတ်များကို လည်းရရှိခဲ့သည်။ ကလောင် အမည်မှာ သိပ္ပံစာရေးဆရာ ကိုကိုအောင်ဖြစ်ပြီး စာရေးသက် နှစ်ပေါင်း ၅၀ အတွင်း သိပ္ပံဆိုင်ရာ ဆောင်းပါး ၃၀၀၀ ကျော်ရေးသား ခဲ့သည်။ ပြည်တွင်း၊ ပြည်ပ၌ သိပ္ပံ ဆိုင်ရာ ဖြန့်ဝေမှုများကို တစိုက် မတ်မတ် ဆောင်ရွက်ခဲ့သည်။ သိပ္ပံ ပညာဆိုင်ရာ ရေဒီယိုဟောပြော ပို့ချချက်နှင့် ရုပ်မြင်သံကြား အစီအစဉ်ပေါင်း ၆၀၀ ကျော်ကို နှစ်ပေါင်း ၂၀ ခန့်အတွင်း အသံ လွှင့် / ထုတ်လွှင့်ပေးခဲ့သည်။

ကမ္ဘာလုံးဆိုင်ရာ သိပ္ပံနှင့် နည်းပညာဆု ရွေးချယ်ချီးမြှင့် ရေးကောင်စီက အလေးဂရုပြု ရသော သိပ္ပံပညာရှင်အဖြစ် အသိအမှတ်ပြုခြင်းခံရပြီး ကမ္ဘာ လုံးဆိုင်ရာ သိပ္ပံနှင့် နည်းပညာဆု အတွက် ကမ္ဘာ့သိပ္ပံပညာရှင်များ ၏ အမည်စာရင်းကို တင်သွင်းခွင့် ရှိသော ပုဂ္ဂိုလ်အဖြစ် တစ်ပါ တည်း အသိအမှတ်ပြုခဲ့သည်။

အမေရိကန်၊ ဥရောပ၊ ဩစတြေး လျ၊ အာဖရိက၊ အာရှနှင့် အရှေ့ တောင်အာရှ နိုင်ငံပေါင်းများစွာ တို့၌ ကျင်းပခဲ့သော၊ ကျင်းပဆဲ ဖြစ်သော သိပ္ပံနှင့် နည်းပညာ ဆိုင်ရာ၊ သုတေသနဆိုင်ရာ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကွန်ဖရင့် နီးနှောဖလှယ်ပွဲ၊ အလုပ်ရုံဆွေးနွေးပွဲ၊ စာတမ်း ဖတ်ပွဲနှင့် အစည်းအဝေးများသို့ နိုင်ငံနှင့် အဖွဲ့အစည်းများကို ကိုယ်စားပြု၍ လူကိုယ်တိုင် အကြိမ်ပေါင်းများစွာနှင့် Virtual Platform မှတစ်ဆင့် အကြိမ် ပေါင်းများစွာ တက်ရောက် ဆွေးနွေးပို့ချခြင်း၊ အကြံပြု ခြင်းနှင့် စာတမ်းဖတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

လက်ရှိတွင် သိပ္ပံပညာရှင်၊ အကြံပေးပညာရှင်၊ အကဲဖြတ် ပညာရှင်၊ ဝါရင့်စာပေပညာရှင် မြန်မာ့ရည်ညွှန်းကျမ်းပညာရှင်၊ လူထုသိပ္ပံ ကျမ်းပညာရှင်နှင့် ဧည့်ပါမောက္ခတို့အဖြစ် ရပ်တည် ရင်း သိပ္ပံပညာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အားထုတ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

# တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလ အခါတော်နေ့)၌ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် တန်ခိုးကြီးဘုရား၊ စေတီများ၌ ကုသိုလ် ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၄**

ယနေ့သည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် တန်ဆောင်မုန်းလပြည့်နေ့(သာမညဖလ အခါတော်နေ့)ဖြစ်သည့်အားလျော်စွာ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် တန်ခိုးကြီးဘုရား၊ စေတီများ၌ ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။



ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၇ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့(သာမညဖလအခါတော်နေ့) အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကရုံးဝန်ထမ်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၃၇)ကြိမ်မြောက် မသိုးသင်္ကန်းယှဉ်ပြိုင်ရက်လုပ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ပြိုင်ပွဲဝင်များနှင့် ဘုရားဖူးလာပြည်သူများက စေတီတော်ရင်ပြင် အောင်မြေမှစတင်၍ ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်များအား ကပ်လှူပူဇော်မည့် ကထိန်ရွှေကြာသင်္ကန်းတော်များကို ကိုင်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။(အပေါ်ယာပုံ)

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင် ရုပ်ပွားတော်မြတ်အား ကထိန်ရွှေကြာသင်္ကန်းကပ်လှူပူဇော်ကြပြီး ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက အာရုံခံ တန်ဆောင်မုခ်လေးမုခ်ရှိ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမမြတ်စွာဘုရားတို့အား ကထိန်ရွှေကြာသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ နှင့် တာဝန်ရှိသူများက ရွှေတိဂုံစေတီတော်ရင်ပြင် ဥဒ္ဒိဿစံတန်ဆောင်း၌ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီးနှင့် အမွှေးနံ့သာများ ကပ်လှူပူဇော်ကြပြီး ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား ရောင်တော်ဖွင့်တန်ဆောင်း၌ အာရုံဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍သီလခံယူပွဲနှင့် ရေစက်ချအခမ်းအနားကို ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ကျင်းပရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တ အဂ္ဂသာမိထံမှ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဩဝါဒါစရိယ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တနာရဒါဘိဝံသထံမှ အနုမောဒနာတရားနာယူပြီး ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့အတူ ဗိုလ်တထောင်ကျိက်ဒေးအပ်ဆံတော်ဦးစေတီတော်၏ (၄၁)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များက ပရိဝုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ကထိန်ရွှေကြာသင်္ကန်းတော်များ ကပ်လှူပူဇော်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဆူးလေစေတီတော်မြတ်ကြီး၏ မသိုးရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲသို့ ရောက်ရှိပြီး စေတီတော် ဩဝါဒါစရိယဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြ၍ဩဝါဒါစရိယဆရာတော်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အနုမောဒနာတရားနာယူကာ ရေစက်သွန်းလောင်း အမျှပေးဝေကြကာ စေတီတော်ပရိဝုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ကထိန်ရွှေကြာသင်္ကန်းတော်များ ကပ်လှူပူဇော်ကြသည်။

အလားတူ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၊ မဟာဝိဇယစေတီတော်၊ ဝရဒါဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၊ မင်းဓမ္မကုန်းရှိ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ရှေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်၊ တိလောကဥသျှောင် မုနိရာဇအောင်မြေ သမ္ဗုဒ္ဓပုထိုးတော်ကြီး(ရန်ကုန်) ရွှေဘုန်းပွင့်စေတီတော်နှင့် ဆုတောင်းပြည့်မယ်လမုစေတီတော်၊ကိုးထပ်ကြီးဘုရားတို့တွင်လည်း ယနေ့နံနက်ပိုင်းမှစတင်ပြီး စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်များအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ ကပ်လှူပူဇော်ကြပြီး ဂေါပကအဖွဲ့ဝင်များ၊ဘာသာရေးအသင်းအဖွဲ့များက တန်ဆောင်မုန်းလပြည့်နေ့ သာမညဖလ အခါတော်နေ့အခမ်းအနားများကို ကျင်းပကြကာ သာမညဖလ သုတ္တန်ဒေသနာတော်များကို ရွတ်ဖတ် မေတ္တာပို့ဆုတောင်းကြသည်။

တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့)တွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ ဘုရားစေတီများ၌ မသိုးရွှေကြာသင်္ကန်းများ ကပ်လှူပူဇော်ခြင်း၊ သာမညဖလအခါတော်နေ့ ပူဇော်ပွဲများ၊ ဗုဒ္ဓဒေသနာတော် ရွတ်ဆိုပူဇော်ပွဲများနှင့် ရပ်ကွက်အလိုက်၊ လမ်းအလိုက် စုပေါင်း၍ မဟာဘုံကထိန်အလှူပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ ထို့ပြင် ဘုရား၊ စေတီများတွင် အလှူရှင်များက ဘုရားဖူးလာပြည်သူများအား စတုဒိသာများ ကျွေးမွေးကြခြင်း၊ ရုံးများ၊ ပန်းခြံများ၊ ရပ်ကွက်၊ လမ်းနှင့် လူနေအိမ်များ၌ လျှပ်စစ်ရောင်စုံမီးအလှများ၊ ဆီမီးခွက်များ၊ ဖယောင်းတိုင်မီးများ ထွန်းညှိပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြပြီး လမ်းအလိုက် နိဗ္ဗာန်ဈေးပွဲတော်များကို စည်ကားစွာ ကျင်းပခဲ့ကြောင်း သိရသည်။

သတင်း၊ ဓာတ်ပုံ ကိုကိုဇော်(MNA)

# တန်ဆောင်မုန်းလပြည့်နေ့တွင် မော်လမြိုင်မြို့နယ်ရှိ ဆံတော်ရှင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး၌ ဘုရားဖူးပြည်သူများဖြင့်စည်ကား

**မော်လမြိုင် နိုဝင်ဘာ ၄**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဆံတော်ရှင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး၌ တန်ဆောင်မုန်းလပြည့် (သာမညဖလ) အခါတော်နေ့တွင် ဘုရားဖူးပြည်သူများ စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

ဘုရားဖူးလာ ပြည်သူများက စိတ်အေးချမ်းသာစွာဖြင့် ပန်း၊ ဆီမီး၊ အမွှေးနံ့သာများ ကပ်လှူပူဇော်ကြပြီး တရားဘာဝနာများရွတ်ဖတ်ပူဇော်လျက်ရှိကြသည်။

ဘုရားဖူးပြည်သူများ အန္တရာယ်ကင်းရှင်းပြီး စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ရန်အတွက် ဆံတော်ရှင် ကျိုက်သလ္လံ ဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကိုတွက်
(မြန်/ဆက်)





# တန်ဆောင်တိုင်ပိတ်ရက်ကာလအတွင်း အင်းလေးဒေသ၌ ခရီးသွားဧည့်သည်များဖြင့် စည်ကားလျက်ရှိ

**ညောင်ရွှေ နိုဝင်ဘာ ၄**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဒေသအတွင်း၌ တန်ဆောင်တိုင်ပိတ်ရက် ကာလအတွင်း ခရီးသွားဧည့်သည်များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

အနယ်နယ်အရပ်ရပ်မှ ခရီးသွားဧည့်သည်များသည် တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲသို့ လာရောက်လည်ပတ်ရင်း အင်းလေးဒေသအတွင်းရှိဖောင်တော်ဦးဘုရား၊ အလိုတော်ပေါက်ဘုရား၊ ငါးဖယ်ချောင်းရှေးဟောင်းဘုန်းတော်ကြီးကျောင်း၊ ရက်ကန်းရုံများ၊ ငွေထည်လုပ်ငန်းများ၊ ဒေသထွက်ပစ္စည်းအရောင်းဆိုင်များသို့ သွားရောက်ဖူးမြော်လေ့လာလည်ပတ်ခဲ့ကြသည်။ တန်ဆောင်တိုင်ပိတ်ရက် လေးရက်အတွင်းမှာ ဘုရားဖူးဧည့်သည်များ လာရောက်မှုများကြောင်း၊ အဖိတ်နေ့နှင့် လပြည့်နေ့တွင် အများဆုံးဖြစ်ကြောင်း၊ ဘုရားရင်ပြင်ရှေ့တွင် ခရီးသွားစက်လှေများ ပြည့်နှက်လျက်ရှိပြီး ခရီးသွားဖွံ့ဖြိုးလာမှုနှင့်အတူ ဒေသခံများ၏လုပ်ငန်းများလည်း ပိုမိုဖွံ့ဖြိုးလာမည်ဟု မျှော်လင့်ကြောင်း ဖောင်တော်ဦးဘုရားဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောသည်။

မြို့နယ်
(မြန်/ဆက်)

# တန်ဆောင်မုန်းလပြည့်နေ့ ပုဂံ၌ ခရီးသွားများဖြင့် စည်ကား

**ရန်ကုန် နိုဝင်ဘာ ၄**

အများပြည်သူရုံးပိတ်ရက် တန်ဆောင်မုန်းလပြည့်နေ့ အခါသမယတွင် ပုဂံယဉ်ကျေးမှုဒေသ၌ မိုးဖွဲဖွဲရွာ



လျက်ရှိသော်လည်း ခရီးသွားများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

သီတင်းကျွတ်ကာလ ခရီးသွားရာသီအစတွင် ပုဂံယဉ်ကျေးမှုဒေသသို့ ခရီးသွားအများ ဝင်ရောက်ခဲ့ကာ တန်ဆောင်တိုင်ပွဲတော်ကာလ၌လည်း ကုသိုလ်ယူလည်ပတ်နိုင်ရန် ဟိုတယ်အခန်းများ ကြိုတင်မှာယူထားကြပြီး ရာသီဥတုကောင်းမွန်ပါက ယခုထက်ပိုမိုလာရောက်နိုင်ဖွယ်ရှိကြောင်း ခန့်မှန်းကြသည်။

"လပြည့်နေ့မှာ မိုးရွာပေမယ့် ပုဂံကို ခရီးသွားတွေ လာကြတယ်။ ဟိုတယ်တွေမှာ ကြိုတင်မှာထားတဲ့ခရီးသွားတွေ၊ ဘုရားဖူးလာတဲ့ကားတွေနဲ့ အပြည့်ပါ။ ရာသီဥတုကောင်းရင် အခုထက်ပိုပြီး ခရီးသွားများမှာပါ။ ဘုရား၊စေတီတွေမှာလည်း စည်ကားပါတယ်။ ပုဂံယဉ်ကျေးမှုဒေသကို ခရီးသွားဝင်ရောက်တာ များတဲ့အတွက် ဝမ်းသာပါတယ်။ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တွေစုဝေးရာ ပုဂံဒေသကို လာရောက်ကုသိုလ်ယူလည်ပတ်ဖို့ ဖိတ်ခေါ်ပါ တယ်" ဟု ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံရုံးခွဲမှ တာဝန်ရှိသူက ပြောသည်။

**ကုသိုလ်ယူသူများ စည်ကား**

ပြည်တွင်းခရီးသွားများနည်းတူ နိုင်ငံခြားခရီးသွားများလည်း လေ့လာလည်ပတ်မှုများပြားကြောင်း၊ တန်ဆောင်မုန်းလပြည့်ညတွင် အထင်ကရဘုရား၊ စေတီ ၁၈ ဆူတို့တွင် ဆီမီးများပူဇော်၍ ကုသိုလ်ယူသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

**နိုင်ငံချစ်စိတ် ပေါ်ထွန်းလာစေ**

"ထီးလိုမင်းလိုဘုရားကို တန်ဆောင်တိုင်ပိတ်ရက်မှာ ခရီးသွား ၈၀၀၀ ဝန်းကျင်၊ လပြည့်နေ့မှာ ၁၀၀၀၀ နီးပါး လာရောက်ခဲ့တယ်။ အရင်နှစ်ကထက် ခရီးသွားပိုဝင်တဲ့သဘောပါ။ ပုဂံဟာ မြန်မာယဉ်ကျေးမှုအမွေအနှစ်တွေ စုဝေးရာဒေသဖြစ်တဲ့အတွက် ပုဂံကိုမြင်လိုက်တာနဲ့ နိုင်ငံကို ချစ်မြတ်နိုးစိတ်၊ ဘာသာတရားကို လေးစားတန်ဖိုးထားစိတ်တွေ ပေါ်ထွန်းလာစေတာ အမှန်ပါ"ဟု ထီးလိုမင်းလိုဘုရား ဂေါပကအဖွဲ့မှ အတွင်းရေးမှူးက ပြောသည်။

ယခုရက်ပိုင်းအတွင်း ဘင်္ဂလားပင်လယ်အော်၌ လေဖိအားနည်းရပ်ဝန်းနှင့် ဖိလစ်ပိုင်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသည့် တိုင်ဖွန်းမုန်တိုင်းတို့၏ အရှိန်ကြောင့် မြန်မာနိုင်ငံတွင် နေရာကွက်၍ မိုးကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်းတို့ ဖြစ်ပေါ်ခဲ့သော်လည်း တန်ဆောင်တိုင်ပွဲတော်ကာလ၌ ပုဂံဒေသတွင် အများပြည်သူခရီးသွားလာမှုများပြားပြီး ကောင်းမှုကုသိုလ်ပြုသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

ဓာတ်ပုံ - ဖွဲ့မာန်၊ သစ္စာ(MNA)

# မြစ်ကြီးနားမြို့၌ ရိုးရာကောက်သစ်စားပွဲတော်နှင့် ဒေသတွင်းရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံ ယဉ်ကျေးမှုဖလှယ်ပွဲအခမ်းအနားများ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**မြစ်ကြီးနား နိုဝင်ဘာ ၄**

ကချင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူး၍ နှစ်စဉ်ကောက်ဦးပေါ်ချိန်တွင်ကျင်းပမြဲဖြစ်သည့် အင်လုံအင်နန်ရှားပွဲဟုခေါ်ဆိုသည့် ရိုးရာကောက်သစ်စားပွဲတော်နှင့် ဒေသတွင်းရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သည့် ယှဉ်ကျေးမှု ဖလှယ်ပွဲ အခမ်းအနားများကို မြစ်ကြီးနားမြို့၌ နှစ်ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ယမန်နေ့ မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှ သိရသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်နှင့် ဆပ်ကော်မတီအသီးသီးမှ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ပွဲတော်များကျင်းပရာတွင် ရိုးရာကောက်သစ်စားပွဲတော်ကို မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မနောကွင်းအတွင်းရှိ မဏ္ဍပ်ယ်ခန်းမ၌ ဌာနေတိုင်းရင်းသားမျိုးနွယ်စုများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများ အစုံအညီတက်ရောက်စေပြီး တစ်နှစ်တာ စိုက်ပျိုးရာသီပြီးဆုံး၍ ကောက်ရိတ်သိမ်းချိန်တွင် အဦးအဖျားရရှိသည့် ကောက်ဦးဆန်ကို အတူတကွ ကျေးဇူးတော်ချီးမွမ်း၍ ချက်ပြုတ်စားသောက်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့အတူ ဒေသအတွင်းရှိ ဌာနေတိုင်းရင်းသား မျိုးနွယ်စုများဖြစ်သည့် ကချင် ခြောက်မျိုး၊ ရှမ်းငါးမျိုး၊ ဗမာတိုင်းရင်းသားတို့အပြင် ကရင်၊ ရခိုင် စသည့်တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ထုတ်ဖော်ဖလှယ်ပြသခြင်းဖြင့် ဒေသတွင်းတိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုခိုင်မာအားကောင်းစေပြီး ငြိမ်းချမ်းသော လူမှုအသိုက်အဝန်းဖြစ်လာစေရေးအတွက် တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သည့် ယှဉ်ကျေးမှုဖလှယ်ပွဲ အခမ်းအနားကို မြစ်ကြီးနားတက္ကသိုလ်၌ ရိုးရာအကပဒေသာများဖြင့် စည်ကားစွာကျင်းပနိုင်ရေး ကြိုတင်စီမံဆောင်ရွက်ရမည့် ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။




ခရိုင်(ပြန်/ဆက်)

# တန်ဆောင်မုန်းလပြည့်နေ့၌ မန္တလေးမြို့လုံးအနှံ့ ကုသိုလ်ကောင်းမှုပြုကြသူများ၊ တန်ဆောင်တိုင်မီးထွန်းပွဲ ဆင်နွဲကြသူများနှင့် အပန်းဖြေအနားယူကြသူများဖြင့် စည်ကား

**မန္တလေး နိုဝင်ဘာ ၄**

ယနေ့သည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများအတွက် နေ့ထူးနေ့မြတ် တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့) ဖြစ်သည်နှင့်အညီ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြပြီး တန်ဆောင်တိုင်ပွဲတော်၊ မီးထွန်းပွဲတော်တို့ကို မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်း တစ်ရပ်အဖြစ် လက်ဆင့်ကမ်းထိန်းသိမ်း၍ ကျင်းပလျက်ရှိသည်။

တန်ဆောင်မုန်းလပြည့် အခါသမယတွင် မန္တလေးမြို့ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုကြသူများ၊ မီးထွန်းပွဲတော်များကျင်းပ၍ မြတ်စွာဘုရားရှင်အား ပူဇော်ကြသူများ၊ ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ကြသူများနှင့် အပန်းဖြေစခန်းများ၌ အပန်းဖြေကြသူများဖြင့် မြို့လုံးအနှံ့ စည်ကားများပြားလျက်ရှိသည်။

နံနက် အရုဏ်တက်ချိန်မှ စတင်၍ မန္တလေးမြို့ရှိ ဘုရား၊ ပုထိုးစေတီများ၊ ဓမ္မာရုံများ၌ မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲများ၊ ဘုန်းတော်ကြီးကျောင်းများ၌ ဌာနဆိုင်ရာအသီးသီးတို့မှ ကထိန်သင်္ကန်းကပ်လှူ ကုသိုလ်ပြုခြင်းနှင့် ဆီမီးထွန်းညှိပူဇော်ပွဲများကို အစဉ်အလာမပျက် ကျင်းပလျက်ရှိရာ မန္တလေးမြို့ခံများအပြင် အနယ်နယ်အရပ်ရပ်မှ ရပ်ကွက်နှင့် ပြည်သူများက ကုသိုလ်ပြု ပါဝင်ဆင်နွှဲကြပြီး အသင်းအဖွဲ့အလိုက်၊ မိသားစုအလိုက် ကထိန်ပွဲတော်များကို သက်ဆိုင်ရာ ကျောင်းများသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ခင်းကျင်း၍ ရေစက်ချလှူဒါန်းခြင်း၊ ကုသိုလ်ကောင်းမှုပြုခြင်း၊ စတုဒိသာကျွေးမွေး ကုသိုလ်ပြုခြင်းများဖြင့် မန္တလေးမြို့တစ်ခွင် ခြိမ့်ခြိမ့်သဲ ကျင်းပလျက်ရှိသည်။




မန္တလေးမြို့၏ အထင်ကရ တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သည့် မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးတွင် ယနေ့နံနက်ပိုင်းက ဆရာတော်၊ သံဃာတော်များအမှူးပြု၍ မျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး မသိုးမြတ်သင်္ကန်းတော်ဆက်ကပ်လှူဒါန်းပူဇော်ကာ ဒေသခံပြည်သူများသာမက အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူ အပေါင်းတို့ကလည်း လာရောက်ဖူးမြော်ကြည်ညိုကြပြီး ဆွမ်း၊ ရေချမ်း၊ ပန်း၊ ကပ်လှူပူဇော်ခြင်း၊ ဆီမီးပူဇော်ခြင်း၊ ရေသပ္ပာယ်ခြင်း၊ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များ၊ ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်းနှင့် တရားဘာဝနာအားထုတ်ကြခြင်းများဖြင့်လည်း စည်ကားလျက်ရှိသည်။

အလားတူ မန္တလေးတောင်တော် ဆုတောင်းပြည့်ဘုရား၊ ကုသိုလ်တော်ဘုရား၊ ကျောက်တော်ကြီးဘုရား၊ အောင်တော်မူမြတ်စွာဘုရား၊ ရွှေကျီးမြင်ဘုရား၊ စွယ်တော်မြတ် စေတီတော် (မန္တလေး)၊ ဝေဠုဝန ကျောက်စိမ်းစေတီတော်စသည့် တန်ခိုးကြီးဘုရားစေတီတော်တို့တွင်လည်း ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်း၍ ဆီမီးပူဇော်ခြင်း၊ ဝတ်ရွတ်စဉ်များ ရွတ်ဖတ်ပူဇော်ခြင်းတို့ ဆောင်ရွက်ကြသည့်အပြင် အလှူရှင်များက အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများအား စတုဒိသာအာဟာရ ကျွေးမွေးကုသိုလ်ပြုကြခြင်းဖြင့် မြန်မာတို့၏သဒ္ဓါတရား ထက်သန်မှုစိတ်ရင်းများကို ပုံဖော်ခဲ့ကြသည်။

ညပိုင်းတွင်လည်း ဘုရားစေတီများ၌ ဆီမီးပူဇော်ပွဲများကျင်းပခြင်း၊ မီးပုံးပျံများ လွှတ်တင်ခြင်း၊ နေအိမ်များ၌ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆီမီးနှင့် မီးရောင်စုံ ထွန်းညှိပူဇော်ခြင်းများဖြင့် မန္တလေးမြို့၏ တန်ဆောင်တိုင်လပြည့်နေ့ညအလှကို ပိုမိုပေါ်လွင်စေခဲ့ပြီး မဲဇလီဖူးသုပ်ဒါနပြုကြသူများ၊ ပွဲသကူလိုက်လံကောက်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် မန္တလေးမြို့၏ အထင်ကရနေရာများဖြစ်သော ကမ်းနားလမ်းရှိ မြို့တော်ဥယျာဉ်၊ ပုသိမ်ကြီးမြို့နယ်ရှိ အပန်းဖြေစခန်းများ၊ အမရပူရမြို့နယ်ရှိ တောင်သမန်အင်းနှင့် ဦးပိန်တံတားတို့တွင်လည်း ဒေသခံပြည်သူများသာမက အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေ အနားယူကြသူများဖြင့် စည်ကားခဲ့သည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

## တွံတေးမြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး၌ အကြိမ်(၁၃၀)မြောက် မသိုးသင်္ကန်းဆက်ကပ်ပူဇော်

တွံတေး နိုဝင်ဘာ ၄

တွံတေးမြို့ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး၌ အကြိမ်(၁၃၀)မြောက် မသိုးသင်္ကန်း ဆက်ကပ်ပူဇော်ပွဲကို ယနေ့ (တန်ဆောင်မုန်းလပြည့်နေ့) နံနက် ၄ နာရီခွဲက



စတင်၍ ရွှေဆံတော်စေတီရင်ပြင်၌ ကျင်းပသည်။

မသိုးသင်္ကန်းဆက်ကပ်ပူဇော်ပွဲသို့ တွံတေးခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်နိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်မြင့်၊ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရွှေဆံတော် ဘဏ္ဍာတော်ထိန်းဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မသိုးသင်္ကန်း ဆက်ကပ်ပူဇော်ရန်အတွက် နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ရက်လုပ်ပြီးသော မသိုးသင်္ကန်းများကို ရွှေဆံတော်စေတီတော်မြတ်ကြီးအား တစ်ပတ်လှည့်လည် ပူဇော်ကြသည်။

ထို့နောက် မသိုးသင်္ကန်း ရက်လုပ်ပူဇော်သော မသိုးသင်္ကန်းများအား ရွှေဆံတော်စေတီ ပထမ ပစ္စယံရှိ ပဥ္စလောဟာဗုဒ္ဓရုပ်ပွားတော် (ရွှေ၊ ငွေ၊ ကြေးသံ၊ သွပ်)နှင့် ရွှေဆံတော်စေတီရင်ပြင်ရှိ သတ်မှတ်တန်ဆောင်းများရှိ ဗုဒ္ဓရုပ်ပွားတော်များအား မသိုးသင်္ကန်းများ ဆက်ကပ်ပူဇော်ကြကြောင်း သိရသည်။ မျိုးလှိုင်(တွံတေး)



## တန်ဆောင်မုန်းလပြည့်နေ့တွင် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်၌ ဘုရားဖူးပြည်သူများဖြင့်စည်ကား

ကျိုက်ထို နိုဝင်ဘာ ၄

ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်၌ တန်ဆောင်မုန်းလပြည့် (သာမညဖလ) အခါတော်နေ့တွင် ဘုရားဖူးပြည်သူများ စည်ကားများပြားလျက်ရှိသည်။ ဘုရားဖူးလာပြည်သူများက စိတ်အေးချမ်းသာစွာဖြင့် ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးအား ရွှေသင်္ကန်း၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာများ ကပ်လှူပူဇော်ကြပြီး တရားဘာဝနာများ ရွတ်ဖတ်ပူဇော်လျက်ရှိကြသည်။ ဘုရားဖူးပြည်သူများ အန္တရာယ်ကင်းရှင်းပြီး စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ရန်အတွက် ဆံတော်ရှင်ကျိုက်ထီးရိုးဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ကျိုက်ထို(မြန်/ဆက်)

## သုဝဏ္ဏဝတီမြို့ ရွှေဘုံသာစေတီတော်မြတ်ကြီး ဆွမ်းဆန်စိမ်းလောင်းလှူ

သထုံ နိုဝင်ဘာ ၄

သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ကျိုက္ကော်ရပ်ကွက်ရှိ ရွှေဘုံသာစေတီတော်မြတ်ကြီး၏ (၇၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်အထိမ်းအမှတ် မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို နိုဝင်ဘာ ၄ ရက် (တန်ဆောင်မုန်းလပြည့်နေ့) နံနက်ပိုင်းက အဆိုပါစေတီတော်မြတ်ကြီး ရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဆွမ်းဆန်စိမ်းလောင်းလှူရာတွင် ရွှေဘုံသာစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့နှင့် မြို့မိမြို့ဖတို့က ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပင့်ဆောင်ပေးကြပြီး စေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ အပါအဝင် ရပ်နီးရပ်ဝေးပင့်ကျောင်း စုစုပေါင်း ၈၁ ကျောင်းတို့မှ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များနှင့် သာသနာ့နွယ်ဝင်သီလရှင် စုစုပေါင်း အပါး ၅၀၀ ခန့်အား သုဝဏ္ဏဝတီမြို့နှင့် အနီးဝန်းကျင်ကျေးရွာ



တို့မှ အလှူရှင်များက ဆွမ်းဆန်တော်၊ ငွေပဒေသာပင်များနှင့် လှူဖွယ်ပစ္စည်းများကို လောင်းလှူပူဇော်ခဲ့ကြသည်။ ခရိုင်(မြန်/ဆက်)



## မိုင်းပန်မြို့နယ်၌ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်

မိုင်းပန် နိုဝင်ဘာ ၄

မိုင်းပန်မြို့နယ်၌ မြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာတွင် မိုင်းပန်မြို့အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများမှ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များက အရှေ့ရပ်ကွက်ညောင်ကိုးပင်ကျောင်းမှ မြို့နယ်ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက် မြို့တွင်း တစ်ပတ်လှည့်လည် ဆွမ်းခံကြွတော်မူခဲ့ကြရာ စေတနာရှင်၊ အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ပူဇော်ကြကြောင်း သိရသည်။ မြို့နယ်(မြန်/ဆက်)

## ပခုက္ကူမြို့ရှိ ရှေးဟောင်းသမိုင်းဝင်ဘုရား၊စေတီများ၌ တန်ဆောင်မုန်းလပြည့်နေ့တွင် ဘုရားဖူးပြည်သူများဖြင့်စည်ကား

ပခုက္ကူ နိုဝင်ဘာ ၄

တန်ဆောင်မုန်းလပြည့်နေ့တွင် ပခုက္ကူမြို့ရှိ ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီးဘုရား၊ စေတီတော်မြတ်ကြီးတို့၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

သီဟိုဠ်ရှင်မြတ်စွာဘုရား၊ ရွှေကူမြတ်စွာဘုရား၊ ဖောင်တော်ဦး



ဘုရား၊ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး စသည့် ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီးဘုရား၊ စေတီတော်မြတ်ကြီးများတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများနှင့် ဒေသခံပြည်သူများက ဗုဒ္ဓရုပ်ပွားတော်များ ရေသပ္ပာယ်ခြင်း၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာများ ကပ်လှူခြင်းတို့ဖြင့် လာရောက်ကုသိုလ်ယူကြသည်။

ထို့ပြင် ဘုန်းတော်ကြီးကျောင်း၊ စာသင်တိုက်များရှိ ဆရာတော် သံဃာတော်ကြီးများထံ ဥပုသ်သီလတရားနာယူသူများ၊ ဘုရား၊ စေတီတော်ရင်ပြင်များတစ်လျှောက် အဘိဓမ္မာဒေသနာတော်ကို ရွတ်ဖတ်ပူဇော်သူများ၊ ဘုရားပန်းများ လဲလှယ်သူများနှင့် သစ်သီးဆွမ်းများ ဆက်ကပ်လှူဒါန်းသူများ၊ ငါးအစာကျွေးသူများ၊ ဘုရားဝင်းအတွင်း ရောင်းချသည့် စားစရာမုန့်ပဲသရေစာများ ဝယ်ယူစားသောက်အပန်းဖြေသူများ၊ ရပ်ကွက်အတွင်း စတုဒိသာကျွေးမွေး ကုသိုလ်ယူကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

## မော်လမြိုင်မြို့တွင် တန်ဆောင်မုန်းလပြည့်နေ့၌ ဆွမ်းအိုးမျှော ကပ်လှူပွဲနှင့် စတုဒိသာကျွေးမွေးမှုများဖြင့် စည်ကား

မော်လမြိုင် နိုဝင်ဘာ ၄

မော်လမြိုင်မြို့နယ် အတွင်းရှိ တန်ခိုးကြီး ဘုရားများ၏ ဗုဒ္ဓပူဇနီယပွဲတော်များကို နှစ်စဉ် အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ဝါလကင်းလွတ် သီတင်းကျွတ် မီးထွန်းပွဲတော် အပါအဝင် တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့) မတိုင်မီ အဖိတ်နေ့နှင့် လပြည့်နေ့တို့တွင် ဆီမီးများ ထွန်းညှိပူဇော်ခြင်း၊ နံနက်အရုဏ်တက်ချိန် ရှင်ဥပဂုတ္တ



မထေရ်မြတ်အား ဆွမ်းအိုးမျှော ကပ်လှူပူဇော်ခြင်းနှင့် မြန်မာလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့တစ်ခုဖြစ်သည့် အခါကြီး ရက်ကြီးတွင် ဘုရားဖူးပြည်သူများ၊ ခရီးသွားပြည်သူများအား အာဟာရဒါန စတုဒိသာများဖြင့် ရပ်ကွက်နှင့် ကျေးရွာလမ်းများတွင် ညှော်ခံကျွေးမွေးခြင်းဖြင့် ကုသိုလ်ယူကြသည်။

တန်ခိုးကြီးဘုရားများ ဖြစ်သည့် ကျိုက်သလဲစေတီတော်၊ ဦးဇိနစေတီတော်၊ မဟာမြတ်မုနိဘုရား အစရှိသည့် ဘုရား၊ ပုထိုး၊ စေတီများတွင် ရပ်နီးရပ်ဝေးမှ ရဟန်းရှင်လူပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်၍ ကုသိုလ်ဘာဝနာတရားပွားများ နာယူလျက်ရှိကြောင်း သိရသည်။

ခင်စန်းမြင့်(မြန်/ဆက်)



## ရွှေစည်းခုံစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းသပိတ်လုံးနှင့် စာရေးတံမဲ လောင်းလှူပူဇော်

ညောင်ဦး နိုဝင်ဘာ ၄

မဟာရာဇဝါဒီ အနိရုဒ္ဓဒေဝ အနော်ရထာမင်းတရားကြီးနှင့် သီရိတြိဘုဝနာဒိတျဓမ္မ ရာဇ ကျန်စစ်သားမင်းကြီးတို့ တည်ထားကိုးကွယ်ခဲ့သည့် အံ့ဖွယ်ကိုးစုံ ရွှေစည်းခုံစေတီတော်၏ အကြိမ် (၉၆၆) ကြိမ်မြောက် ဆွမ်းသပိတ်လုံးနှင့်စာရေးတံမဲ လောင်းလှူပူဇော်ပွဲကို နိုဝင်ဘာ ၄ ရက်က စေတီတော်ရင်ပြင်တော်ပေါ်တွင် လောင်းလှူပူဇော်သည်။

ထိုသို့လောင်းလှူပူဇော်ရာတွင် ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ခရိုင်ကော်မတီဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် မြို့နယ်ကော်မတီဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် မြို့မိမြို့ဖများက ပင့်သံဃာ ၈၂၆ ပါးတို့အား တစ်ပါးလျှင် ဆွမ်းသပိတ်လုံး နှစ်လုံး လောင်းလှူပူဇော်ခဲ့ကြောင်း သိရသည်။ ဒီပါလင်း

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ကျိုက္ကစံဆံတော်ရှင်စေတီတော်၌ မသိုးသင်္ကန်းရက်လုပ်ပူဇော်ယှဉ်ပြိုင်

**ရန်ကုန် နိုဝင်ဘာ ၄**

သဃ်္န်းကျွန်းမြို့နယ် ရှေးဟောင်းသမိုင်းဝင် ကျိုက္ကစံဆံတော်ရှင်စေတီတွင် (၄၄)ကြိမ်မြောက် မသိုးသင်္ကန်း ရက်လုပ်ပူဇော်ယှဉ်ပြိုင်ပွဲကို နိုဝင်ဘာ ၃ ရက်က စေတီတော်ရင်ပြင် စနေထောင့် ဗဟိုမင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။



အခမ်းအနားတွင် သင်္ဃန်းကျွန်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးဇော်မိုးထိုက်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုး၊ ကျိုက္ကစံဆံတော်ရှင်စေတီ အလှည့်ကျဂေါပကအဖွဲ့ဝင် ဦးခင်မောင်ထွန်းနှင့် တာဝန်ရှိသူများက (၄၄) ကြိမ်မြောက် မသိုးသင်္ကန်း ရက်လုပ် ပူဇော်ယှဉ်ပြိုင်ပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပြီး စေတီတော်အား လှည့်လည်ပူဇော်ကြသည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး စေတီတော် အလှည့်ကျဂေါပကအဖွဲ့ဝင် ဦးခင်မောင်ထွန်းက စေတီတော် သမိုင်းအကျဉ်းကို ပြောကြားသည်။ မသိုးသင်္ကန်းပြိုင်ပွဲ ကော်မတီအတွင်းရေးမှူး ဦးကြည်မင်းက မသိုးသင်္ကန်း ရက်လုပ်ယှဉ်ပြိုင်ပွဲ စည်းကမ်းများ၊ အမှတ်ပေး စည်းမျဉ်းများနှင့် စည်းကမ်းချက်များကို ရှင်းလင်းဖတ်ကြားသည်။ ဆက်လက်ပြီး ခရိုင်အုပ်ချုပ်ရေးမှူးက မသိုးသင်္ကန်း ရက်လုပ်ယှဉ်ပြိုင်ပွဲ စတင်ရက်လုပ်နိုင်ရန် ချည်ဖြူတားလွန်းအိမ်များ ပေးအပ်ပြီး ပြိုင်ပွဲစတင်သတ်မှတ် မီးခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။ **ဇော်မိုး(သဃ်္န်းကျွန်း)**



## ကျောက်ဆည်မြို့နယ်အတွင်းရှိ တန်ခိုးကြီးဘုရားများတွင် တန်ဆောင်တိုင်ရုံးပိတ်ရက်၌ ဘုရာဖူးပြည်သူများဖြင့် စည်ကား

**ကျောက်ဆည် နိုဝင်ဘာ ၄**

ကျောက်ဆည်မြို့နယ်အတွင်းရှိ တန်ခိုးကြီးဘုရားများဖြစ်သော ဆုတောင်းပြည့်မဟာရွှေသိမ်တော်ဘုရားနှင့် တမုတ်ရွှေဂူကြီးဘုရားတို့တွင် တန်ဆောင်တိုင် ရုံးပိတ်ရက်များ၌ ရပ်ဝေး၊ရပ်နီးမှ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

မဟာဆုတောင်းပြည့်ရွှေသိမ်တော်ဘုရားနှင့် တမုတ်ရွှေဂူကြီးဘုရားတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများနှင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**

## ဘိုကလေးမြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲ ကျင်းပ

**ဘိုကလေး နိုဝင်ဘာ ၄**

ဘိုကလေးမြို့နယ်တွင် (၃၉)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ ဘုရားပွဲတော်အား စည်ကားသိုက်မြိုက်စွာဖြင့် နိုဝင်ဘာ ၃ ရက်က ကျင်းပသည်။



ဘုရားပွဲ ကျင်းပရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ဘုရားပွဲ ကျင်းပရေးဗဟိုအဖွဲ့နှင့် မြို့ပေါ်ရပ်ကွက် ၁၀ ခု၊ ဘုရားချောင်းကျေးရွာ၊ ကွင်းဝိုင်းကျေးရွာနှင့် ကုလားကြီးချောင်း ကျေးရွာအစရှိသည့် ရပ်ကွက်၊ ကျေးရွာ ၁၄ ဖွဲ့မှ တစ်ဖွဲ့လျှင် နှစ်ဆူနှုန်းဖြင့် နှစ်ကျိပ်ရှစ်ဆူ ဘုရားများအား ဥပသကာ ဂေါပကများမှ ပင့်ဆောင်ကာ မြို့လယ် ကျက်သရေဆောင် အောင်တော်မူဘုရားကြီး ရှေ့စုရပ်မှ မင်္ဂလာစည်တော်နှင့်အတူ စာတိုက်ဟောင်းလမ်း၊ ကမ်းနားလမ်း၊ အောင်စကြာဘုရားလမ်း၊ မြို့ပတ်တာ(၈)လမ်း၊ နှင်းဆီ (၇) လမ်းတို့အား ဒေသစာရီ ကြွချီအပူဇော်ခံခဲ့ကြသည်။

ကြွချီရာ လမ်းတစ်လျှောက်တွင် ဘုရားဒါယကာ၊ ဒါယိကာမများက မြတ်ဘုရားများအား ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို လှူဒါန်းခဲ့ကြသည့်အပြင် ဥပသကာ ဂေါပကများကိုလည်း အာဟာရဒါနများ ကျွေးမွေးလှူဒါန်းခဲ့ကြသည်။

မြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ ဘုရားပွဲတော်ကို တန်ဆောင်မုန်းလဆန်း ၁၄ ရက်မှ လပြည့်ကျော် ၃ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

**မိုးစက်(ဘိုကလေး)**



## လွိုင်ကော်မြို့ တန်ဆောင်မုန်းလပြည့်နေ့တွင် ဘုရား၊ စေတီများနှင့် ဘုန်းကြီးကျောင်းများ၌ ဘုရားဖူးများဖြင့် စည်ကား

**လွိုင်ကော် နိုဝင်ဘာ ၄**

တန်ဆောင်မုန်းလပြည့်နေ့တွင် လွိုင်ကော်မြို့ ဘုရား ပုထိုးစေတီများတွင် ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးများ ကပ်လှူပူဇော်ခြင်း၊ ဘုန်းကြီးကျောင်းများ၌ ကထိန်သင်္ကန်းလျာဆက်ကပ်လှူဒါန်းခြင်း၊ ဥပုသ်သီတင်းသီလ ဆောက်တည်ခြင်းများဖြင့် အထူးစည်ကားလျက်ရှိသည်။

လွိုင်ကော်မြို့၏ အထင်ကရဖြစ်သော သီရိမင်္ဂလာတောင်တော် (တောင်ကွဲ)စေတီ၊ မြို့နာမ်စေတီ၊ မြကလပ်စေတီ၊ သစ်တစ်ပင်တောင် (လွမ်းစေတီ)၊ ရွှေလက်ဝါးတောင်တော်တို့တွင် ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူဖူးမြော်ကြည်ညိုကြပြီး ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ မေတ္တာပို့သခြင်းတို့အပြင် ဘုန်းကြီးကျောင်းများတွင် ဥပုသ်သီတင်းသီလ ဆောက်တည်လျက်ရှိသည်။

ညပိုင်းတွင် ဘုရားကျောင်းကန်စေတီပုထိုးများ၌ ရိုးရာအစဉ်အလာမပျက် ဆီမီးများ ကပ်လှူပူဇော်ခြင်း၊ ပြည်နယ်ခန်းမရှေ့၌ နိဗ္ဗာန်ဈေးပွဲတော်၊ စတုဒိသာကျွေးမွေးဧည့်ခံခြင်း၊ လွိုင်ကော်မြို့ ကန္ဒာဟောဝန်ကျောက်သားရင်ပြင်တွင် တေးဂီတဖျော်ဖြေခြင်းများနှင့် မီးပုံးပျံလွှတ်တင်ခြင်းများ ပြုလုပ်ခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**

## ရွှေကျင်မြို့၌ တန်ဆောင်တိုင်ဆွမ်းတော်ကြီး လောင်းလှူ

**ရွှေကျင် နိုဝင်ဘာ ၄**

ရွှေကျင်မြို့နယ် သမိုင်းဝင်အရှေ့မဟာဗုဒ္ဓဘုရားကြီး စေတီတော်ရင်ပြင်၌ တန်ဆောင်တိုင် ဆွမ်းတော်ကြီးလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းက လောင်းလှူခဲ့သည်။

ရွှေကျင်မြို့နယ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော တန်ဆောင်မုန်းလပြည့်နေ့ တန်ဆောင်တိုင် ဆွမ်းတော်ကြီးလောင်းလှူပွဲကို မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့်သီလရှင်ကျောင်း စုစုပေါင်း ၇၅ ကျောင်းအား ကျောင်းအလိုက် ဘုရားကြီးဂေါပကအဖွဲ့က ဦးဆောင်ပြီး တစ်ကျောင်းလျှင် ငွေပဒေသာပင်တစ်ပင်စီ လှူဒါန်းခဲ့ပြီး ဘုန်းတော်ကြီးများနှင့် သီလရှင်များ စုစုပေါင်း အပါး ၇၅၀ ကျော်တို့အား ဒေသခံအလှူရှင်များနှင့် အနယ်နယ်အရပ်ရပ်မှ စေတနာရှင် အလှူရှင်များက ဘုရားကြီးရင်ပြင်တော်နှင့် စင်္ကြံလမ်းတစ်လျှောက်တွင် လှူဖွယ်ပစ္စည်းများအား စည်ကားသိုက်မြိုက်စွာ လောင်းလှူခဲ့ကြသည်။ **ထွန်းထွန်းဇော်(ပြန်/ဆက်)**





## တန်ဆောင်မုန်းလပြည့်နေ့တွင် ကျိုက္ခမီဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး၌ ဘုရားဖူးပြည်သူများဖြင့် စည်ကား

**သံဖြူဇရပ် နိုဝင်ဘာ ၄**

သံဖြူဇရပ်မြို့နယ်ရှိ ကျိုက္ခမီဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး၌ တန်ဆောင်မုန်းလပြည့် (သာမညဖလ) အခါတော်နေ့တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ စည်ကားလျက်ရှိသည်။

ဘုရားဖူးလာပြည်သူများက စိတ်အေးချမ်းသာစွာဖြင့် မြတ်ဘုရားကြီးအား ပန်း၊ ဆီမီး၊ အမွှေးနံ့သာများ ကပ်လှူပူဇော်ကြ၍ တရားဘာဝနာများ ရွတ်ဖတ်ပူဇော်ကြပြီး ဘုရားဖူးလာပြည်သူများအနေဖြင့် ဘုရားဖူးအပြန် စက်စဲကျေးရွာရှိ စက်စဲအပန်းဖြေစခန်းကို ဝင်ရောက်ကာ အပန်းဖြေ ရေကစားကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီး၌ မသိုးသင်္ကန်း ရက်လုပ်ပြိုင်ပွဲကျင်းပ

**ဇလွန် နိုဝင်ဘာ ၄**

ဇလွန်မြို့မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီး၌ (၅၄) ကြိမ်မြောက် မသိုးသင်္ကန်းတော်မြတ် ရက်လုပ်ပြိုင်ပွဲနှင့် တန်ဆောင်တိုင် မီးထွန်း ပူဇော်ပွဲဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ပြည်တော်ပြန် မြတ်စွာဘုရားကြီး ကိုးဘုံတန်ဆောင်းတော်ကြီးအတွင်း၌ ကျင်းပသည်။



အခမ်းအနားတွင် ဟင်္သာတခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းက မသိုးသင်္ကန်းရက်လုပ် ကပ်လှူပူဇော်ပွဲသည် အမျိုးသားအမွေအနှစ်ဖြစ်သည့် ရက်ကန်းပညာနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုကို မတိမ်ကောမပပျောက်အောင် ထိန်းသိမ်းရာရောက်သော ကုသိုလ်ပွဲဖြစ်ကြောင်း အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ကိန္နရီစင်တော်၊ သမ္ဗူလစင်တော်၊ မယ်မဒ္ဒီစင်တော်၊ အမရာစင်တော်တို့မှ စတင်ရက်ချုပ်ပြိုင်ခဲ့ကြပြီး ဇလွန်မြို့မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီး၌ တန်ဆောင်တိုင် မီးထွန်းပူဇော်ပွဲကို တန်ဆောင်မုန်းလဆန်း ၁၄ ရက်မှ လပြည့်ကျော် တစ်ရက်အထိ ကျင်းပမည်ဖြစ်သည်။ **ဝေယံ(ပြန်/ဆက်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အဖွဲ့ဝင် အမျိုးသားသုံးဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

**နေပြည်တော် နိုဝင်ဘာ ၄**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အဖွဲ့ဝင် အမျိုးသားသုံးဦးတို့သည် နိုဝင်ဘာ ၃ ရက်တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာခဲ့ကြသည်။



အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အဖွဲ့ဝင်များသည် အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အချင်းချင်း ဗိုလ်ကျနိုပ်စက်၍ ဖိနှိပ်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရပြီး အသေခံရမည့်နေရာများတွင်သာ လုပ်ဆောင်စေခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ လမ်းတံတားများ၊ နေအိမ်အဆောက်အအုံများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်းတို့ အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ငြိမ်းချမ်းစွာနေထိုင်လိုခြင်းတို့ကြောင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်း ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် PDF အဖွဲ့ဝင်သုံးဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက တရားဥပဒေပုဒ်မများနှင့် ပတ်သက်၍ အသိပညာပေး ရှင်းလင်း ဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် M-16 သေနတ် နှစ်လက်၊ M-4 သေနတ် တစ်လက်၊ လက်လုပ်မိုင်းနှစ်လုံးနှင့် ခဲယမ်းများကို လွှဲပြောင်းအပ်နှံရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြသည့် PDF အဖွဲ့ဝင်သုံးဦးအား ဝန်ခံကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံပေါင်း ရှစ်နိုင်ငံမှ ပြည်ပနိုင်ငံသား ၃၈ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၄**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ထိုင်းနိုင်ငံသားတစ်ဦးအား မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတားမှလည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံသား ၁၅ ဦး၊ နီပေါနိုင်ငံသား ၁၄ ဦး၊ တောင်အာဖရိကနိုင်ငံသား လေးဦး၊ ကင်မရွန်းနိုင်ငံသားတစ်ဦး၊ ဇင်ဘာဘွေနိုင်ငံသားတစ်ဦး၊ သီရိလင်္ကာနိုင်ငံသားတစ်ဦးနှင့် အီသီယိုးပီးယားနိုင်ငံသားတစ်ဦးတို့အား မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့်လည်းကောင်း စုစုပေါင်း ပြည်ပနိုင်ငံသား ၃၈ တို့အား သက်ဆိုင်ရာ နိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ Tak Immigartion မှ Pol Capt. Ms. Khwanchutha Kaewphikul နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Attache and Assistance to Nationals Officer Ms.Musetar C.Moso နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံရုံးမှ Second Secretary Ms. Srijana Koirala နှင့် တာဝန်ရှိသူများ၊ တောင်အာဖရိကနိုင်ငံသံရုံး၊ ကင်မရွန်းနိုင်ငံ သံရုံး၊ ဇင်ဘာဘွေနိုင်ငံသံရုံး၊ သီရိလင်္ကာနိုင်ငံသံရုံးနှင့် အီသီယိုးပီးယားနိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ သံရုံးကိုယ်စားလှယ် Mr.Tana Judah Hira နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၇၄၄ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၄၀၃ ဦးအား ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၃၄၁ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီ ဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြစ်ဝကျွန်းပေါ်ကမ်းလွန်ဒေသများတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း မြောက် - အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်

**နေပြည်တော် နိုဝင်ဘာ ၄**

ယနေ့ နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်း၊ မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြစ်ဝကျွန်းပေါ်ကမ်းလွန်ဒေသများတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် မြောက်- အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်း မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းဒေသများသို့ ရောက်ရှိခဲ့သည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နိုဝင်ဘာ ၅ ရက်တွင် ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းရိုးတန်းဒေသများသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။ **မိုး/ဇလ**



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၅-၁၁-၂၀၂၅ ဗုဒ္ဓဟူးနေ့

**MRTV HD**

**၀၆:၀၀** အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ တောချုပ်သုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** သန့်ရှင်းသောမဲ (ဂရေဟမ်၊ ခင်စုစုနိုင်)
**၀၉:၁၀** နိုင်ငံတော်ရွှေသီးတို့စက်မှုလယ်ယာစနစ်ကိုအားပေးစို့
**၁၀:၃၀** ပြည်သူ့တာဝန်ကျေပါစေ (ချောစုခင်)
**၁၁:၁၀** ကမ္ဘာတစ်လွှားအနုပညာသတင်းများ
**၁၁:၃၅** ရွှယ်စုံလင် အာဆီယံအစီအစဉ်
**၁၃:၃၀** MRTV National News
**၁၅:၂၅** Weekly Soccer Preview
**၁၆:၄၀** ရောနှောထားသောကိုယ်စားလှယ်အချိုးကျစနစ် (MMP) အကြောင်းသိကောင်းစရာ
**၁၇:၁၅** ရှေ့သို့ချီမည်ပန်းတိုင်ဆီ
**၁၇:၃၀** NEXT LEVEL
**၁၇:၄၀** ကမ္ဘာ့ဆုနာမီအသိပညာပြန့်ပွားရေးနေ့ အထိမ်းအမှတ်အစီအစဉ် 'သတိထားရမည့်ဆူနာမီအန္တရာယ်'
**၁၈:၃၀** ဟောဒီလိုနိုင် (အောင်ခိုင်၊ စိုးသီဟ၊ ပိုင်စစ်မှူး၊ ရွှေမိုးမိုးပြည့်သက်ခြယ်)
**၁၉:၀၀** ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် 'ကရင်ပြည်သူ့ပါတီ (KPP)'
**၁၉:၅၀** မဲရုံသို့ (Johnဝေယျ၊ ဝှမ့်မှူး၊ သရုပ်ဆောင် - နေဒွေး၊ ခိုင်သဇင်ဦး)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ချိုမြမြန်မာတေးအလှ
**၂၁:၂၀** နိပါတ်တော်လာဇာတ်သဘင်မဟာ 'အဝဏ္ဏကလှည်းသားငါးရာဇာတ်' (ပထမပိုင်း)
**၂၂:၀၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'တယာဖြူ့ဖြူ' (အပိုင်း-၂၂)

**mitv**

**07:01** Evergreen Classic: Metta Inngyin Yagon
**07:11** Tech Digest
**07:20** Ecotourism: Along River Chindwin To Khamti
**07:38** Beyond Limitations; The Power Within
**08:26** The Mandolinist
**08:53** Local Talents Show
**09:01** Tour around Kyaukse
**09:17** Pork - Tha Khut Curry
**09:27** Discovering Tribes- Maw Nay Bwa: their life and customs

**Me**

**၀၆:၀၀** အဖွင့်၊ ဝမ္မပုဇာတေးသီချင်းများ
**၀၆:၂၀** တိုင်းရင်းသားသီချင်း၊ အက (ချင်း)
**၀၆:၄၅** မြန်မာသံစဉ်တေးများ
**၀၇:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'လူစွမ်းကောင်းများခေတ်' (အပိုင်း-၁၂)
**၀၈:၀၀** ဝတ်ရိုပိုတေးများ
**၀၈:၁၅** ကမ္ဘာတစ်လွှားအနုပညာသတင်းများ
**၀၈:၃၅** ဇာတ်တော်ကြီး 'ဘူရိဒတ်ဇာတ်တော်ကြီး' (ပထမပိုင်း)
**၁၀:၁၀** ကာတွန်း 'လုဝသောကြေးအိုးစည်' (အပိုင်း-၁၀)
**၁၀:၄၀** ဇာတ်တော်ကြီး 'ဘူရိဒတ်ဇာတ်တော်ကြီး' (ဒုတိယပိုင်း)

**MRTV NRC**

**ပအိုဝ်းဘာသာ** (၀၆:၀၀ မှ ၀၇:၀၀)
သစ်ပင်ပေါ်မှာငွေရှိသည်
**အနောက်ပိုးကရင်** (၀၇:၀၀ မှ ၀၈:၀၀)
ကရင်စာပေစကားပြောကြရအောင် (အပိုင်း-၅)
**အရှေ့ပိုးကရင်** (၀၈:၀၀ မှ ၀၉:၀၀)
ပန်းချီဆရာစာတွန်းလင်းနှင့်တွေ့ဆုံမေးမြန်းခြင်း
**ချင်း (ဖလမ်း)** (၀၉:၀၀ မှ ၁၀:၀၀)
ချင်းရိုးရာအမဲအုပ်ပြောင်းဖူးပြုတ်ချက်နည်း
**ချင်း (ဇိုမီး)** (၁၀:၀၀ မှ ၁၁:၀၀)
ဝိတိုရိယတောင်(ခေါ်)ခေါ်နွဲ့စုမ်
**မွန်** (၁၁:၀၀ မှ ၁၃:၀၀)
ခန်ညားရှုယဉ်မွန်တို့အသွင် ခေတ်အဆက်ဆက်ဝတ်စားဆင်ယင်မှု
**ရခိုင်** (၁၃:၀၀ မှ ၁၅:၀၀)
ထိုးတုတ်ချက်နှင့်ရိုက်ကင်းသုပ်
**ရှမ်း** (၁၅:၀၀ မှ ၁၇:၀၀)
ထိန်းသိမ်းအစဉ်အလာတို့စေလေ့ရှိရာ
**ဝ** (၁၇:၀၀ မှ ၁၉:၀၀)
သစ်ကြားသီးနှင့်ကျန်းမာရေး
**ကချင်** (၁၉:၀၀ မှ ၂၁:၀၀)
သုတိုရိုးရာသုတိုလေ့
**ကယား** (၂၁:၀၀ မှ ၂၃:၀၀)
ထိန်းသိမ်းစိုလေရှိရာအငွေ

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၀၀** ပြည်တွင်းသတင်း (LIVE)
**၀၈:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၂:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၇:၄၅** Football Highlights
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၃၀** နိုင်ငံတကာသတင်း (LIVE)
**၂၀:၄၅** Festivals Around The World

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ 'စစ်မှုထမ်းဥပဒေ ကျင့်သုံးသေးတဲ့ နိုင်ငံများအကြောင်း'
**၁၀:၀၀** ဥပဒေရေးရာအခြေပြုဇာတ်လမ်းတို 'မှန်ကမတိုးမိုက်ကတိုး'
**၁၀:၃၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ဗိုရှိနိုင်ငံ'
**၁၀:၄၅** ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၉၁)
**၁၉:၀၀** နိုင်ငံရေးပါတီများ၏ ဟောပြောချက်များ

**MRTV FARMERS' HD**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၁၅** နိုင်ငံတော်ရွှေသီးတို့စက်မှုလယ်ယာစနစ်ကိုအားပေးစို့
**၀၇:၃၅** စီးပွားဖြစ်တစ်နိုင်တစ်ပိုင် ဒေသကြက်နှင့်ဘဲမွေးမြူအပိုင်
**၀၈:၁၅** တန်ဖိုးကွင်းဆက်ပွဲဖြိုးမှုမှသည် မြင့်မားလုပကျေးလက်လူမှုဘဝဆီ
**၁၀:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အလင်းစမ်းသူများ'

**MRTV SPORTS HD**

**၀၆:၀၀** အဖွင့်
**၀၆:၂၀** လူငယ်တို့အတွက်လမ်းပြကြယ်
**၀၆:၄၅** Sports Diary
**၀၇:၄၀** Weekly MNL Review
**၁၇:၀၀** အားကစားသတင်း
**၂၁:၀၀** FIFA MFF U19 Futsal Youth 2025 (FFU Minmahaw Vs VUC ULAD) (Replay)

Scan Here MRTV MRTV MRTV Radio MRTV Radio
Education Channel ကို နေ့စဉ် နံနက် (၉:၀၀) နာရီမှ ညနေ (၅) နာရီ (၆) ကြိမ်ပြန်လည်ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။


# ကရင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ တန်ဆောင်မုန်းလပြည့်(သာမညဖလ) အခါတော်နေ့ မသိုးသင်္ကန်းဆက်ကပ်လှူဒါန်း



**ဘားအံ နိုဝင်ဘာ ၄**

ကရင်ပြည်နယ် အစိုးရအဖွဲ့ကကြီးမှူး၍ ဘားအံမြို့၏ ကျက်သရေဆောင် သေဋ္ဌမာရ်အောင်ဘုရားကြီး၌ မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို တန်ဆောင်မုန်းလပြည့်(သာမညဖလ)အခါတော်နေ့ ယနေ့နံနက် ၅ နာရီက အဆိုပါဘုရားကြီး ဂန္ဓကုဋီတိုက်ပရိဝုဏ်အတွင်း၌ ကျင်းပသည်။

မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက သေဋ္ဌမာရ်အောင်ဘုရားကြီးအား ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆွမ်း၊ ဆီမီးတို့ကပ်လှူပူဇော်ပြီး သေဋ္ဌမာရ်အောင် ဘုရားကြီးသြဝါဒါစရိယဆရာတော် ပြည်နယ်သံဃနာယကအဖွဲ့(မူလဒွါရ) အမိတာရာမရဲကျောင်း ဆရာတော် ဘဒ္ဒန္တဂုဏလင်္ကာရထံမှ မသိုးသင်္ကန်းကပ်လှူရခြင်း၏အကျိုး သြဝါဒကထာကို နာယူကြည်ညိုကြကာ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သေဋ္ဌမာရ်အောင်ဘုရားကြီးအား မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းကြရာ သြဝါဒါစရိယ ဆရာတော်ကြီးများက ဇယေန္တောဗောဓိယာမူလေ အစချီသော အောင်ဂါထာများကို ရွတ်ဖတ်ပူဇော်ကြသည်။

ယင်းနောက် သေဋ္ဌမာရ်အောင်ဘုရားကြီး ပိဋကတ်တိုက်အတွင်း၌ ဆရာတော်ကြီးများအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါမသိုးသင်္ကန်းဆက်ကပ်လှူဒါန်းနိုင်ရေး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန၊ ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်းမှ သင်တန်းသူများက နိုဝင်ဘာ ၃ ရက် ညနေပိုင်းမှ စတင်၍ ရက်ကန်းစင်နှစ်စင်ဖြင့် မသိုးသင်္ကန်းကို ရက်လုပ်ခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၄**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားကပြည်သူ့စကား" အစီအစဉ်မှ **"ဘယ်သူတွေ ဘယ်လိုပဲ ဖျက်လိုဖျက်ဆီးလုပ်ပါစေ မလွဲမသွေအောင်မြင်အောင် လုပ်ဆောင်သွားမယ့် ပြည်သူတို့ရဲ့ ရွေးကောက်ပွဲ"** ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် နိုဝင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက် PDF အဖွဲ့ မိုင်းခွဲဖျက်ဆီးလိုက်တဲ့ ရောဝတီတံတား(ရတနာသိခ်)"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့်ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၃၀ ရက်တွင် စစ်ကိုင်းမြို့ ကံကြီးကုန်းကျေးရွာ၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၅၄ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၈၅၆၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း ကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၀၀၀၀၀၀)ကိုလည်းကောင်း၊ နိုဝင်ဘာ ၃ ရက်တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်းခြောက်မျိုး၊ လူသုံးကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၈၁၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Harrier Station Wagon တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၈၈၁၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။



အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

အောက်တိုဘာ ၃၀ ရက်နှင့် နိုဝင်ဘာ ၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၃၆၆၆၀၀၀)ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ပဲခူးမြို့ရှိ ဘုရား၊ စေတီပုထိုးများ၌ ပြည်သူများ စိတ်အေးချမ်းသာစွာဖူးမြော်



ပဲခူး နိုဝင်ဘာ ၄

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်များအနက် တစ်ရက်ဖြစ်သည့် တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့)ဖြစ်သည်နှင့်အညီ တန်ဆောင်တိုင်ပွဲတော်၊ မီးထွန်းပွဲတော်တို့ကို မြန်မာ့ယဉ်ကျေးမှုအစဉ် အလာကောင်းတစ်ရပ်အဖြစ် နှစ်စဉ်ကျင်းပကြသည်။

ပဲခူးမြို့ရှိ ဘုရား၊ စေတီပုထိုးများ၌ ဗုဒ္ဓ ဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလ ဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၌ ကထိန်လျာသင်္ကန်း ကပ်လှူခြင်း၊ ကထိန်ခင်းခြင်း၊ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ယူ ဆည်းပူးပွားများခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

သက်ဖြိုးကြိုင်(ပြန်/ဆက်)

## တန်ဆောင်မုန်းလပြည့်နေ့တွင် ဒေးဒရဲမြို့နယ်အတွင်းရှိ ဘုရား၊ စေတီများ၌ ဘုရားဖူးလာရောက်သူများဖြင့် စည်ကား

ဒေးဒရဲ နိုဝင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ကျက်သရေဆောင် ဆုတောင်းပြည့်စုံ ကျိုက်ဒေးယျုံစေတီတော်မြတ်ကြီးနှင့် ငြိမ်းချမ်းလာဘ်ရွှင် အဘယလာဘမုနိအောင်တော်မူ ရုပ်ပွားတော်မြတ်ကြီး၌ တန်ဆောင်မုန်းလပြည့် (သာမညဖလ အခါတော်နေ့)တွင် ဘုရားဖူးလာရောက်သူများဖြင့် စည်ကားလျက်ရှိသည်။

ဒေးဒရဲမြို့နယ် ကျက်သရေဆောင် ဆုတောင်းပြည့်စုံ ကျိုက်ဒေးယျုံစေတီတော်မြတ်ကြီး တည်ရှိရာ ဘုရားလမ်းတစ်လျှောက်တွင် ဈေးဆိုင်ခန်းများ၊ ကလေးကစားကွင်းများ၊ ဖျော်ဖြေရေးမဏ္ဍပ်များဖြင့် ကျင်းပပေးလျက်ရှိရာ လာရောက်သူများဖြင့် စည်ကားလျက်ရှိပြီး တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့)တွင် ဌာနဆိုင်ရာများ၊ လူမှုရေးနှင့် ဘာသာရေးအဖွဲ့များက ဝတ်ရွတ်စဉ်များ ရွတ်ပွားပူဇော်ခြင်း၊ ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင် ကပ်လှူပူဇော်ခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။



အေဇာလင်း

## သံဖြူဇရပ်မြို့နယ်ရှိ စက်စဲကမ်းခြေ၌ အပန်းဖြေရေကစားသူများဖြင့် စည်ကား



သံဖြူဇရပ် နိုဝင်ဘာ ၄

မွန်ပြည်နယ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ်ရှိ စက်စဲကမ်းခြေ၌ တန်ဆောင်မုန်းလပြည့်နေ့ နံနက်ပိုင်းမှစတင်၍ အပန်းဖြေရေကစားသူများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါစက်စဲကမ်းခြေတွင် တန်ဆောင်တိုင်ကာလ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များ၌ အနယ်နယ်အရပ်ရပ်မှ အပန်းဖြေ လာရောက်ရေကစားသူများ စိတ်အေးချမ်းမြေ့စွာ အပန်းဖြေရေကစားနိုင်ရေးကို လုံခြုံရေးများ ထားရှိပြီး ကမ်းခြေသန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်အတွင်းရှိ တာဝန်ရှိသူများနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ကမ်းခြေတစ်လျှောက် အပန်းဖြေရေကစားသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အသင်းခေါင်းဆောင် ရှာကာ၏ ချေပဂိုးဖြင့် အဲဗာတန်ကို သရေကျခဲ့သည့် ဆန်းဒါးလန်း

ပရီမီယာလိဂ်ပွဲစဉ် (၁၀) ပွဲကျန်မှ ဆန်းဒါးလန်းနှင့် အဲဗာတန်အသင်းပွဲစဉ်ကို နိုဝင်ဘာ ၄ ရက် နံနက် ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ ဆန်းဒါးလန်းအသင်းက ခြေစွမ်းအသာဖြင့် ကစားနိုင်ခဲ့သော်လည်း တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့် အဆုံးသတ်ခဲ့သည်။

အဲဗာတန်အသင်းသည် နိုင်ပွဲပျောက်ဆုံးမှုကို ရပ်တန့်နိုင်ရေး ဆန်းဒါးလန်းအသင်းကို အကောင်းဆုံး တုံ့ပြန်ကစားနိုင်ခဲ့သော်လည်း အသင်းခေါင်းဆောင် ဂရာနစ် ရှာကာ၏ ချေပဂိုးကြောင့် သရေကျခဲ့ပြီး နိုင်ပွဲနှင့် ဆက်လက်ဝေးကွာခဲ့ရသည်။ ပွဲကစားချိန် ၁၅ မိနစ်တွင် တောင်ပံတိုက်စစ်ကစားသမား အီလီမန် အန်ဒီယေးက အဲဗာတန်အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူပေးခဲ့သည်။ ဦးဆောင်ဂိုး ခွင့်ပြုပေးလိုက်ပြီးနောက် ပြိုင်ဘက်ဆန်းဒါးလန်းအသင်းက ချေပဂိုးရရှိရေး ကြိုးပမ်းလာခဲ့ရာ ဒုတိယပိုင်း ပြန်လည်စတင်ပြီး မကြာမီတွင်ရရှိခဲ့ပြီး အသင်းခေါင်းဆောင် ဂရာနစ်ရှာကာက အန်ဇိုလီဖီး၏ ဖန်တီးမှုမှ သွင်းယူပေးခဲ့သည်။




ထို့နောက် နှစ်သင်းစလုံး လူစားပြောင်းလဲမှုများပြုလုပ်ကာ သွင်းဂိုးရရှိရေး ကြိုးပမ်းလာသော်လည်း ပွဲကစားချိန်ပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် သရေရလဒ်ဖြင့် အဆုံးသတ်ခဲ့ခြင်းဖြစ်သည်။

ဆန်းဒါးလန်းအသင်းသည် ယခုပွဲစဉ် သရေကျခဲ့သည့်အတွက် ပရီမီယာလိဂ် ၁၀ ပွဲကစားပြီး ငါးပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ဖြင့် အဆင့်(၄)တွင် ရပ်တည်နေပြီး ပြိုင်ဘက် အဲဗာတန်အသင်းက သုံးပွဲနိုင်၊ သုံးပွဲ သရေ၊ လေးပွဲရှုံးရလဒ်ဖြင့် အဆင့်(၁၄) တွင် ရပ်တည်နေသည်။

အောင်ဇော်


### သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
### နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
### ၂၀၂၅ -၂၀၂၆ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း၊ ပူတာအို၊ လှိုင်ကော်၊ ဘားအံ၊ ဟားခါး၊ တီးတိန်၊ မော်လမြိုင်၊ တောင်ကြီး၊ အင်းစိန်၊ ရွှေပြည်သာ၊ သန်လျင်၊ ကျောက်ပန်းတောင်း၊ ကျောက်ဆည်၊ ပြင်ဦးလွင်၊ မြင်းခြံ၊ မိတ္ထီလာ၊ ရမည်းသင်း၊ ကန့်ဘလူ၊ ခန္တီး၊ ချောက်၊ ရေနံချောင်း၊ သရက်၊ မကွေး၊ လက်ပံတန်း၊ တောင်ငူ၊ ပဲခူး၊ ဝါးခယ်မ၊ လပွတ္တာ၊ ကျိုက်လတ်၊ ထားဝယ်၊ နေပြည်တော်နှင့် ဂျပန်-မြန်မာအောင်ဆန်းသက် မွေးပညာသင်တန်းကျောင်း (Japan – Myanmar Aung San Vocational Training Institute) စုစုပေါင်း (၃၂)ကျောင်းတို့တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်သင်တန်းသား များကို ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) နည်းပညာနှင့် သက်မွေးပညာလုပ်ငန်းသဘာဝအရ ကျန်းမာရေး ကောင်းမွန်သူဖြစ်ပြီး လက်တွေ့ လုပ်ငန်းနှင့် စက်ရုံ/ ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ ဘာသာတွဲများ ပါဝင်သော မည်သည့် ဘာသာတွဲများဖြင့် အောင်မြင်သည်ဖြစ်စေ လျှောက်ထားနိုင်သည်။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင်ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့် သင်္ချာ စုစုပေါင်း ရမှတ်အပေါ် မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

၃။ အစိုးရစက်မှုလက်မှုသိပ္ပံများအလိုက် ဖွင့်လှစ်သင်ကြားပေးမည့် သင်တန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မြို့ပြအင်ဂျင်နီယာ (အပိုဒ်(၁)ပါ ကျောင်းပေါင်း(၃၁)၊ ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ)

(ခ) အီလက်ထရောနစ်အင်ဂျင်နီယာ (အပိုဒ်(၁)ပါ ကျောင်းပေါင်း(၂၂)၊ ပူတာအို၊ ဘားအံ၊ တီးတိန်၊ တောင်ကြီး၊ သန်လျင်၊ မိတ္ထီလာ၊ ရမည်းသင်း၊ ပဲခူး၊ ထားဝယ်နှင့် ဂျပန်-မြန်မာအောင်ဆန်း သက်မွေးပညာသင်တန်းကျောင်းမပါဝင်ပါ)

(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ(အပိုဒ်(၁)ပါကျောင်းပေါင်း(၃၁)၊ ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ)

(ဃ) စက်မှုအင်ဂျင်နီယာ (အပိုဒ်(၁)ပါ ကျောင်းပေါင်း(၃၁)၊ ဂျပန်-မြန်မာအောင်ဆန်း သက်မွေးပညာ သင်တန်းကျောင်း မပါဝင်ပါ)

(င) သုတနည်းပညာ (အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း၊ မြင်းခြံ၊ ကျောက်ဆည်၊ ပြင်ဦးလွင်၊ မကွေး၊ အင်းစိန်၊ နေပြည်တော်၊ ကန့်ဘလူ၊ မော်လမြိုင်))

(စ) စက်မှုလုပ်ငန်းအင်ဂျင်နီယာ (အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်၊ ပြင်ဦးလွင်))

(ဆ) စက်မှုလယ်ယာနည်းပညာ (အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်၊ ဝါးခယ်မ၊ ကျိုက်လတ်))

(ဇ) မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းမှုနည်းပညာ (အစိုးရစက်မှုလက်မှုသိပ္ပံ(ပြင်ဦးလွင်၊ ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း))

(ဈ) စက်မှုလုပ်ငန်းဆိုင်ရာလျှပ်စစ်အင်ဂျင်နီယာ(ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်း ကျောင်း)

၄။ သင်တန်းကာလမှာ(၃)နှစ်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက ဒီပလိုမာလက်မှတ်ပေးအပ်မည်ဖြစ်သည်။ A.G.T.I (၃)နှစ်သင်တန်းများတွင် သတ်မှတ်အရည်အချင်းပြည့်မီပါက B.Tech နှင့် BE သင်တန်းများသို့ ပေါင်းကူးတက်ရောက်နိုင်ရေး လျှောက်ထားနိုင်သည်။

၅။ ဝင်ခွင့်လျှောက်လွှာများကို အစိုးရစက်မှုလက်မှုသိပ္ပံများ၌ ၁-၁၁-၂၀၂၅ ရက်တွင် စတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို ၂၀-၁၁-၂၀၂၅ ရက် နောက်ဆုံးထား၍ မိမိတို့ တက်ရောက်လိုသည့် ကျောင်းသို့ ပြန်လည်တင်သွင်းရမည်။

၆။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်-

(က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ထောက်ခံစာမူရင်း။

(ဂ) သက်ဆိုင်ရာမှ တရားဝင်ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့် အမှတ် စာရင်း (မူရင်း)။

(ဃ) လျှောက်ထားသူ၏ အမည်ပါရှိသော အိမ်ထောင်စုစာရင်းဇယား(မိတ္တူ)။

(င) ကျောင်းသား၊ ကျောင်းသူများ နေထိုင်ရာဒေသ သက်ဆိုင်ရာ နယ်မြေရဲစခန်း၏ ပြစ်မှု ကင်းရှင်းကြောင်း ထောက်ခံစာမူရင်း။

(စ) ပတ်စပို့အရွယ်ရောင်စုံဓာတ်ပုံ (၃)ပုံ။

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အပိုဒ်(၁)ပါ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းများသို့ ဆက်သွယ်မေးမြန်းနိုင်သည်။

နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန



### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကန်ထရိုက်တိုက်ရငွေများဖြင့် ခရိုင်(၁၄) ခရိုင်အတွင်းရှိ မြို့နယ်များအတွက် လိုအပ်သော 11-6.6/0.4 kV, 200kVA Transfomer (35) Nos အား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံများနှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၅.၁၁.၂၀၂၅)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၁၉.၁၁.၂၀၂၅) နေ့၊ (၁၄:၀၀) နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဌာနသို့ ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ


**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ။**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 39W/73524, Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောလှမြင့် ရွှေ ၃/ကကရ(နိုင်) ၀၄၃၀၀၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ကော့ကရိတ်)

လမ်းမီးများကို အလင်းရောင်ရှိသော အချိန်များ၌ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။ အလင်းရောင်အားနည်းလာသည့် အချိန်တွင် လမ်းမီးများကို အလိုအလျောက်ဖွင့်စေပြီး အလင်းရောင်ပေါ်ထွက်လာပါက အလိုအလျောက်ပိတ်စေသည့် စနစ်ကို တပ်ဆင်ပါ။

## မြန်မာလိုင်စင်ရကန်ထရိုက်တာများ အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် သတ္တမအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ဖိတ်ကြားခြင်း

မြန်မာလိုင်စင်ရ ကန်ထရိုက်တာများ အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (M.L.C.P) **"အစုရှယ်ယာရှင်များ၏ သတ္တမအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေး"** ကို ၃၀-၁၁-၂၀၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များတက်ရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့် အချိန်နှင့်နေရာ၊ အသေးစိတ်အစီအစဉ်များကို ထပ်မံအသိပေး ကြေညာပေးသွားမည်ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့

**Myanmar Licensed Contractors Public Co., Ltd.**
**လိပ်စာ**-အမှတ်(၄၂၀)၊ ဒုတိယထပ်၊ ကုန်သည်လမ်း(၄၅ လမ်းထိပ်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
**ဖုန်း** - ၀၉ ၄၂၆၇၇၆၆၄၆၊ ၀၉ ၄၂၆၉၉၉၉၇၂
**e-mail**: mlcpcompany.ygn@gmail.com

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်၊ ဖလမ်းတိုးချဲ့ကွက်သစ်၊ မြေကွက်အမှတ်(၂၀၇)၊ မြေအကျယ်အဝန်း (အလျား၄၀xအနံ ၆၀ပေ)ပါပစ်မြေအမျိုးအစား အိမ်ခြံမြေအပါအဝင် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချသူ ဒေါ်မာလာသိန်း ၁၂/ပဇတ(နိုင်)၀၀၈၅၁၀ မှ အပြည့်အဝပိုင်ဆိုင်ပြီး ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စုမော်၁၂/သကတ(နိုင်)၁၄၈၄၀၄ မှ ဝယ်ယူရန်အလို့ငှာ (၃-၁၁-၂၀၂၅) ရက်တွင် စရန်ငွေပေးအပ်ထားခဲ့ပြီး ဖြစ်ပါသည်။ ယင်းအိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲမင်းထွဋ် LL.B. Diploma in Business Law**
**(တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၄၇၅)၊ ဗမ္ဗူသီရိ(၃)လမ်းအရှေ့၊ ၆/အနောက်ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း - ၀၉- ၇၉၉၆၁၁၃၀၀**

## အထူးစိန်တလုံးသရက်ခြံမြေကွက် အထောက်အထားပျောက်ဆုံးခြင်း

ဦးသက်ဦး ၁၃/လရန(နိုင်)၀၃၀၈၃၉ အမည်ပေါက် ပိုင်ဆိုင်သော အမြန်လမ်း ၂၂၃/၁ မိုင်၊ ခြံကွက်(၁၈) အကျယ် ၁၉ ဒသမ ၅ဧကမှတ် စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဦးသက်ဦး**
**ဖုန်း-၀၉-၈၈၂၃၄၅၈၄၆**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပျဉ်းမနားမြို့နယ်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၀

ဦးတင်မျိုးနိုင်ဦး **နှင့်** ဒေါ်ဝိုင်းမီမီ
**(တရားလို)** **(တရားပြိုင်)**

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရန်အောင်(၂)ရပ်ကွက်၊ တောင်သစ် ထုတ်လုပ်ရေးနေသူ ဒေါ်ဝိုင်းမီမီ(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သည့် ဦးတင်မျိုးနိုင်ဦးက "လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးခွန်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၅ရက် (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူသည် တရားလို၏စွဲဆိုချက်ကို ထုချေ၍ရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်၏မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုတင်ပြလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နှင်းသီတာထက်)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**ပျဉ်းမနားမြို့နယ်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန
## ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
## ရုံးအမှတ်(၃၅)၊ နေပြည်တော်
## ဘွဲ့လွန်အသုံးချ ရှေးဟောင်းသုတေသနပညာ ဒီပလိုမာသင်တန်း
## သင်တန်းသားများခေါ်ယူခြင်း

